မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၆၂)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၂၄ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မကြာမီ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် မြန်မာ-တရုတ်-အိန္ဒိယနိုင်ငံတို့မှ ချမှတ်ခဲ့သည့်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် နှစ်(၆၀)ပြည့်အခမ်းအနားသို့လည်း တစ်ဆက်တည်း တက်ရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

နိုင်ငံတကာနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ တပ်မတော်နေ့သတ်မှတ်ကျင်းပမှုအနှစ်သာရ ပြည့်ဝပေါ်လွင်

နေပြည်တော် ဇွန် ၂၃

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ မတ် ၂၇ ရက်နေ့ကို တပ်မတော်နေ့ဟု သတ်မှတ်ထားခြင်းအား တော်လှန်ရေးနေ့ဟု ပြန်လည်သတ်မှတ်ပေးရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ၁၉၄၅ ခုနှစ်တွင် ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့တပ်မတော်က တိုင်းရင်းသားပြည်သူလူထုကို ဦးဆောင်လက်တွဲပြီး တွန်းလှန်တိုက်ခိုက်မှုစတင်ခဲ့သော မတ် ၂၇ ရက်ကို တပ်မတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုများတွင် အထင်ကရနေ့အဖြစ် သတ်မှတ်ကာ တပ်မတော်အားဂုဏ်ပြုသည့်အနေဖြင့် ၁၉၄၆ ခုနှစ်မှစ၍ ၁၉၅၃ ခုနှစ်အထိ နှစ်စဉ်မတ် ၂၇ ရက်ကို တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် တော်လှန်ရေးနေ့အဖြစ် ကျင်းပခဲ့ပါကြောင်း။

၁၉၅၄ ခုနှစ် မတ် ၂၇ ရက်မှစ၍ တော်လှန်ရေးစစ်ထွက်ဟန်ပုံဖော်သော အခမ်းအနားကြီးအဖြစ် ကျိုက္ကစံကွင်း တာမွေမြို့နယ်မှ မင်္ဂလာဒုံခရေပင်လမ်းခွဲ တိုင်းအားကစားကွင်းအထိ *စာမျက်နှာ ၇ ကော်လံ ၁* ✻

အမျိုးသားလွှတ်တော်အစည်းအဝေး

မြေဆီလွှာဓာတ်ခွဲသေတ္တာများကို တောင်သူများ တစ်ပိုင်တစ်နိုင်ဝယ်ယူအသုံးပြုနိုင်ရန် ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၃

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးညဏ်လင်း၏ **"မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် အမျိုးသားတက္ကသိုလ်ခုနစ်ခုတည်ထောင်ဖွင့်လှစ်သွားမည့် အခြေအနေကိုသိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က နိုင်ငံတော်မှဖွင့်လှစ်ထားရှိသည့် တက္ကသိုလ် ၁၆၉ ခုအား နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များဖြစ်စေရေးအတွက် ပေါ်ထွန်းလာမည့် အမျိုးသားပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေတို့တွင်ပါရှိသည့် မူဝါဒ လုပ်ငန်းစဉ်ပြဋ္ဌာန်းချက်များနှင့်အညီ တက္ကသိုလ်များပေါင်းစည်းခြင်း၊ သီးခြားရပ်တည်ခြင်း၊ လွတ်လပ်စွာစီမံခန့်ခွဲနိုင်သည့် တက္ကသိုလ်များအဖြစ်ရပ်တည်ခြင်း စသည့်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိပြီးအဆင့်အသီးသီး နယ်ပယ်အသီးသီး၌ လိုအပ်သည့်အရည်အသွေးမြင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ ■

မိမိတပ်ဖွဲ့ဝင်များကိုပစ်သတ်ခဲ့သည့် တောင်ကိုရီးယားတပ်ကြပ်ကြီးကို ဖမ်းဆီးလိုက်ပြီ

စာမျက်နှာ-၄

မိုးညှင်း နန့်ရင်းချောင်း ရေညစ်ညမ်းမှုကင်းစေရေး လိုအပ်နေ

စာမျက်နှာ-၁၀

ဒိုလေးတို့ပေါ်တူဂီ နောက်တစ်ဆင့်တက်ဖို့ခက်ပြီ

စာမျက်နှာ-၁၄

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မီတာ ၂၀၀ တာဝါသည် မြန်မာနိုင်ငံရုပ်သံလွှင့်လုပ်ငန်းအတွက် အကြီးမားဆုံးဖြစ် ရုပ်သံမကြည်လင်သည့်ဒေသများ ကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်တော့မည်

နေပြည်တော် ဇွန် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြည်သူ့ဗဟိုပြုမီဒီယာလုပ်ငန်း ဖွံ့ဖြိုးစေရန်၊ ပုဂ္ဂလိက (Broadcaster) များ ပေါ်ထွက်လာစေရန်၊ (Digital) စနစ်သို့ကူးပြောင်းပြီး တစ်နေရာတည်းမှ Channel လိုင်းပေါင်းများစွာ ပူးပေါင်းထုတ်လွှင့်နိုင်ရန် ရည်ရွယ်၍ (200 Meter Tower) ကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း ၂၀၁၂ ခုနှစ်က စတင်တည်ဆောက်ခဲ့သည်။

ယခင် ၁၉၇၉-၁၉၈၀ ခုနှစ် ရုပ်မြင်သံကြား စတင်ထုတ်လွှင့်စဉ်က (100 Meter Tower) ကို သုံးစွဲခဲ့ပြီး Analogue TV Antenna များ (MRTV၊ MRTV-4၊ Channel-7)၊ Digital TV Antenna များ၊ (MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ)၊ (Microwave Antenna) များ၊ Receiver များ၊ FM Antenna များကိုတပ်ဆင်ထားပြီး ထပ်မံတိုးချဲ့တပ်ဆင်ရန်အတွက် နေရာနှင့် Loading ခံနိုင်ရည်စွမ်း မရှိတော့သဖြင့်လည်းကောင်း၊ ထို့အပြင် ရန်ကုန်မြို့၌ အထပ်မြင့်အဆောက်အအုံများ ပိုမိုများပြားလာသဖြင့် ရုပ်သံလိုင်းများ ဖမ်းယူရရှိမှုတွင် အခက်အခဲများရှိလာနိုင်သဖြင့် လည်းကောင်း၊ မီတာ ၂၀၀ တာဝါကို တည်ဆောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၅ ✺

ပြည်သူ့ဗဟိုပြုမီဒီယာလုပ်ငန်း ဖွံ့ဖြိုးစေရန်မြန်မာ့ရုပ်မြင်သံကြားမှ ပြည်သူ့ဝန်ဆောင်မှုအနေဖြင့် နိုင်ငံတစ်ဝန်းဒေသများအတွင်း ထပ်ဆင့်ထုတ်လွှင့်ရန် တပ်ဆင်ထားသည့် တာဝါတိုင်။ ဓာတ်ပုံ-မင်းထက်

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာ့မြေမှ ကမ္ဘာ့အမွေမြို့တော်များ

မည်သည့်လူမျိုးမဆို ကိုယ်ပိုင်ယဉ်ကျေးမှုများ ရှိကြပါသည်။ ထိုယဉ်ကျေးမှုများကို နှောင်းလူတို့က အစဉ်အဆက်ထိန်းသိမ်းလာခဲ့ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ် ဖြစ်လာရပါသည်။ ယဉ်ကျေးမှုသည် နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်ဒြပ်ပင်ဖြစ်ပါသည်။ ယဉ်ကျေးမှုဟူသည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူမျိုးတို့၏ ဓလေ့ထုံးတမ်းများ၊ စာပေများနှင့် ဗိသုကာလက်ရာများ၊ ရှေးဟောင်းအဆောက်အအုံများ စသည်တို့ ပါဝင်လျက်ရှိပါသည်။ ဤသည်တို့ကို စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ယဉ်ကျေးမှုထွန်းကားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုထွန်းကားသောနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာကို သက်သေပြနိုင်ခဲ့ပြီဖြစ်ပါသည်။ အကြောင်းသည်ကား ကာတာနိုင်ငံ ဒိုဟာမြို့၌ ဇွန် ၂၂ ရက်တွင်ကျင်းပသော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးက မြန်မာနိုင်ငံ၏ ပျူရှေးဟောင်းမြို့သုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်လိုက်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

မှန်ပါသည်။ ပျူရှေးဟောင်းမြို့များဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့်သရေခေတ္တရာမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်မြို့များအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ပါသည်။ ဤကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရမှုသည် မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ်ကမ္ဘာ့အဆင့်သတ်မှတ်ခံရမှုဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားစွာ တည်ရှိမှုကို ကမ္ဘာက လက်ခံပြီး ထိန်းသိမ်းစောင့်ရှောက်မှုကို ကမ္ဘာ့အဆင့်သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ် အောက်တိုဘာ ၄ ရက်က ပျူမြို့ဟောင်းသုံးမြို့၊ မြောက်ဦး၊ ပြဒါးလင်းဂူ၊ အင်းလေးကန်၊ မင်းကွန်းဒေသ၊ မန္တလေး၊ အင်းဝ၊ ဟံသာဝတီဟူသည့် ရှေးဟောင်းဒေသ ရှစ်ခုအား အဆိုပြုအမွေအနှစ်အဖြစ် တင်သွင်းခဲ့ရာမှ ဤပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ပျူမြို့ဟောင်းသုံးမြို့သည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကျော်က စတင်ဖွံ့ဖြိုးခဲ့သည့် မြန်မာနိုင်ငံ၏ အစောဆုံးမြို့များ ဖြစ်ပါသည်။

ယူနက်စကို၏ထုတ်ပြန်ချက်အရ ဤမြို့ဟောင်းသုံးမြို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်မှ စတင်၍ အရှေ့တောင်အာရှဒေသအတွင်း ဗုဒ္ဓဘာသာပျံ့နှံ့ခဲ့သည်ကို သက်သေပြနိုင်သည့်အပြင် ယင်းမြို့ဟောင်းများသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် အဆင့်မြင့်မြို့တော်များဖြစ်ခဲ့သည်ဟု ဖော်ပြထားပါသည်။ ထိုခေတ်ထိုအချိန်က ဤမြို့တော်များ၌ ဆန်းသစ်သောနည်းပညာများဖြစ်သည့် အရင်းအမြစ်စီမံခန့်ခွဲမှု၊ အရည်ဖိအားသုံးအတတ်ပညာ၊ စိုက်ပျိုးရေး ပညာ၊ အုတ်ဖုတ်ပညာနှင့် ပန်းပဲဆိုင်ရာ အတတ်ပညာ၊ မြို့ပြစီမံကိန်းနှင့်အဆောက်အအုံများ ဆောက်လုပ်ခြင်း အတတ်ပညာများ ရှင်သန်ထွန်းကားခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ဤရှေးဟောင်းမြို့များသည် မြန်မာနိုင်ငံတွင် အဆင့်မြင့် ယဉ်ကျေးမှုထွန်းကားခဲ့ကြောင်း သက်သေပြနိုင်ခဲ့ပြီဖြစ်၍ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ဂုဏ်ယူစရာပင်ဖြစ်ပါသည်။ ယနေ့ခေတ်လူငယ်များ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းများ ပိုမိုအလေးထားတတ်လာစေရန် မီးမောင်းထိုးပြလိုက်ခြင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ်များကို ယခုထက်ပိုမိုထိန်းသိမ်းစောင့်ရှောက်သွားသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မူလတန်းကျောင်းသား ကျောင်းသူများအား UHT နို့များတိုက်ကျွေး

နေပြည်တော် ဇွန် ၂၃

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဇွန် ၁၈ ရက် နံနက် ၁၀ နာရီတွင် ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး မူလတန်းအရွယ်မှစတင်၍ နွားနို့နေ့စဉ်သောက်သုံးခြင်းဖြင့် ဉာဏ်ရည်ပြည့်ဝပြီး အနာဂတ် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အားထားရမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း ပြောကြားကာ မူလတန်းကျောင်းသားကျောင်းသူများအား နှုတ်ဆက်အားပေး၍ UHT နို့များ တိုက်ကျွေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် စည်ပင်သာယာကျေးရွာရှိ အမှတ်(၁၄) အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ သွားရောက်ပြီး မူလတန်းကျောင်းသား ကျောင်းသူများအား UHT နို့များ တိုက်ကျွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပလက်ဖောင်းပေါ်မှ တောတန်းလေးအလား ထင်မှားရသည့် စွန့်ပစ်သစ်ကိုင်းသစ်ခက်များ

Lion City မှအထွက် ကမာရွတ်မြို့နယ်အတွင်း ဘုရင့်နောင်လမ်းမကြီး တစ်လျှောက် လူသွားလမ်းပလက်ဖောင်းပေါ်တွင် စိမ်းစိုနေသော တောတန်းလေးတစ်ခုပမာ ဖြစ်ပေါ်နေသည်ကို အံ့အားသင့်ဖွယ်တွေ့မြင်လိုက်ရသည်။ လူသွားရန် ပလက်ဖောင်းဖြစ်သော်လည်း ခြေတစ်ဖဝါးစာမျှပင်ချရန်နေရာမရှိ၊ သစ်ခက်၊ သစ်ရွက်အကျိုးအပြတ်များက ပြည့်နေသည်။

လမ်းသွား ခရီးသည်များက ပလက်ဖောင်းဘေးကားလမ်းပေါ်မှ ဆင်း၍ လမ်းလျှောက်နေကြသည့် မြင်ကွင်းဖြစ်သည်။ လမ်းက အလွန်ကောင်းသည့်အတွက် ကားမျိုးစုံတို့က အရှိန်ဖြင့်မောင်းနှင်နေကြသည်။

လာသည့်ကားကို မျက်နှာပြု၍ လျှောက်နေရသူတို့အတွက် ယာဉ်အန္တရာယ်ကို အရှောင်အတိမ်းရှိနိုင်ကောင်းသော်လည်း ကျောပေး၍ လျှောက်လှမ်းနေရသူတို့ အတွက် အလွန်မှပင် ကျောချမ်းစရာအန္တရာယ်များလှပေသည်။

ဇွန် ၂၁ ရက်က မြို့နယ်လျှပ်စစ်ဌာနမှ မိုးရာသီလျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လာရောက်ခုတ်ခြင်းဖြစ်ကြောင်း၊ ယခင်တစ်ပတ်ခန့်ကလည်း ယခုကဲ့သို့ပင် ကိုင်းဖျားကိုင်းနားများ လာရောက်ခုတ်သော်လည်း ယနေ့တိုင် သယ်ယူသွားခြင်းမရှိသေးကြောင်း ကုမ္ပဏီတစ်ခုမှ အစောင့်တစ်ဦးက ပြောပြသည်။

ဤကဲ့သို့ လျှပ်စစ်ဌာနက အန္တရာယ်အတွက်ကြိုတင်၍ သစ်ပင်များခုတ်ခြင်းဖြင့် ကျန်ခဲ့သော သစ်ပင်အမှိုက်များကို ခုတ်သည့်ဌာနကပင် အပြီးသိမ်းမည်လား သို့မဟုတ် မြို့နယ်စည်ပင်ကပင် လာရောက်သိမ်းဆည်းပေးမည်လား မသိဖြစ်နေကြပါသည်။

အမှန်တကယ်ဆိုရပါမူ ခုတ်သည့်ဌာနက လက်စသတ်သိမ်းရမည်ဟု မြို့နယ်စည်ပင်အရာရှိတစ်ဦးထံမှသိရသည်။ မိမိဌာနအနေဖြင့် မသိမ်းဆည်းနိုင်ပါက စည်ပင်နှင့်ညှိနှိုင်း၍ ဆောင်ရွက်ရမည်ဟု ဆိုသည်။

မည်သည့်ဌာနကပင် ရှင်းရှင်းသိမ်းသိမ်း ဤနေရာသည် နေ့စဉ်နှင့်အမျှ လမ်းသွားခရီးသည်များ လျှောက်လှမ်းနေရသော ပလက်ဖောင်းဖြစ်သည့်အတွက် အမြန်ဆုံးရှင်းလင်းပေးနိုင်မည့်အရေး ထင်သာမြင်သာကဏ္ဍမှ တင်ပြလိုက်ရပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



ထင်သာမြင်သာပြုပြင်စရာ

ပြွန်တန်ဆာမြို့၌ လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်

ညောင်လေးပင် ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ ရွှေဇာမြေလူမှုကူညီရေးအသင်း၏ (၅)နှစ်ပြည့်အထိမ်းအမှတ်အောင်ပွဲနှင့်လူနာတင်ယာဉ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၈ နာရီက ပြွန်တန်ဆာမြို့သစ်ရှိ ဇမ္ဗူအေးတောရ(အင်းဝိုင်း)ကျောင်းတိုက်၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ ဦးဆောင်အလှူရှင် ဇမ္ဗူအေးတောရ(အင်းဝိုင်း)ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယနှင့်အလှူရှင်များ စုပေါင်းလှူဒါန်းသော ငွေကျပ်သိန်း ၁၈၀ ကျော် တန်ဖိုးရှိ TOYOTAHIACE TRH 200-IG/2547- AMBULANCE လူနာတင်ယာဉ်ကို ဒေသခံပြည်သူများ ကျန်းမာရေးကိစ္စများတွင် အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ပရဟိတလုပ်ငန်းများကို ကိုယ်ကျိုးမဖက် စေတနာထားကာ အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိသော ရွှေဇာမြေလူမှုကူညီရေးအသင်းကြီးသို့ လွှဲပြောင်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးသက်နိုင်၊ အတွင်းရေးမှူး ဦးကျော်မျိုးထိုက်နှင့် တာဝန်ရှိသူများက လက်ခံယူသည်။

နေလင်း

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တော သစ်ပင်တွေ ထိန်းသိမ်းစို့

ပြည်တွင်းသတင်း

AIPA နှင့် မြန်မာနိုင်ငံလွှတ်တော်များအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် AIPA အထွေထွေအတွင်းရေးမှူးချုပ် H.E.Mr.Periowsamy Otharam အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ပူးပေါင်းဆောင်ရွက်

တွေ့ဆုံစဉ် AIPA နှင့် မြန်မာနိုင်ငံလွှတ်တော်များအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

(၆၇)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၂၃

(၆၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကော်မတီဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးဝန်ကြီးများ၊ အခမ်းအနားကျင်းပရေးဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က **(ဝဲပုံ)** (၆၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်သည့်ဌာနများအနေဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးနှင့် လွတ်လပ်ရေးအတွက် အသက်စွန့်လှူခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား လေးစားဂုဏ်ပြုသည့် အခမ်းအနားဖြစ်၍ မိမိကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး(ရန်ကုန်မြို့တော်ဝန်) ကိုယ်စား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုးက (၆၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပမည့်အစီအစဉ်များ၊ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့ ပြုပြင်ပြင်ဆင်ထားရှိမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေး ဆပ်ကော်မတီ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ပြသရေး ဆပ်ကော်မတီ၊ လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနား စီစဉ်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီများက (၆၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူ

နေပြည်တော် ဇွန် ၂၃

၂၀၁၅ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၌ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများ၊ သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံသင်တန်းများ၊ သူနာပြုမဟာသိပ္ပံသင်တန်းများ၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်းများ၊ ဆေးဝါးမဟာသိပ္ပံသင်တန်း၊ ဆေးပညာပါရဂူဘွဲ့သင်တန်းများ၊ ဆေးဝါးသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့သင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း၊ လျှောက်လွှာများကို ဩဂုတ် ၁၅ ရက်နောက်ဆုံး ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မွန်ပြည်နယ်တရားလွှတ်တော် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၃

မွန်ပြည်နယ်တရားလွှတ်တော် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ရှိ ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အမှာစကား ပြောကြားခဲ့သည်။

သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၅ ဦး တက်ရောက်ကြပြီး ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှုဝန်ကြီးဌာန အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)မှ အသုံးပြုခြင်းမရှိသေးသည့် မြေ ၄၀ ဒသမ ၅၀ ဧကအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်ပေးအပ်

နေပြည်တော် ဇွန် ၂၃

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်)၏ စက်ရုံမြေဖြစ်သော ရွှေတောင်မြို့နယ် ဆည်ကြီးကုန်းကျေးရွာအုပ်စုနှင့် နွားမယံကျေးရွာအုပ်စုအတွင်းမှ စက်ရုံအနေဖြင့် အသုံးပြုရန်မရှိသော မြေလွတ်ဧရိယာ ၄၀ ဒသမ ၅၀ ဧကအား စက်မှုဝန်ကြီးဌာနကိုယ်စား အထည်အလိပ်လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး ဦးဆောင်သော လွှဲပြောင်းပေးရေးအဖွဲ့က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း ဦးဆောင်သော မြေလွှဲပြောင်းလက်ခံရေးအဖွဲ့ထံသို့ ဇွန် ၁၅ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ပြန်လည်အပ်နှံလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)တွင် ယဉ်ကျေးမှုဟောပြော

ရန်ကုန် ဇွန် ၂၃

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)၌ ဇွန် ၁၉ ရက်က ယဉ်ကျေးမှုဟောပြောပွဲကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်က **"မြန်မာ့ယဉ်ကျေးမှု၊ မြန်မာအမျိုးသမီးများနှင့် ဝတ်စားဆင်ယင်မှုမျက်နှာစာ"**၊ ပညာရေးအဖွဲ့ခွဲခေါင်းဆောင် စိတ်ပညာပါမောက္ခ ဒေါ်သက်ထားဝင်းက **"ဆယ်ကျော်သက်အရွယ်အကြောင်း သိကောင်းစရာ"** တို့ကို စိတ်ဝင်စားဖွယ် အကြောင်းအရာအချက်အလက်များဖြင့် တင်ပြဟောပြောခဲ့ကြသည်။

ဟောပြောပွဲ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုး၊ ဆရာမများနှင့် ပထမနှစ်ကျောင်းသူ ၄၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန
အမှတ်(၂)အခြေခံပညာဦးစီးဌာန
နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံး
နေပြည်တော်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ(အဖွဲ့ အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၆-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၇-၂၀၁၄ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုစီအလိုက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုသောအချက်များကို နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံး၊ နေပြည်တော်(ပျဉ်းမနား) ဖုန်း-၀၆၇-၂၅၅၆၃၊ ၀၆၇-၂၅၅၆၄၊ ၀၉-၄၀၂၅၁၃၅၄၉၊ ၀၉-၄၉၂၂၁၄၀၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

အထူးကျေးဇူးတင်ရှိပါကြောင်း

ဖေဖေ ဦးနေဇော်မြင့်-မေမေ ဒေါ်ချောစုခိုင်တို့၏ ဒုတိယမြောက်သမီးရတနာလေးအား ၂၀-၆-၂၀၁၄ရက် (သောကြာနေ့)တွင် အောင်မြင်စွာ မွေးဖွားပေးခဲ့သည့် သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးတင်မောင်အေး၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးကျော်ဇင်ဝေ၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဒေါ်သစ်သစ်ဝင်း၊ ဝိတိုရိယဆေးရုံမှ CEO ဒေါ်အေးအေးစန်းနှင့်တကွ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများအားလုံးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားနှင့်
ဖေဖေ ဦးနေဇော်မြင့်-မေမေ ဒေါ်ချောစုခိုင်

နိုင်ငံတကာသတင်း

ဆီးရီးယားစစ်စခန်းများကို ပစ်မှတ်ထားပြီး အစ္စရေးတိုက်ခိုက်

တဲလ်အဗစ် ဇွန် ၂၃

ဆီးရီးယားကို ပစ်မှတ်ထားပြီး လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်းအစ္စရေးတို့က ပြောကြားသည်။ တနင်္ဂနွေနေ့က နှစ်နိုင်ငံနယ်ကြား သိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်ဒေသတွင် တိုက်ခိုက်မှုကြောင့် ၁၅ နှစ်အရွယ် ယောက်ျားလေးတစ်ဦး သေဆုံးခဲ့သည်ကို လက်တုံ့ပြန်သည့် အနေဖြင့် လေကြောင်းမှ ကိုးကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်တပ်က ပြောသည်။

အဆိုပါ ယောက်ျားလေး၏ ဖခင်နှင့် အစ္စရေးကာကွယ်ရေး ကန်ထရိုက်တာတစ်ဦးတို့လည်း ကျည်ထိမှန်ပြီး ဒဏ်ရာရရှိသွားသည်ဟုဆိုသည်။ ၎င်းယောက်ျားလေး သေဆုံးမှုသည် ၂၀၁၁ ခုနှစ် ဆီးရီးယား ပဋိပက္ခ စတင်ပြီးကတည်းက စိုးရိမ်ဖွယ်ရာ တိုက်ခိုက်မှုဖြစ်ကြောင်း အစ္စရေးတို့က ပြောသည်။ ယင်းတိုက်ခိုက်မှု နောက်ကွယ်တွင် ဆီးရီးယားသူပုန် သို့မဟုတ် အစိုးရတပ်များ ရှိ၊ မရှိ ရှင်းရှင်းလင်းလင်း မသိရသေးဟု ဆိုသည်။

အာရပ်အစ္စရေး ဆယ်ကျော်သက်တစ်ဦးဖြစ်သည့် မိုဟာမက်ကွာရာကွာရာသည် ဂိုလန်ကုန်းမြင့် တဲလ်ဟာဇီကာအရပ်၌ ဗုံးထိမှန်ပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်။ ယင်းဖြစ်စဉ်ကို လက်တုံ့ပြန်သည့်အနေဖြင့် စစ်ဌာနချုပ် အပါအဝင် ဆီးရီးယား စစ်စခန်းများကို လေကြောင်းမှ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်တပ်က ပြောသည်။

ဂိုလန်ကုန်းမြင့် ဒေသသည် ဆီးရီးယားအနောက်တောင်ပိုင်း ကျောက်တောင်များ ထူထပ်ရာ ဒေသတစ်ခုဖြစ်ပြီး ၁၉၆၇ ခုနှစ်က အရှေ့အလယ်ပိုင်းစစ်ပွဲအတွင်း အစ္စရေးတို့က ဆီးရီးယားထံမှ သိမ်းပိုက်ထားသည်။ **(ဘီဘီစီ)**

အီရတ်အနောက်ပိုင်းနယ်စပ်ဒေသများ သူပုန်လက် ကျရောက်

ဘဂ္ဂဒက် ဇွန် ၂၃

ဆွန်နီစစ်သွေးကြွများက ဆီးရီးယားနှင့် ဂျော်ဒန်နိုင်ငံများသို့ သွားရောက်ရာ နယ်စပ်ဖြတ်ကျော်ဂိတ်များကို ပိတ်ဆို့လိုက်ပြီးနောက် အီရတ်အစိုးရ၏ အနောက်ပိုင်းနယ်စပ်ဒေသများထိန်းချုပ်မှု ဆုံးရှုံးသွားပြီဖြစ်သည်။

အဆိုပါသူပုန်များသည် ဆီးရီးယားနယ်စပ်မြို့ Qqim ကိုသိမ်းပိုက်ပြီး တစ်ရက်အကြာ

တနင်္ဂနွေနေ့က အန်ဘာပြည်နယ်ရှိ အဓိကနယ်စပ်ဂိတ်များကို ထိန်းချုပ်ထားကြောင်း တာဝန်ရှိသူများက ပြောသည်။

တဲလ်အဖာမြို့မြောက်ပိုင်းရှိ မဟာဗျူဟာမြောက် အဓိကလေဆိပ်ကြီးသည်လည်း သူပုန်လက်အောက်သို့ ကျရောက်သွားပြီဖြစ်သည်။ ISIS ဦးဆောင်သော စစ်သွေးကြွများသည် အီရတ်နိုင်ငံတစ်ဝန်းအကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်အဟုန်မြှင့်တင်ပြုလုပ်လာသည်။

အဆိုပါအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒေသတွင်း အခြားနိုင်ငံများ မတည်ငြိမ်မှုများဖြစ်လာမည့်အနေအထားရှိကြောင်း အမေရိကန်သမ္မတဘားရက်အိုဘားမားက သတိပေးပြောကြားလိုက်သည်။ ဂျော်ဒန်ကဲ့သို့ မိမိတို့၏ မဟာမိတ်နိုင်ငံများအတွင်း စစ်သွေးကြွများဝင်ရောက်လာနိုင်ကြောင်း သမ္မတအိုဘားမားက အမေရိကန်ရုပ်သံ CBS ကွန်ရက်သို့ ပြောကြားလိုက်သည်။ ယခုလဆန်းပိုင်း၊ မိုဆူးလ်မြို့ သူပုန်လက်အောက် ကျရောက်ပြီးကတည်းက အီရတ်အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများ ပိုမိုသိမ်းပိုက်မှုများ ပြုလုပ်လာသည်။ **(ဘီဘီစီ)**

ဂဒါဖီ၏သားဖြစ်သူ လူသတ်မှုဖြင့်တရားရင်ဆိုင်

ထရီပိုလီ ဇွန် ၂၃

လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာဂဒါဖီ၏သားဖြစ်သူ ဆာဒီးဂဒါဖီသည် ၎င်း၏ဘောလုံးကစားဖော်အား သတ်ခဲ့မှုဖြင့် တရားရင်ဆိုင်နေရကြောင်း လာနာသတင်းအေဂျင်စီက သတင်းတွင် ဖော်ပြသည်။

ဆာဒီးဂဒါဖီသည် လစ်ဗျားဘောလုံးသမား ဘာရှာရီယာနီကို သတ်ဖြတ်မှုဖြင့် တရားစွဲခံနေရပြီး တနင်္ဂနွေနေ့က ထရီပိုလီမြောက်ပိုင်းတရားရုံးတွင် စစ်ဆေးနေကြောင်း အဆိုပါသတင်းဌာနက သတင်းဖော်ပြသည်။ ၎င်းကို မတ်လက နိုင်ဂျာနိုင်ငံမှ ပြန်ပို့ခဲ့ပြီးနောက် ပထမဆုံးအကြိမ် ရုံးထုတ်စစ်ဆေးခြင်းဖြစ်သည်။ ဆာဒီးသည် ဂဒါဖီ၏တတိယမြောက်သားဖြစ်ပြီး တစ်ချိန်က ပြည်တွင်းကလပ်များနှင့် ပြည်ပအီတလီရှိ ပီရူးဂျီးယားကလပ်တို့တွင် ဘောလုံးကစားခဲ့သူဖြစ်သည်။

ထို့အပြင် ရှေ့နေချုပ်ရုံးက ဆာဒီးအား အခြားအမှုများဖြင့်လည်း တရားစွဲဆိုဖွယ်ရှိသည်။ယင်းတို့တွင် ၂၀၁၁ ခုနှစ်က နိုင်ငံအတွင်းတင်းမာမှုဖြစ်ပွားချိန်တွင် အရပ်သားများအား ညှဉ်းပန်းနှိပ်စက်မှုနှင့် လစ်ဗျားတောင်ပိုင်း အကြမ်းဖက်သမားများအား ထောက်ပံ့ပေးမှုတို့လည်း ပါဝင်သည်။ **(ဆင်ဟွာ)**

ဘိုကိုဟာရမ်အုပ်စုဟု ယူဆရသူ တိုက်ခိုက်ရေးသမားများ စီးနင်းတိုက်ခိုက်မှုဖြစ်ပွား

နိုင်ရိုဘီ ဇွန် ၂၃

နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်ထဲတွင် ဘိုကိုဟာရမ် အုပ်စုဟုယူဆရသည့် အစ္စလာမ္မစ်စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် ရွာသားတစ်ဒါဇင်ခန့် သေဆုံးခဲ့ရသည်ဟု သိရသည်။ အဆိုပါ စီးနင်းတိုက်ခိုက်မှုသည် ပြီးခဲ့သည့်ဧပြီလက ကျောင်းသူ ၂၀၀ ထက်မနည်း ပြန်ပေးဆွဲသွားသည့် ချီဘော့အနီးတွင် စနေနေ့နံနက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရွာသားများ၏ပြောကြားချက်အရ ဘိုကိုဟာရမ်တိုက်ခိုက်ရေးသမားများသည် ခြောက်နာရီကြာမျှ ပစ်ခတ်မှုများပြုလုပ်ခဲ့သည်ဟု သိရသည်။ နိုင်ဂျီးရီးယားနိုင်ငံ၌ ဘိုကိုဟာရမ်အုပ်စုတို့သည် မြောက်ပိုင်းဒေသကို အစ္စလာမ္မစ်ပြည်နယ်အဖြစ် ခွဲထွက်ရန် ဆန္ဒရှိကြသည်။ တိုက်ခိုက်ရေးသမားများသည် ဝင်ရောက်စီးနင်းစဉ်က စစ်တပ်ယူနီဖောင်းများဝတ်ဆင်ထားကြသည်ဟု ဒေသခံများက ပြောကြားကြသည်။ **(ဘီဘီစီ)**

ဆိုင်းနိုင်းကျွန်းဆွယ် ပစ်ခတ်မှုဖြစ်ပွား စစ်သွေးကြွ ၁၅ဦး သေဆုံး

ဆိုင်းနိုင်း ဇွန် ၂၃

အီဂျစ်တပ်မတော်သည် အီဂျစ်နိုင်ငံမြောက်ပိုင်း ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ ရှိတ်ဇူဝိတ်မြို့၌ လုံခြုံရေးအရ စီးနင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ သေနတ်သမား ၁၉ ဦး သေဆုံးခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့က ဆင်ဟွာသို့ ပြောခဲ့သည်။ ရှိတ်ဇူဝိတ်မြို့တောင်ပိုင်း၌ သေနတ်သမားလေးဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါမြို့ အခြားဒေသများ၌ အခြားစစ်သွေးကြွ ၁၅ ဦး အသတ်ခံခဲ့ရကြောင်း ၎င်းတပ်ဖွဲ့က ပြောခဲ့သည်။

၎င်းလုံခြုံရေးစီးနင်းတိုက်ခိုက်မှုကို ရဲတပ်ဖွဲ့ဝင်များနှင့် အီဂျစ်တပ်မတော်တို့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စစ်သွေးကြွများသည်ပြီးခဲ့သည့်နှစ်က မိုဟာမက်မော်စီကို စစ်ဘက်က ဖြုတ်ချပြီးကတည်းက အီဂျစ်နိုင်ငံ၌ ဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။ **(ဆင်ဟွာ)**

မိမိတပ်ဖွဲ့ဝင်များကိုပစ်သတ်ခဲ့သည့် တောင်ကိုရီးယားတပ်ကြပ်ကြီးကိုဖမ်းဆီးလိုက်ပြီ

ဆိုးလ် ဇွန် ၂၃

တောင်ကိုရီးယားတပ်ဖွဲ့ဝင်ငါးဦးအား ပစ်သတ်ခဲ့သော ၎င်း၏တပ်ဖွဲ့ဝင်အား ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း၊ ကိုယ့်ကိုယ်ကိုယ်သတ်သေရန် ကြိုးစားမှုမအောင်မြင်ဖြစ်ခဲ့ပြီးနောက် ၎င်းအားဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ကာကွယ်ရေးတာဝန်ရှိသူများက ပြောသည်။

လင်မ်ဟုသာ အသိအမှတ်ပြုထားသော အဆိုပါတောင်ကိုရီးယား တပ်ဖွဲ့ဝင်သည် ကိုယ့်ကိုယ်ကိုယ်သတ်သေရန်ကြိုးစားပြီးနောက် ဆေးရုံသို့ပို့လိုက်ကြောင်း ၎င်းတို့က ပြောသည်။ ၎င်းအားမြောက်ကိုရီးယားနယ်စပ် သစ်တောတစ်ခုအတွင်း ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

စနေနေ့ညနေပိုင်းက တပ်ကြပ်ကြီး လင်မ်သည် ၎င်း၏ ရိုင်ဖယ်သေနတ်ဖြင့် ထွက်မပြေးမီ ရဲဘော်ရဲဘက်များအား သေနတ်ဖြင့်ပစ်ခတ်သည့်အပြင် လက်ပစ်ဗုံးတစ်လုံးနှင့်ပါ ပစ်ပေါက်ခဲ့သည်ဟုဆိုသည်။

ယင်းတိုက်ခိုက်မှုကြောင့် အခြားတပ်ဖွဲ့ဝင်ခုနစ်ဦး ဒဏ်ရာရရှိသွားခဲ့သော်လည်း အသက်ရှင်ဖွယ်ရှိသည်ဟု ဆိုသည်။

၎င်းဖြစ်စဉ်ဖြစ်ပွားပြီးနောက် ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များက ထွက်ပြေးနိုင်သော လမ်းကြောင်းများကို ပိတ်ဆို့ထားခဲ့သည်။ တပ်ကြပ်ကြီး လင်မ်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်ကြရာ တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။

(ဘီဘီစီ)

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် ဇွန် ၂၃

သာသနာရေး ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်က ကြီးမှူး၍ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အဆိုပါတက္ကသိုလ် ဗဟိုဆောင် ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသက အမိန့်ဩဝါဒ မိန့်ကြားပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပြည်တွင်းပြည်ပမှ ဗုဒ္ဓဓမ္မ ပါရဂူဘွဲ့ရ လေးဦး၊ ဗုဒ္ဓဓမ္မမဟာဝိဇ္ဇာ ဘွဲ့ရ ၁၃ ဦး၊ ဗုဒ္ဓဓမ္မဝိဇ္ဇာဘွဲ့ရ ၄၇ ဦး စုစုပေါင်း ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် ၆၄ ဦးတို့အား ဘွဲ့နှင့် အဆောင်အယောင်များကို အပ်နှင်းသည်။ **(ယာပုံ)**

ထို့နောက် ဗုဒ္ဓဓမ္မဝိဇ္ဇာဘွဲ့တွင် ရွှေတံဆိပ်ဆုရရှိသူ ဗီယက်နမ်နိုင်ငံမှ သီလရှင်တစ်ဦးအား အလှူရှင် အောင်ပြည်တန်ကုမ္ပဏီမိသားစုက ရွှေတံဆိပ်ဆု ပေးအပ်ချီးမြှင့်ပြီး ပါမောက္ခချုပ်ဆရာတော်က ဘွဲ့မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ ဩဝါဒကထာ မြွက်ကြားတော်မူသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

နေပြည်တော် ဇွန် ၂၃

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း စုဝေးသဘင်ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှသောင်က ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လေးဘာသာနှင့် သုံးဘာသာ ဂုဏ်ထူးရှင်များအား နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးကလည်းကောင်း **(ဝဲပုံ)**၊ နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရှင်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၄၅ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၆၁ ဦးကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကမ္ဘာ့အိုလံပစ်နေ့ မသန်စွမ်းအားကစားပွဲတော်ကြီး ရန်ကုန်မြို့၌ကျင်းပ

ရန်ကုန် ဇွန် ၂၃

အားကစားဝန်ကြီးဌာနအောက်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ စီစဉ်ကျင်းပသည့် ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် မသန်စွမ်းအားကစားပွဲတော်ကြီးကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ကွင်း (၂) ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကြီးတွင် ပါဝင်ထည့်သွင်းကျင်းပခဲ့သည့် အားကစားများမှာ ဝှီးချဲလေးဘီး(အမျိုးသား/အမျိုးသမီး)၊ သုံးဘီး (အမျိုးသား) ပြိုင်ပွဲများနှင့် ဉာဏ်ရည်မမီ (တစ်ဖက်ငါးဦးစီ)ပါဝင်သည့် ဘောလုံးပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပခဲ့သည်။**(ယာပုံ)** ဝှီးချဲလေးဘီး(အမျိုးသား)ပြိုင်ပွဲတွင် မြခိုင်က ပထမ၊ အောင်ကိုကိုက ဒုတိယနှင့် တတိယဆုကို မင်းကိုကိုတို့ကရရှိခဲ့ပြီး ဝှီးချဲလေးဘီး(အမျိုးသမီး)ပြိုင်ပွဲတွင် ထက်ထက်အေးက ပထမနှင့်စိန်ဖော့က ဒုတိယ ရရှိခဲ့ကြသည်။ ဝှီးချဲသုံးဘီး(အမျိုးသား)ပြိုင်ပွဲတွင် ဝင်းဆန်းအောင်က ပထမ၊ သန်းထွန်းက ဒုတိယနှင့် ဖြူဖွေးက တတိယဆုရရှိခဲ့သည်။

ဒုတိယ ပွဲစဉ်အနေဖြင့် ဉာဏ်ရည်မမီ (တစ်ဖက်ငါးဦးစီ) ယှဉ်ပြိုင်ကစားသည့် ဘောလုံးပြိုင်ပွဲတွင် အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး တစ်ဖက်သုံးသင်းစီခွဲ၍ အုပ်စု(က)နှင့် အုပ်စု (ခ)တို့ကို ယနေ့နံနက်တွင် ယှဉ်ပြိုင်ကစားခဲ့သည်။ အုပ်စု (က)တွင် အောင်ဆန်းကွင်းအသင်း၊ သုဝဏ္ဏကွင်းအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အုပ်စု(ခ)တွင် မသန်စွမ်းသက်ငယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် လှိုင်သာယာမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ ယနေ့အုပ်စုပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရာတွင် အုပ်စု (က)မှ သုဝဏ္ဏအသင်းက အုပ်စုပထမ၊ အောင်ဆန်းကွင်းအသင်းက အုပ်စု ဒုတိယနှင့်(ခ)အုပ်စုမှ မသန်စွမ်း သက်ငယ်ကျောင်းအသင်းက ပထမနှင့် နှင့် မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယရရှိပြီး ဆီမီးဖိုင်နယ်သို့တက်ရောက်သွားပြီဖြစ်သည်။

ယနေ့ (ဒုတိယနေ့)ပွဲစဉ်များအဖြစ် ဆီမီးဖိုင်နယ်ပွဲ၊ ဗိုလ်လုပွဲတို့ကို ကျင်းပသွားမည်ဖြစ်ရာ ဆီမီးဖိုင်နယ်ပွဲများတွင် ပထမပွဲစဉ်အနေဖြင့် သုဝဏ္ဏကွင်းအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဒုတိယပွဲစဉ်အနေဖြင့် မသန်စွမ်းသက်ငယ်အသင်းနှင့် အောင်ဆန်းကွင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အဆိုပါအသင်းများမှနိုင်သည့် နှစ်သင်းက ဗိုလ်လုပွဲသို့တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကမ္ဘာ့အိုလံပစ်နေ့ မသန်စွမ်းအားကစားပွဲတော်ကြီးကို ယနေ့ (ဒုတိယနေ့) အဖြစ် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲတို့ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

✳ ကျောဖုံးမှ

ဟောင်ကောင်မှ အထည်ချုပ်စက်ရုံတစ်ရုံကိုလည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်း စက်မှုဇုန်၌ ဖွင့်လှစ်ရန်စီစဉ်နေသည်။ တစ်ဖန် မလေးရှားနိုင်ငံမှ ကုမ္ပဏီများကလည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စက်မှုဇုန်၌ ရေထွက်ထုတ်ကုန်များ ထုတ်လုပ်မည့်စက်ရုံကို မြန်မာနိုင်ငံ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် စီစဉ်နေသည်။

ထို့အပြင် ဂျပန်ကုမ္ပဏီနှင့်မြန်မာလုပ်ငန်းများပူးတွဲကာ အရည်အသွေးမြင့် ဆန်များထုတ်လုပ်ရေး၊ အခြားစိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်ရေးအတွက်ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်သည်။

လူကုန်ကူးမှု တိုက်ဖျက်ရေး တို့တွေပါဝင်ကူညီပေး

ပြည်တွင်းသတင်း

✳ ရှေ့ဖုံးမှ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ (200 Meter Selg Supporting Tower) ကို အိန္ဒိယနိုင်ငံ Krish Global Co.,Ltd. မှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် မေ ၁၀ ရက်တွင် မြေပြင်ရှင်းလင်းခြင်းနှင့် လိုအပ်သည်များကို စတင်ဆောင်ရွက်ခဲ့သည်။

၂၀၁၂ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် တာဝါတိုင်၏ အောက်ခြေဖောင်ဒေးရှင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၀ ရက်နေ့တွင် ပြီးစီးခဲ့သည်။ ၂၀၁၃ ခုနှစ် မတ် ၂၁ ရက်မှာ မီတာ ၂၀၀ တာဝါတည်ဆောက်ခြင်း လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် မေ ၃၀ ရက်က မီတာ ၂၀၀ တာဝါ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့သည်။

အခြား ဆက်စပ်တပ်ဆင်သောလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် လိုအပ်သောရုပ်သံလွှင့်စက်များနှင့် ဆက်စပ်ပစ္စည်းထားရှိရန် စက်ခန်းကိုလည်း တည်ဆောက်ပြီးစီးပြီး လိုအပ်သော လျှပ်စစ်ဓာတ်အား၊ လေအေးပေးစက် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

ယခုနှစ် စက်တင်ဘာလတွင် စက်ပစ္စည်းတပ်ဆင်မှုများ စတင်ဆောင်ရွက်မည်ဖြစ်ပြီး အောက်တိုဘာလတွင် ထုတ်လွှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

မီတာ ၂၀၀ တာဝါသည် မြန်မာနိုင်ငံ၏ ရုပ်သံလွှင့်လုပ်ငန်းများအတွက် တည်ဆောက်ခဲ့သော တာဝါများအနက် အမြင့်ဆုံးတာဝါတစ်ခုဖြစ်ပြီး ရန်ကုန်မြို့၌လည်း အမြင့်ဆုံး တာဝါတစ်ခုဖြစ်သည်။

ထို (200 Meter Tower) တည်ဆောက်ပြီးစီးပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဒစ်ဂျစ်တယ်လွှင့်စက်များ၊ Analogue လွှင့်စက်များ၊ FM ရေဒီယိုလွှင့်စက်များနှင့်အတူ ပုဂ္ဂလိက (Broadcaster)များ၏ရုပ်သံ ထုတ်လွှင့်စက်များနှင့် FM လွှင့်စက်များကို တပ်ဆင်ထုတ်လွှင့်သွားမည်ဖြစ်သည်။ ပြောင်းလဲလာသော နည်းပညာသစ်နှင့်အညီ ရုပ်သံလွှင့် Channel များကို ပူးပေါင်းထုတ်လွှင့်နိုင်သည့် အင်တင်နာ ဒီဇိုင်းသစ်များဖြင့် ပြောင်းလဲတပ်ဆင်သွားနိုင်သဖြင့် လွှင့်အားပျံ့နှံ့မှုရောက်ရှိနိုင်ပြီး ရုပ်သံအရည်အသွေးကိုလည်း ပိုမိုကောင်းမွန်စွာ ဖမ်းယူနိုင်စွမ်းရှိမှာဖြစ်သည်။

တာဝါ ပိုမိုမြင့်လေ ဖမ်းယူရရှိမှု ပိုမိုကျယ်ပြန့်လေဖြစ်ပြီး ပိုမို၍လည်း လွှင့်အားပျံ့နှံ့မှု ရောက်ရှိနိုင်ကာ ရုပ်သံအရည်အသွေးကိုလည်း ပိုမိုကောင်းမွန်စွာ ဖမ်းယူနိုင်စွမ်းရှိသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် အရင်က ဖမ်းယူကြည့်ရှုရာတွင် အရုပ်၊ အသံ မကြည်လင်ခဲ့သော ဒေသများဖြစ်သည့် တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ ကွမ်းခြံကုန်း၊ သုံးခွ၊ မော်လမြိုင်ကျွန်း၊ မအူပင်နှင့် ညောင်တုန်းဒေသတို့၌ ကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်တော့မည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Analogue မှ Digital စနစ်သို့ အသွင်ကူးပြောင်း ထုတ်လွှင့်နေစဉ် ပြောင်းလဲတိုးတက်နေသော နည်းပညာရပ်နှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသော လုပ်ငန်းနယ်ပယ်သစ်များ၊ ကွန်ရက်များအတွက်လည်းကောင်း၊ အခြား အဖွဲ့အစည်းများအတွက် လိုအပ်သည့် Facilities များ ငှားရမ်းနိုင်ခြင်း၊ နောင်တွင် Mobile၊ Interactive ထုတ်လွှင့်ခြင်းနည်းပညာ Platform သစ်များအတွက် ထပ်မံတိုးချဲ့ဆောင်ရွက်ရန်အတွက် လိုအပ်သည့် အခြေခံ Infrastructure တစ်ရပ်အဖြစ် မီတာ ၂၀၀ တာဝါကို တည်ဆောက်ပြီးဖြစ်သည်။

ယခင်က အသုံးပြုခဲ့သည့် 100 meter တာဝါအား 200 meter တာဝါ တပ်ဆင်တည်ဆောက်ပြီးစီးချိန်တွင် ဖြုတ်သိမ်း၍ အခြားလိုအပ်သည့် နယ်ရုပ်သံ ထပ်ဆင့်လွှင့်စက်ရုံများတွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရွှေ့ပြောင်းလုပ်သားများအကြောင်း တစေ့တစောင်း

တာချီလိတ် ဇွန် ၂၃

ထိုင်းနိုင်ငံ(မြောက်ပိုင်း)ဒေသရှိ ချင်းရိုင်၊ ချိန်းရှဲန်၊ မယ်ချဲန်၊ မယ်ဆိုင်မြို့များတွင် နေထိုင်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ပတ်စ်ပို့နှင့် ဝပ်ခ်ပါမစ်ရှိသူများ၊ ပတ်စ်ပို့နှင့်ဝပ်ခ်ပါမစ်မရှိသော်လည်း သက်ဆိုင်ရာ အလုပ်ရှင်မှ ၎င်း၏အလုပ်သမားမှန်ကန်ကြောင်း ထောက်ခံချက်ပေးနိုင်သူများအား ထိုင်းနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းများက ဖမ်းဆီးအရေးယူမှုတစ်စုံတစ်ရာပြုလုပ်မည်မဟုတ်သော်လည်း အထောက်အထားမဲ့နေထိုင်သူများကိုမူ လုံခြုံရေးအရဖမ်းဆီးအရေးယူမှုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ အမှတ်(၃) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ယုံယွတ်လောဝ်ခိတ်ကဏ်းမှ ဇွန် ၂၂ ရက်က တာချီလိတ်မြို့ရှိ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (CNCMC)ထံသို့ဆက်သွယ်အသိပေးပြောကြားခဲ့သည်။ **မောင်ယဉ်ကျေး**

တိုက်ကြီးမြို့နယ်အတွင်း ဝက်ဝမ်းကျကာကွယ်ဆေးထိုးနှံ

ရန်ကုန် ဇွန် ၂၃

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာချမ်းမြေ့ကျော် ဦးစီးသောအဖွဲ့သည် ဗမာကုံညင်းတန်း၊ ရှမ်းကုံညင်းတန်း၊ အင်းယက်ကြီးသို့လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါက်တာအောင်သင်း ဦးစီးသောအဖွဲ့သည် ရှမ်းစုရပ်ကွက်သို့လည်းကောင်း၊ ဇွန် ၂၂ ရက်က ဝက်ဝမ်းကျကာကွယ်ဆေးများထိုးနှံပေးခဲ့ပြီး၊ ဇီဝလုံခြုံမှုအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်ရေး၊ စနစ်တကျမွေးမြူနိုင်ရေးတို့အတွက် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာအောင်နေပါ

ဒေါက်တာမြင့်ဝင်း(ပြည်သူ့ကျန်းမာရေး)

ကမ္ဘာကြီးသည် လေထုညစ်ညမ်းမှုဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များပြီး အောက်ဆီဂျင်နည်းကာ လေသန့်ရှင်းမှု(အောက်ဆီဂျင်ဓာတ်)ပါဝင်မှုနည်းကာ လူသားတို့အတွက် အဆိပ်အတောက်များ ဖြစ်စေပါသည်။ ထိုအခါ သွေးအတွင်းရှိရမည့် pH အခြေအနေပြောင်း၍ နာတာရှည်ရောဂါ သွေးသားညစ်ညမ်းကာ နာတာရှည်ရောဂါများဖြစ်သော သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကင်ဆာစသည့် ရောဂါများဖြစ်ကာ သက်တမ်းစေ့မနေရဘဲ အသက်ကို တိုစေပါသည်။

ကျွန်ုပ်တို့ရှူနေသော လေ၊ စားနေသောအစာတွင် ပါဝင်သော ဓာတုပစ္စည်းများမှာ သွေး၏ pH အခြေအနေကို အက်စစ်ဘက်သို့ တွန်းပို့၍ရောဂါဖြစ်နိုင်သောအခြေအနေကို ဖြစ်စေပါသည်။

pH ဆိုတာ ဘာလဲ? Potential Hydrogen? ဟိုက်ဒရိုဂျင်အိုင်းယွန်း မည်မျှပါဝင်နှုန်းကို တိုင်းတာခြင်းပင်ဖြစ်သည်။ pH မြင့်လေ အယ်ကာလီပိုဖြစ်လေဖြစ်ပြီး ၎င်းအရည်ထဲတွင် အောက်ဆီဂျင်ပါဝင်နှုန်း ပိုမိုမြင့်လေဖြစ်ပါသည်။ pH နည်းလေ အောက်ဆီဂျင်ဓာတ်ပါဝင်နှုန်း ပိုနည်းလေဖြစ်ပါသည်။ pH သည် ၀ မှ ၁၄ ဆင့်အထိရှိပြီး ၇ ဒသမ ၀ သည် (အလယ်ကောင်) Natural ဖြစ်ပါသည်။ ၇ ဒသမ ၀ ထက်နည်းလျှင် အက်စစ်ဖြစ်ပြီး ၎င်းထက်များလျှင် အယ်ကာလီဖြစ်ပါသည်။

လူသားတို့၏သွေးသို့ pH (၇ဒသမ ၃၅ မှ ၇ဒမသ ၄၅) အထိ ဖြစ်နေရပါသည်။ ၎င်းအခြေအနေထက်များလျှင် နည်းလျှင်ရောဂါဖြစ်နေသော လက္ခဏာဖြစ်ပါသည်။ pH သည် ၆ ဒသမ ၈ ထက် နည်းလျှင်သော်လည်းကောင်း ၇ ဒသမ ၈ ထက် များလျှင်သော်လည်းကောင်း လူနာသေနိုင်ပါသည်။

လူတို့၏ အကောင်းဆုံးသွေး pH မှ ၇ ဒသမ ၄ ဖြစ်ပါ၍ ကင်ဆာရောဂါမရှိသော လူတစ်ဦး၏ pH မှာ အက်စစ်နှင့် အယ်ကာလီမျှနေပါသည်။ အနည်းငယ် အယ်ကာလီဘက်သို့ရောက်ပါသည်။ ၇ ဒသမ ၄ ဖြစ်ပါသည်။ ထို့ကြောင့် အကောင်းဆုံး pH မှ ၇ ဒသမ ၄ ဖြစ်ပါသည်။ သင့်သွေးသည် အက်စစ်ဘက်အနည်းငယ်ရောက်နေလျှင် သင့်တွင်ကျန်းမာရေးပြဿနာရှိနေပေမည်။ သုတေသနများအရ pH အခြေအနေသည် အနည်းငယ် အယ်ကာလီမဖြစ်ဘဲ ခန္ဓာကိုယ်သည် ရောဂါဘယများကို တိုက်ခိုက်ဖြေဖျောက်နိုင်စွမ်းမရှိပေ။

ထို့ကြောင့် သင့်ကျန်းမာရေးအတွက် ဘယ်လိုမျိုးကုသမှုမျိုးပဲယူနေယူနေ သင့်သွေး pH အခြေအနေသည် အနည်းငယ် အယ်ကာလီ >၇ ထက် မပိုလျှင် အကျိုးသက်ရောက်မှု မရှိနိုင်ပါ။ သင်၏ pH အခြေအနေသည် ကောင်းမွန်ခြင်းမရှိပါက သင့်ခန္ဓာကိုယ်သည် ဗီတာမင်၊ သတ္တုဓာတ်ဖြည့်စွက်အာဟာရများ ကောင်းစွာ လက်ခံသုံးစွဲနိုင်ခြင်းမရှိပါ။

သင့်ခန္ဓာကိုယ်သွေး၏ pH သည် အရာရာကို စိုးမိုးပါသည်။ နာတာရှည်ရောဂါများ၊ ကင်ဆာရောဂါများ ပျောက်ကင်းရန်မှာ သွေး pH သည် ပုံမှန်အနည်းငယ် အယ်ကာလီဖြစ်မှ ဖြစ်ရန်လိုပါသည်။

ထို့ကြောင့် မိမိခံယူနေသော ကုသမှု မိမိသောက်သုံးနေသောဆေးများ စွမ်း၊ မစွမ်း သိသာရန်မှာ သွေးတွင် pH7 ထက်ကျော် မကျော် သိရန်လိုပါသည်။ စမ်းသပ်နည်းမှာ နံနက်အိပ်ရာထ ဆီးတစ်ခါသွားပြီး နှစ်ကြိမ်မြောက်ဆီးအား Litmas paper အက်စစ်ဓာတ်စမ်းသပ်စက္ကူ(ဓာတုဗေဒဆိုင်များတွင် အလွယ်တကူ ဝယ်လို့ရပါသည်။) ဆီးကိုတို့ကြည့်ပါ။ အနည်းငယ် အပြာရောင်(အယ်ကာလီ)ဘက်ဖြစ်က ၎င်းလူ၏ ကုသမှု၊ သောက်သုံးနေသောဆေးများသည် အကျိုးသက်ရောက်သည်ဟု ယူဆရပါသည်။

ရောဂါရှိနေသော မသက်သာသောသူများသည် အက်စစ်ဘက်သို့ အနည်းငယ်ရောက်နေပြီး အနီရောင်ဘက်သို့ ရောက်နေပါသည်။

ခန္ဓာကိုယ်သည် ကမ္ဘာပေါ်ရှိ အခြားသက်ရှိများကဲ့သို့ မျှတသော pH ကို ထိန်းထားရန်လိုပါသည်။ အမြဲတမ်း အနည်းငယ်အယ်ကာလီအခြေအနေဖြစ်နေဖို့ လိုပါသည်။ သုတေသနများအရ အနည်းငယ် အယ်ကာလီအခြေအနေတွင် ရောဂါဘယများမကပ်ရောက်နိုင်ပါ။ အက်စစ်အခြေအနေတွင်သာ ကျရောက်နိုင်ပါသည်။

အမျိုးမျိုးသော အာဟာရများသည် လူတိုင်းအတွက် လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ တစ်ခုသိစေချင်သည်မှာ ကျန်းမာရန်အတွက် ခန္ဓာကိုယ်သည် အယ်ကာလီအခြေအနေတွင် ရှိနေရပါသည်။

သွေးတွင် အက်စစ်အခြေအနေဖြစ်နေခြင်းသည် ခန္ဓာကိုယ်၏ အာဟာရဓာတ်များ စုပ်ယူနိုင်ခြင်း စွမ်းရည်ကျစေပါသည်။ ကလာပ်စည်းများသည် ယိုယွင်းကလာပ်စည်းပြင်ဆင်မှုနှင့် ဓာတုဗေဒပစ္စည်းများ၏ အဆိပ်အတောက်များကို ပြေပျောက်နိုင်စွမ်းအားများကျစေပါသည်။ အဖုအကျိတ်ကလာပ်စီးများ ကြီးထွားရန် အားပေးပြီး ခန္ဓာကိုယ်ယိုယွင်းမှုနှင့် မကျန်းမာမှုကို အလွယ်တကူဖြစ်စေနိုင်ပါသည်။ အက်စစ်ဖြစ်စေသောအခါများမှာ စိတ်ဖိစီးမှုများခြင်း၊ အဆိပ်ဓာတ်များလာခြင်းနှင့် ခုခံအားဓာတ်ပြုခြင်း သို့မဟုတ် ကလာပ်စည်းမှ အောက်ဆီဂျင်နှင့် အခြားအာဟာရဓာတ်များကို လက်မခံသောအခြေအနေများဖြစ်ပါသည်။

ခန္ဓာကိုယ်သည် အယ်ကာလီသတ္တုဓာတ်များနှင့် pH အက်စစ်အခြေအနေကို ထိန်းသိမ်းနိုင်ပါသည်။ သို့သော် စားသုံးသောအာဟာရတွင် လုံလောက်သော သတ္တုဓာတ်များ ရှိရန်လိုပါသည်။ သတ္တုဓာတ်များစွာပါသော အသီးအရွက်များကို အမြဲတမ်းစားသုံးရန် ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် ကင်ဆာရောဂါနှင့် ဆက်နွယ်နေသော အချက်နှစ်ချက်ရှိပါသည်။

(၁)-အချက်မှာ အက်စစ် pH နှင့်

(၂)-အချက်မှာ အောက်ဆီဂျင်မရှိခြင်းဖြစ်ပါသည်။ ဤအချက်နှစ်ချက်ကို ပြုပြင်ခြင်းဖြင့် ကင်ဆာရောဂါကို နောက်ကြောင်းပြန်လှည့်အောင် လုပ်နိုင်ပါသည်။ သေခါနီးကင်ဆာဝေဒနာရှင်များတွင် သာမန်ကျန်းမာသူများထက် အက်စစ်ဓာတ် အဆ ၁၀၀၀ ပိုများပါသည်။ ကင်ဆာကလာပ်စည်းများသည် အက်စစ်ဓာတ်နှင့်အောက်ဆီဂျင်နည်းသော ပတ်ဝန်းကျင်တွင် ရှင်သန်ထမြောက်လေ့ရှိပါသည်။ ရောဂါကျွမ်းနေသော ကင်ဆာလူနာများသည် အက်စစ်ဓာတ်လွန်ကဲခြင်းနှင့် အောက်ဆီဂျင်နည်းသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားကြပါသည်။ ဘာကြောင့်လဲ အောက်ဆီဂျင်မရှိသောအခါ ခန္ဓာတွင်းရှိ ဂလူးကို့စ်ဓာတ်(သကြားဓာတ်)သည် Lactic acid အဖြစ် အချဉ်ပေါက်သွားပါသည်။ ဤဖြစ်စဉ်ကြောင့် ကလာပ်စည်းများ၏ pH သည် ၇ ဒသမ ၃ မှ ၇ နှင့် ၎င်းနောက် ၆ ဒသမ ၅ ဖြစ်ပြီး အခြားနေရာသို့ ကင်ဆာကလာပ်စည်းများ ရောက်နေသော လူနာများတွင် pHသည် ၆ ဒသမ ၀ မှ ၅ ထက်ပင်နည်းသွားနိုင်ပါသည်။ ကျွန်ုပ်တို့၏ခန္ဓာကိုယ်သည် pH ကို ကောင်းမွန်စွာ မထိန်းသိမ်းနိုင်လျှင် ရောဂါများကို ကာကွယ်မတိုက်ထုတ်နိုင်ပါ။

နေလောင်ခြင်းအတွက် ဆားဆော်ဒါ ရေနွေးခွက်တစ်ခွက်ကို ခပ်နွေးနွေး ရေချိုးကန် ထဲတွင်ထည့်၍ ရေချိုးပြီးတဘက်ဖြင့် မသုတ်ဘဲ ဒီအတိုင်း အခြောက်ခံပါ။ ဆားခါးအနည်းငယ် ရော၍ ရေချိုးလျှင် အဆိပ်အတောက်များ ပြေပျောက်ပြီး လူကိုပိုမိုလန်းဆန်းတက်ကြွ ကျန်းမာစေပါသည်။

သာမန်လူတို့၏ ကလာပ်စည်းများသည် အောက်ဆီဂျင်မော်လီကျူးများစွာရှိပြီး အယ်ကာလီpH အခြေအနေရှိပါသည်။ ကင်ဆာကလာပ်စည်းများမှာ အက်စစ် pH ရှိပြီး အောက်ဆီဂျင်ချို့တဲ့ပါသည်။ ကင်ဆာကလာပ်စည်းများသည် အောက်ဆီဂျင်များသော ပတ်ဝန်းကျင်တွင်မရှင်သန်နိုင်ပါ။ pH ၇ ဒသမ ၄ ထက်အနည်းငယ်မြင့်ပါက ကင်ဆာဆဲလ်များသည် ငြိမ်နေ၊ ငုပ်နေပြီး pH ၈ ဒသမ ၅ရှိပါက ကင်ဆာဆဲလ်များသေကုန်ကြပြီး ကျန်းမာသော ဆဲလ်များသာ ကျန်နေခဲ့ပါသည်။ pH မြင့်လေ အယ်ကာလိုင်းပိုလေဖြစ်ပြီး အောက်ဆီဂျင် ပိုကြွယ်ဝသော အရည်ဖြစ်ပါသည်။ ကင်ဆာဆဲလ်များနှင့် ရောဂါများသည် အောက်ဆီဂျင်နှင့်မျှတသော pH ကို မကြိုက် နှစ်သက်ကြပါ။ လျော်ကန်သော သွေး၏ pH(၇ ဒသမ ၃၅- ၇ ဒသမ ၄၅) မှာ ခန္ဓာကိုယ်ကျန်းမာရေးအတွက် အတိမ်းအစောင်းမခံသော အဓိကအချက်ဖြစ်ပါသည်။ သွေး pHကို အယ်ကာလိုင်းဖြစ်အောင်မနေလျှင် ရောဂါဖြစ်ရန်၊ သေရန်ပို၍ နီးစပ်ပါသည်။

အယ်ကာလိုင်း ဖြစ်စေသောအစာများ

ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ဆလတ်ထုပ်၊ ပဲအမျိုးမျိုး၊ လိမ္မော်သီး၊ ဂရိတ်ဖရုသီး၊ ဂျုံမြက်နု၊ အယ်လ်ဖာဖာ၊ ပဲပင်ပေါက်၊ ချင်း၊ ကြက်သွန်ဖြူ၊ ငှက်ပျောသီး၊ ထောပတ်သီး၊ နာနတ်သီး၊ ကညွတ်၊ ရေညှိ၊ တောင်ကြာလေးပင်၊ အုန်းသီးနုနှင့် အရည်၊ တရုတ်နံနံ၊ သဘော်သီး၊ သရက်သီး၊ သံပရာသီးများ၊ ရှောက်သီး၊ ဖရဲသီး၊

အက်စစ်ဖြစ်စေသော အစာများ

ပေါင်မုန့်၊ အသားစိမ်း၊ ပဲတောင့်ရှည်၊ ဒိန်ခဲ၊ ဘာလီဆန်၊ ရှာလကာရည်အဖြူ၊ ပင်လယ်စာ၊ ပဋိဇီဝဆေးဝါးများ၊ သကြားတု၊ သကြား၊ ဆား၊ ကော်ဖီ၊ ဆေးရွက်ကြီး၊ အချိုရည်၊ အရက်၊ အချဉ်ဓာတ်ပါသော အသီးများသည် ခန္ဓာကိုယ်တွင် အချဉ်ဓာတ်များပြီး အက်စစ်ဓာတ်ဖြစ်မည်ဟု ထင်ရသော်လည်း တကယ်တမ်း ခန္ဓာကိုယ်စနစ်တွင် အယ်ကာလီဖြစ်စေကြပါသည်။

သံပရာသီး၊ ရှောက်သီးများသည် အက်စစ်ဓာတ်များသော်လည်း အစာကြေချက်ပြီးနောက် ၎င်းတို့သည် နောက်ဆုံး၌ အယ်ကာလိုင်းပစ္စည်းများသာ ဖြစ်သွားပါသည်။

ထို့အတူ အသားများကို ပထမအစာမကြေမီ အယ်ကာလီဖြစ်သော်လည်း နောက်ဆုံးအက်စစ်ထွက်ပစ္စည်းများသာ ဖြစ်ကုန်ကြပါသည်။

ထို့ကြောင့် အသားများအားလုံးလိုလိုပင် အက်စစ်ဓာတ်ဖြစ်စေပါသည်။

သင်၏ ခန္ဓာကိုယ်သည် 98.5F (37̊C) အပူချိန်ဖြစ်ရန် အမြဲတမ်း ထိန်းသိမ်းနေရပါသည်။ ထို့အတူ အောက်ဆီဂျင်ဓာတ်၊ သင်၏သွေးထဲတွင် လိုအပ်သလောက် အမြဲရနေရန် pH ၇ ဒသမ ၃၆၅ ဖြစ်အောင် ပို၍ခက်ခဲစွာ ထမ်းဆောင်နေရသည်။

အက်ကာလီဓာတ်အကောင်းဆုံးပေးနိုင်သောအရာမှာ ဆားဆော်ဒါ ($NaHCO_3$)ဖြစ်ပါသည်။ ဆားဆော်ဒါကို ယခုအခါ အနောက်နိုင်ငံများတွင် ကင်ဆာကို ကုသရန်အခြားရွေးချယ်ကုသစရာ နည်းလမ်းအဖြစ်အသုံးပြုနေကြပါသည်။ ကင်ဆာရောဂါသည် မှို (yeast)ရောဂါကူးစက်ခြင်းဖြစ်ကြောင်း ဖြစ်ပွားသည်ဟုယူဆပြီး ဆားဆော်ဒါသည် မှို(yeast)ကို သတ်နိုင်ခြင်းကြောင့် အသုံးပြုခြင်းဖြစ်ပါသည်။

သွေးအတွင်း အက်စစ်ဓာတ်များလျှင် နာတာရှည်ရောဂါများ၊ ကင်ဆာရောဂါများဖြစ်စေပါသည်။ အမေရိကန်ကင်ဆာအဖွဲ့အစည်းမှ ဒေါက်တာ Dr.Tullio Simoncini သည် ကင်ဆာအားလုံးကို ဆားဆော်ဒါဖြင့် ကုသနိုင်သည်ဟု Website တော်တော်များများတွင် ဖော်ပြထားပါသည်။

Dr.Simoncini က ကင်ဆာရောဂါသည် Candida albicans(yeast) တွင်ရှိသော မှိုပိုးကြောင့်ဖြစ်ပြီး ဆားဆော်ဒါနှင့်ကုသနိုင်ကြောင်း internet တွင် ရေးပါသည်။

နာတာရှည်ရောဂါ၊ ကင်ဆာရောဂါ မြန်ခြင်းတို့မှာ လူ့ခန္ဓာကိုယ်အတွင်း အဆိပ်အတောက် (Toxins)ချေးတက်ခြင်းကြောင့်ဟု ကောက်ချက်ချရပါသည်။ သံများတွင် သံချေးတက်လျှင် သံချောင်းသည်ပျက်စီးသွားပြီး သတ္တုများတွင် သတ္တုချေးတက်လျှင် ပျက်စီးစေသလို လူ၏ခန္ဓာကိုယ်အတွင်းချေးများရှိလျှင် လူခန္ဓာကိုယ်ရှိ ကလာပ်စည်းများ ပျက်စီးယိုယွင်းပါသည်။

ထိုသို့ ပျက်စီးခြင်းမှာ (Oxidation) ဓာတ်တိုးခြင်းဖြစ်စဉ်များကြောင့်ဖြစ်ပါသည်။ ဆားဆော်ဒါသည် ထိုဓာတ်တိုးခြင်းဖြစ်စဉ်ကို ဆုတ်ယုတ်စေနိုင်သော သတ္တုဓာတ်ရှိပါသည်။ ဆားဆော်ဒါသည် လူတွင်ရှိကလာပ်စည်းများ ချေးချွတ်သန့်ရှင်းကျန်းမာစေသလို ငွေသတ္တုများ၊ ကြွေပန်းကန်၊ ရေချိုးခန်း၊ ရေပိုက်များ၊ လက်ဝတ်ရတနာများကိုလည်း ဆားဆော်ဒါနှင့် သန့်ရှင်းဝင်းပစေပါသည်။

ဆားဆော်ဒါကို ၁၈၄၆ တွင် Dr. Auston Church နှင့် John Dwight တို့က ပေါင်မုန့်ဖုတ်ပွဆေးအဖြစ် ထုတ်လုပ်ရောင်းချခဲ့ပြီး ၁၉၃၀ တွင် ခိုင်မာသော ဆေးပစ္စည်းအဖြစ် ရောင်းချခဲ့ပါသည်။ ၁၉၇၂ တွင် ရေခဲသေတ္တာအတွင်း ဆားဆော်ဒါဘူးတစ်ဘူးထည့်ထားခြင်းဖြင့် အစားအသောက်များ လတ်ဆတ်စေပြီး ပုပ်သိုးမှုကို ကာကွယ်ပေးသောဆေးအဖြစ် လူတော်တော်များများ စတင်အသုံးပြုခဲ့ကြပါသည်။

၁၉၁၈ နှင့် ၁၉၁၉ ခုတွင် ဆားဆော်ဒါအနည်းငယ်သုံးစွဲနေသူသည် လုံးဝမသုံးစွဲသူထက် တုပ်ကွေးရောဂါများကိုကာကွယ်ကြောင်း အမေရိကန်ပြည်သူ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဆားဆော်ဒါကို အောက်ပါအခြေအနေများတွင် သုံးနိုင်ပါသည်။

အစာအိမ်အနာအတွက် လွန်ခဲ့သော နှစ်ပေါင်းများစွာမှစ၍ သုံးခဲ့ပါသည်။ အစာအိမ်ထဲမှ အချဉ်ဓာတ်ကိုချေဖျက်နိုင်ပြီး ယခုသီအိုရီအရ အစာအိမ်အတွင်းရှိ ပိုးများပေါက်ပွားမှုကို ဟန့်တားနိုင်ပါသည်။ လက်ဖက်ရည်တစ်ဇွန်းမှ နှစ်ဇွန်းအထိ ရေဖျော်၍ သောက်နိုင်ပါသည်။

အသားခြောက်ခြင်း၊ ခြေထောက်ကွဲအက်ခြင်းအတွက် ရေတွင်ဖျော်၍ စိမ်ပေးခြင်း၊ အနံ့အသက်ဖျောက်ရန် ဆားဆော်ဒါကို ရေနှင့်ပျစ်ပျစ်ဖျော်၍ ကိုယ်အနံ့ထွက်သည့်နေရာများကို ပွတ်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

အားကစားကို ပိုမိုလုပ်ဆောင်နိုင်ခြင်း တာဝေးပြေးသမားများသည် မပြေးမီ ဆားဆော်ဒါအနည်းငယ်စားသုံးက ပိုမိုစွမ်းဆောင်နိုင်သည်ဟု ယူဆကြပါသည်။

သွားနှင့်သွားဖုံးများကို ဆားဆော်ဒါ ခြောက်ဆနှင့် အိုင်အိုဒင်းဆားတစ်ဆနှင့်ရော၍ စက္ကန့် ၃၀ ထား၍ လက်ညှိုးနှင့် သွားဖုံးတို့ကိုတိုက်ပြီး ၁၅ မိနစ်ခန့်ထားပြီး ပလုတ်ကျင်းပါက ခံတွင်းရှိပိုးများကိုသေစေရန် အနံ့အသက်များကို ကောင်းစေပါသည်။

သွားဖြူဆေးအဖြစ် စတော်ဘယ်ရီအမှည့် တစ်လုံးကို ဆားဆော်ဒါ လက်ဖက်ရည်ဇွန်း တစ်ဝက်နှင့်ရောနယ်၍ သွားကိုပွတ်တိုက်ပေးပြီး ငါးမိနစ်ထားကာ သွားတိုက်ပလုတ်ကျင်းပေးပါက သွားကိုဖြူဖွေးစေပါသည်။ တစ်ပတ်ကို တစ်ခါသာလုပ်သင့်သလိုများလျှင် သွားဖုံးကြွေစားသွားနိုင်သည်။

ပိုးမွှားကိုက်ခြင်း ပိုးမွှားကိုက်ခြင်းကို ဆားဆော်ဒါပျစ်ပျစ်ဖျော်ပြီး လိမ်းပေးပါ ယားယံခြင်းကို သက်သာစေပါသည်။ ယားယံခြင်း၊ အင်ပျဉ်ထခြင်း၊ အဖုအပိမ့်အနီထခြင်းများကို လိမ်းပေးပါက သက်သာပါသည်။

မျက်နှာချောမွေ့စေခြင်း၊ ဆားဆော်ဒါသုံးဆရော၍ မျက်နှာကို လိမ်းပေးပါက ချောမွေ့စေပါသည်။

နေလောင်ခြင်းအတွက် ဆားဆော်ဒါရေနွေးခွက် တစ်ခွက်ကို ခပ်နွေးနွေး ရေချိုးကန်ထဲတွင်ထည့်၍ ရေချိုးပြီးတဘက်ဖြင့် မသုတ်ဘဲ ဒီအတိုင်း အခြောက်ခံပါ။ ဆားခါးအနည်းငယ်ရော၍ ရေချိုးလျှင် အဆိပ်အတောက်များ ပြေပျောက်ပြီး လူကိုပိုမိုလန်းဆန်းတက်ကြွကျန်းမာစေပါသည်။

အထက်ပါ ဖော်ပြချက်များကို လိုက်နာကျင့်သုံးပါက သင့်ဘဝတွင် ပိုမိုကျန်းမာသောဘဝ (Better Life) ကို ရရှိနိုင်မည်ဟု အကြံပြုတင်ပြအပ်ပါသည်။

စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ၏နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ငွေပေးအပ်

မန္တလေး ဇွန် ၂၃

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ၏ ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၈ နာရီက အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း အေးသီတာခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် မန္တလေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်သာယာ) နယ်မြေဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်တင်(အငြိမ်းစား)က အမှာစကားပြောကြားပြီး အသက် ၇၅ နှစ်အထက် သက်ကြီးအဖွဲ့ဝင်များ၊ အရန်အဖွဲ့ဝင်များနှင့် မသန်စွမ်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းသားကျောင်းသူများနှင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်များအား လည်းကောင်း ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် ထောက်ပံ့ငွေစုစုပေါင်းမှာ ငွေကျပ် ၂၄၃ သိန်း လေးသောင်း သုံးထောင် ငါးရာကျပ်ဖြစ်ကြောင်းသိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

စာပေမြင့်မှ လူမျိုးတင့်မည်

လွှတ်တော်ရေးရာကဏ္ဍ

❈ ပြည်သူ့လွှတ်တော်မှ

ချီတက်ခဲ့ပါကြောင်း၊ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက် တော်လှန်ရေးနေ့ အခမ်းအနားကို ကျိုက္ကဆံကွင်းမှ ဦးဝိစာရလမ်း တပ်မတော်အားကစားဝင်း (မိုင်ဒါကွင်း) အတွင်းအထိ ချီတက်ခဲ့ကြပြီး အခမ်းအနားတွင် နိုင်ငံတော် အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်နေဝင်းက "တပ်မတော်များ၏ ထုံးတမ်းစဉ်လာအရ ကြည်းတပ်၊ ရေတပ်၊ လေတပ်အပါအဝင်ဖြစ်သည့် ဗမာ့တပ်မတော်ကြီးတစ်ခုလုံးအတွက် တပ်မတော်နေ့ (Defence Services Day) ရယ်လို့ သတ်မှတ်ရန် လိုအပ်လာပါကြောင်း၊ ယင်းသို့ သတ်မှတ်ရန်အတွက် အနီးစပ်ဆုံးအမွန်မြတ်ဆုံး နေ့ကို ရွေးကြသည့်အခါ တော်လှန်ရေးနေ့သည် အသင့်မြတ်ဆုံးဆိုတာ တွေ့ရပါကြောင်း၊ ထို့ကြောင့် တော်လှန်ရေးနေ့ကိုသာ တပ်မတော်နေ့အဖြစ် ယနေ့၊ ယခုနှစ်ကစပြီး သတ်မှတ်လိုက်ပါကြောင်း၊ ယနေ့ ဆယ်ကြိမ်မြောက် တော်လှန်ရေးနေ့ကစပြီး ဆယ်ကြိမ်မြောက် ဗမာ့တပ်မတော်နေ့ဟု ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုအပါအဝင်ဖြစ်သည့် အရာရှိ ရဲဘော်အားလုံး အသိအမှတ်ပြုကြစေလိုသည်" ဟု ပြောကြားခဲ့သည်ကို တွေ့ရပါကြောင်း။

ကမ္ဘာ့နိုင်ငံ အများအပြားတွင်လည်း တပ်မတော်ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်တပ်မတော်နေ့ကို ကျင်းပကြပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မြန်မာ့တပ်မတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်မှ အစပြု၍ ထင်ရှားခဲ့သောနေ့ဖြစ်သည့် ဖက်ဆစ်ဂျပန်တို့ကို တပ်မတော်က ဦးဆောင်တော်လှန်ခဲ့သည့် မတ် ၂၇ ရက်တွင် မြန်မာ့တပ်မတော်ကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေရန် ဂုဏ်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် ဆောင်ရွက်မှုများသည် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့်အတိုင်း တပ်မတော်၏ဂုဏ်ကို ဝင့်ထည်စေမှု၊ နိုင်ငံ့ဂုဏ်ကို ဝင့်ထည်စေမှုများ ဖြစ်စေကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော အမျိုးသားရေးကို စောင့်ထိန်းလိုက်နာစေနိုင်သော ပုံဖော်ညွှန်ပြမှုများဖြစ်သည့် အပြင် ခေတ်ကာလနှင့်အညီ သင့်မြတ်သော စီစဉ်ဆောင်ရွက်မှုများဖြစ်ပြီး နိုင်ငံတကာမီဒီယာများ၌လည်း မတ် ၂၇ ရက်ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ကျင်းပကြောင်းကို အသိအမှတ်ပြုမှုများ ရရှိပြီးဖြစ်ပါကြောင်း။

အာဆီယံနိုင်ငံများအတွင်း ထိုင်းနိုင်ငံ၏တပ်မတော်နေ့ကို Royal Thai Armed Forces Day ဟုခေါ်ဝေါ်ပြီး နန္ဒဘုရင်လက်ထက်ဖြစ်သည့် ၁၅၉၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက် ယိုးဒယားနိုင်ငံ ဆူဖန်ဘူရီပြည်နယ် နွန်းဆာရိုင်ဒေသတွင် မြန်မာ အိမ်ရှေ့ဥပရာဇာမင်းကြီးစွာကို ယိုးဒယားဘုရင်နရစွန်မှ ဆင်ဖြင့်စီးချင်းထိုး အောင်နိုင်ခဲ့သည့်နေ့အား အကြောင်းပြုပြီး နှစ်စဉ် ဇန်နဝါရီ ၁၈ ရက်တွင်ကျင်းပသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် တပ်မတော်နေ့ Armed Forces Day ဟု သတ်မှတ်ထားခြင်းမရှိသော်လည်း လူမျိုးသုဉ်းသတ်ဖြတ်သည့်စနစ်အပေါ် တပ်မတော်မှ အောင်မြင်သည့် ဇန်နဝါရီ ၇ ရက် Victory over Genocide Regime Day ဟုခေါ်ဝေါ်ပြီး နှစ်စဉ် ကျင်းပသည်ကို တွေ့ရှိရပါကြောင်း။

တောင်ကိုရီးယားနိုင်ငံ၏ တပ်မတော်နေ့ကို Republic of Korea Armed Forces Day ဟု ခေါ်ဝေါ်ပြီး ၁၉၅၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်တွင် ကိုရီးယားစစ်ပွဲအပြီး ကိုရီးယားနှစ်နိုင်ငံပိုင်းခြားထားသည့် ၃၈ မျဉ်းပြိုင်နယ်နိမိတ်အား တပ်မတော်က ပြန်လည်သိမ်းယူ ဖြတ်ကျော်နိုင်ခဲ့သည့် အောက်တိုဘာ ၁ ရက်နေ့တိုင်း နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း။

ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

အာဆီယံနိုင်ငံများသာမက နိုင်ငံတကာတို့တွင် တပ်မတော်နေ့အဖြစ် သတ်မှတ်ကျင်းပမှုများနှင့် နှိုင်းယှဉ်လေ့လာပါက မြန်မာနိုင်ငံ၏ တပ်မတော်နေ့အဖြစ် အသိအမှတ်ပြု သတ်မှတ်ကျင်းပမှုသည် အနှစ်သာရနှင့် ကိုက်ညီပြည့်ဝပေါ်လွင်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ မြန်မာပြည်သူလူထုအပေါ် လူမဆန်စွာ ရက်စက်ကြမ်းကြုတ်လှသည့် ဖက်ဆစ်ဂျပန်အား လူထုကိုဦးဆောင်ကာ ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ခဲ့သည့် တပ်မတော်ကိုဂုဏ်ပြုသည့်အနေဖြင့် မတ် ၂၇ ရက်ကို တပ်မတော်နေ့ဟု သတ်မှတ်ထားခြင်းအား တော်လှန်ရေးနေ့ဟု ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **တောင်ယမားချောင်းရေတိုက်စားမှုကြောင့် ညောင်ပင်ကိုင်းကျေးရွာအနီး ကမ်းပါးပြိုကျနေခြင်းကိုကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ဆားလင်းကြီးမြို့နယ် ညောင်ပင်ကိုင်းကျေးရွာအနီး တောင်ယမားချောင်းရေတိုက်စားမှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၅ သန်းဖြင့် Steel Basket အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား ပေ ၂၆၀ တည်ဆောက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ကျန်ရှိသော Steel Basket အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား ပေ ၆၄၀ နှင့် မျောတိုင်တန်းကျောက်ဖြည့် ရေလွှဲရေကာတို အလျား ပေ ၈၀ ခြောက်ခု၏ ခန့်မှန်းတန်ဖိုးငွေ ကျပ်သန်း ၈၅ ဒသမ ၁၀ ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မိုးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဖြည့်စွက် ရန်ပုံငွေရရှိရေး တင်ပြတောင်းခံမည်ဖြစ်ပြီး ဖြည့်စွက်ရန်ပုံငွေရရှိပါက ကျန်ရှိသော Steel Basket အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား ပေ ၆၄၀ နှင့် မျောတိုင်တန်း ကျောက်ဖြည့်ရေလွှဲရေကာတို အလျား ပေ ၈၀ ခြောက်ခုတည်ဆောက်ခြင်းလုပ်ငန်းကိုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးကာလတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာ့အကျဉ်းထောင်များ အက်ဥပဒေကို ပြင်ဆင်ရေးဆွဲ၍တင်ပြရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန

ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစနစ်များနှင့်အညီ အကျဉ်းဦးစီးဌာနကို Prison Department မှ Correctional Department အဖြစ်သို့ ၂၀၀၄ ခုနှစ်မှစ၍ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိ ကျင့်သုံးလျက်ရှိသော အကျဉ်းထောင်များ ဥပဒေနှင့် အကျဉ်းထောင်များ နည်းဥပဒေသည် ၁၈၉၄ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့သည့် ဥပဒေများဖြစ်၍ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုမရှိတော့သဖြင့် အကျဉ်းထောင်ဥပဒေ (မူကြမ်း) အား ဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းပြီး ပြန်လည် ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း။

အဆိုပါ ဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီက မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ ဥပဒေကျွမ်းကျင်သူများ၏ အကြံပြုချက်များ၊ ILO ၊ UNODC၊ OHCHR စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ယင်းအဖွဲ့အစည်းများတို့၏ အကြံပြုချက်များနှင့်အတူ အကျဉ်းသားအား ထိန်းသိမ်းထားရှိရန် စံပြုအနိမ့်ဆုံးအဆင့်သတ်မှတ်ထားသည့် အခြေခံစည်းမျဉ်းများဖြင့် အကျဉ်းထောင်များ ဥပဒေ(မူကြမ်း) ကို ပြင်ဆင်ရေးဆွဲခဲ့ပါကြောင်း။

ဥပဒေ(မူကြမ်း) အား ပြည့်စုံမှန်ကန်စေရန်၊ အခြားတည်ဆဲဥပဒေများနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရန်အတွက် ဥပဒေကြောင်းအရ စိစစ်အကြံပြုချက်များပေးနိုင်ရန် ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံထားရှိပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သဘောထားမှတ်ချက်များရရှိပါက အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြနိုင်ရေးအတွက် စီစဉ်ထားရှိပြီး ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

■ အမျိုးသားလွှတ်တော်မှ

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၁၆၉ ခုတို့ကို ပေါင်းစည်းထားသည့် အမျိုးသားတက္ကသိုလ်(၇) ခု သတ်မှတ်နိုင်ရေးအတွက်လည်းကောင်း၊ ပေါင်းစည်းထားသည့် ဒေသအဆင့် တက္ကသိုလ်များနှင့်ဝန်ကြီးဌာနအောက်တွင် သီးခြားရပ်တည်မည့် တက္ကသိုလ်များအဖြစ် ရပ်တည်နိုင်ရေးအတွက်လည်းကောင်း လိုအပ်သည့် ကိစ္စရပ်များအား အဆင်သင့်ဖြစ်နိုင်ရန်အတွက် ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့်တာဝန်ရှိသူများက အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အဆင့်ဆင့်သို့ တင်သွင်းထားသော အမျိုးသားပညာရေးဥပဒေကို အတည်ပြုပြီး နောက်ဆက်တွဲဥပဒေဖြစ်သော အဆင့်မြင့်ပညာရေးဥပဒေကို ရေးဆွဲအတည်ပြုပြီးမှသာ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ "GSM Telephone **အပါအဝင်** WCDMA, CDMA 800 MHz **အသုံးမပြုနိုင်သောနေရာဒေသများတွင် လိုအပ်သော** Tower **တိုင်နှင့် ကိရိယာများ တည်ဆောက်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ**" မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ရှိဆောင်ရွက်နေသော မိုဘိုင်းတယ်လီဖုန်းလိုင်းအသစ်တစ်သန်းနှင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း သုံးသန်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်းဖြင့် ဟားခါးမြို့နယ်တွင် စခန်းသုံးခု၊ တီးတိန်မြို့နယ်တွင်စခန်း ၁ ခု၊ ထန်တလန်မြို့နယ်တွင် စခန်းနှစ်ခု၊ မင်းတပ်မြို့နယ်တွင် စခန်းနှစ်ခု၊ ဖလမ်းမြို့နယ်တွင် စခန်း နှစ်ခု စုစုပေါင်း မိုဘိုင်းရေဒီယိုစခန်း ၁၀ ခု ထပ်မံတည်ဆောက်လျက်ရှိပါကြောင်း။

ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

လက်ရှိတွင် ဟားခါးမြို့ပေါ်၌ GSM စခန်း သုံးခု၊ WCDMA စခန်း တစ်ခု၊ CDMA-450 စခန်းတစ်ခုတို့ ဖြင့်ဖွင့်လှစ်အသုံးပြုလျက်ရှိပါကြောင်း၊ ဟားခါးမြို့ပေါ်တွင် GSM ရေဒီယိုစခန်းအသစ်တစ်ခုအား ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်တွင် ဖွင့်လှစ်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟားခါး-ဂန့်ဂေါလမ်းပိုင်းနှင့် ဟားခါး-မတူပီလမ်းပေါ်ရှိ ကျေးရွာများတွင် မိုဘိုင်းရေဒီယိုစခန်းအသစ်များ တည်ဆောက်ရန် လက်ရှိဆောင်ရွက်နေသော စီမံကိန်းများတွင်လျာထားခြင်းမရှိသော်လည်း ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းများတွင် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ဦးစားပေးအစီအစဉ်အရ အဆင့်အလိုက် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ လယ်ယာကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"သီးနှံစိုက်ပျိုးပြီး လယ်ယာမြေများတွင် ကျန်နေသည့် အာဟာရဓာတ်ကို စစ်ဆေးပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် မြေအမျိုးအစား ၂၄ မျိုးရှိပြီး မတူညီသည့်မြေအမျိုးအစားအပေါ်မူတည်၍ မြေဆီလွှာ၏ ရူပ၊ ဓာတုဂုဏ်သတ္တိများအပြင် ပါဝင်သောအာဟာရဓာတ်များ ကွာခြားခြင်းကြောင့် မြေဆီလွှာအတွင်းရှိ မူလအာဟာရ ဓာတ်ပမာဏကို သိရှိစေရန် အာဟာရဓာတ်ချန်လှပ်ထည့်သွင်းသော စမ်းသပ်ကွက်များကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေဆီလွှာ၏ ရှိရင်းစွဲ အာဟာရဓာတ်များကို သိရှိနိုင်ပြီး ထည့်သွင်းရမည့်ပမာဏကို စိစစ်တွက်ချက်နိုင်ရန်ရည်ရွယ်၍ စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

မြေဆီလွှာ၏ရှိရင်းစွဲ အာဟာရဓာတ်ကို သိရှိခြင်းဖြင့်သီးနှံပင်အတွက် လိုအပ်သော အာဟာရဓာတ်ပမာဏကို စိစစ်နိုင်သောကြောင့် လေလွင့်ဆုံးရှုံးမှုနည်းပါးပြီး မြေဩဇာ ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ မြေဆီလွှာ၏ ရှိရင်းစွဲ အာဟာရကိုမူတည်၍ လိုအပ်သော အာဟာရများကို တွက်ချက်ထည့်သွင်းခြင်းဖြင့် အခြားမလိုအပ်သော မြေဩဇာထည့်သွင်းခြင်း၏ ဘေးထွက်ဆိုးကျိုး (မြေချဉ်ခြင်း၊ငန်ခြင်း) တို့ကို ကင်းဝေးစေမည်ဖြစ်ပြီး အာဟာရ ညီညွတ်မျှတစေမည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မြေအသုံးချရေးဌာနခွဲများ ဖွင့်လှစ်၍မြေဆီလွှာနှင့်

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် မေးမြန်းစဉ်။ (သတင်းစဉ်)

မြေဩဇာပိုင်းဆိုင်ရာ ပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရှင်များအနေဖြင့်လည်း နယ်လှည့်ပညာပေးအဖွဲ့များဖြင့် တောင်သူများထံ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တောင်သူများကိုယ်တိုင် မိမိမြေကိုစစ်ဆေးနိုင်သော နည်းပညာများကိုလည်း ဆွေးနွေးပို့ချပေးလျက်ရှိပါကြောင်း၊ မြေဆီလွှာဓာတ်ခွဲသေတ္တာ (Soil Test Kit) များကို တောင်သူများ တစ်ပိုင်တစ်နိုင် ဝယ်ယူအသုံးပြုနိုင်ရန် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း၊ အဆိုပါဓာတ်ခွဲသေတ္တာဖြင့် မြေ၏ ချဉ်/ငန်ကိန်း၊ နိုက်ထရိုဂျင်နှင့် ဖော့စ်ဖရပ်အာဟာရဓာတ် ပါဝင်မှုတို့ကို အလွယ်တကူ စစ်ဆေးသိရှိနိုင်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရန်ကုန်နှင့် မန္တလေးဓာတ်ခွဲခန်းများသို့ ပေးပို့စစ်ဆေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ အခြေအနေအရ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မြေဆီလွှာဓာတ်ခွဲခန်းများ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး၏ **"နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ဒေသရှိ သစ်တွန့်၊ မဲပေါက်၊ ပြည်ထောင်ကိုး၊ ဘန့်ဘား၊ ကိုးတစ်၊ အလယ်ချောင်း ကျေးရွာအုပ်စု(၇)စုမှ ဒေသခံတိုင်းရင်းသားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းသည့်"** မေးခွန်းနှင့်စပ်လျဉ်း၍ ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်သစ်တွန့်၊ မဲပေါက်နှင့် ပြည်ထောင်ကိုး၊ ကျေးရွာအုပ်စု(၃) အုပ်စုရှိကွင်းသုံးကွင်း တောင်သူပေါင်း ၆၁၀ ၊ ဦးပိုင်ပေါင်း ၂၄၁၂နှင့် ဧရိယာ ၇၄၀၄ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ကျန်တောင်ပေါ်အုပ်စုများဖြစ်သော ဘန့်ဘား၊ ဘို့မ၊ ကိုးတစ်၊ အလယ်ချောင်း(၄)အုပ်စုရှိ တောင်သူစိုက်ဧကများအား ပုံစံ(၇) ထုတ်ပေးရန် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်းတောင်ပေါ်ဒေသသည် ကွင်းဖွဲ့တိုင်းတာပြီးစီးခြင်းမရှိသဖြင့် မိုးစပါးစိုက်ဧကများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်ရန် မြေတိုင်းတာဆောင်ရွက်လျက်ရှိပြီး ဘန့်ဘားကျေး ရွာအုပ်စုတွင် ကွင်းနှစ်ကွင်း တိုင်းတာပြီးစီး၍ ပုံထုတ်ခြင်းနှင့် ဦးပိုင်လုပ်ကွက်များ စစ်ဆေးပြီးပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တောင်ယာစပါးစိုက်ပျိုးသော တောင်ယာမြေများသည် လုပ်ကွက်မတည်မြဲခြင်း၊ တစ်နှစ်ခန့်စိုက်ပျိုးပြီး ပလပ်ထားသည့်အတွက် စာရင်းမြေပုံကောက်ယူ၍ မရခြင်းတို့ကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရန် အစီအစဉ် မရှိပါကြောင်း။

ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ဒေသ၌ ကွမ်း၊ ဖာလာ၊ လက်ဖက်၊ နာနတ်၊ ငှက်ပျော၊ ကော်ဖီ၊ ငရုတ်ကောင်း၊ ရော်ဘာနှင့် အခြား သီးပင်စားပင် စိုက်ပျိုးသောမြေများသည် မြေလွတ်၊ မြေရိုင်းများဖြစ်ပါကြောင်း၊ ဧက ၅၀ ထိ ဖြစ်ပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေအရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ကလည်းကောင်း၊ ဧက ၅၀ အထက်ဖြစ်ပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကလည်းကောင်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များ ချထားပေးနိုင်မည်ဖြစ်၍ သက်ဆိုင်ရာ တောင်သူများမှ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားရမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိက အဖွဲ့အစည်း၊ ကုမ္ပဏီများမှ သစ်တောစိုက်ခင်းတည်ထောင်ရန် လျှောက်ထားပါက သစ်တောစီမံအုပ်ချုပ်ခွင့်ရှိသောမြေ (ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော) များရှိ တောပျက်မြေ၊ ဌာနမှ ဆောင်ရွက်သည့် စိုက်ခင်း၊ အခြားမြေအသုံးချသည့် အစီအစဉ်များနှင့် လွတ်ကင်းသော မြေများတွင် ပုဂ္ဂလိက စိုက်ခင်းများ လျှောက်ထားခြင်းအား စိစစ်ခွင့်ပြု

စာမျက်နှာ ၈ ကော်လံ ၅ သို့

ပြည်တွင်းသတင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် International Finance Cooperation(IFC), The World Bank Group မှ Mr. Vikram Kumar နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပညာရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၂၃

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် International Finance Cooperation (IFC), The World Bank Group မှ Mr. Vikram Kumar နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် ပညာရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် **မြန်မာ့လေကြောင်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းထားသည့် **“နျူကလီးယားပညာရပ်ယခုထက်ပိုမို၍ အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ပြန်လည်ရှင်းလင်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **“ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးကြီးနိုင်သည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့်ကိုယ်စားလှယ်များအား ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များရှင်းလင်းပြောကြား

နေပြည်တော် ဇွန် ၂၃

ဗဟို သန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး Mr. Nilahath Sayarath၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Sieng Bunvuth တို့ဦးဆောင်သည့် ဗြိတိန်၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ မလေးရှား၊ နော်ဝေ၊ ဖင်လန်၊ ဆွစ်ဇာလန်၊ ဆွီဒင်နှင့် ထိုင်းနိုင်ငံတို့မှ သံရုံးကိုယ်စားလှယ်များအား ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းသည့် အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာနိုင်ငံအတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခဲ့မှုနှင့် ၁၉၈၃ ခုနှစ်တွင် နောက်ဆုံးကောက်ယူခဲ့မှုအခြေအနေ၊ ယခု၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ကောက်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းအဆင့် လေးဆင့် သတ်မှတ်ဆောင်ရွက်ခဲ့မှု အခြေအနေ၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးအတွက် UNFPA နှင့် ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာနည်းပညာ အကြံပေးအဖွဲ့ (ITAB)၏ ပံ့ပိုးကူညီဆောင်ရွက်မှု၊ သန်းခေါင်စာရင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ပြည်သူလူထုအသိပညာပေးရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စာရင်းစစ်၊ စာရင်းကောက်များ ခန့်အပ်တာဝန်ပေးမှုနှင့် သင်တန်းများ ဖွင့်လှစ်ပို့ချမှု၊ မြေပြင်ကွင်းဆင်းကောက်ယူမှုနှင့် လုပ်ငန်းဆိုင်ရာအခက်အခဲများ ကောက်ယူဆောင်ရွက်နိုင်မှုနှင့် ITAB အဖွဲ့၏ သုံးသပ်ချက်များ စာရင်းဇယားများစုစည်းမှု၊ စစ်ဆေးထိန်းသိမ်းမှုနှင့် ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်နိုင်ရေးဆောင်ရွက်နေမှု၊ နောက်ဆုံးအဆင့်စာရင်းဇယားများ ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာညီညီနှင့် ဒေါက်တာခိုင်ခိုင်စိုး၊ UNFPA မှ လူဦးရေဆိုင်ရာ နည်းပညာအကြံပေး Mr. Fredrick Okwayo တို့က လုပ်ငန်းအဆင့်အလိုက် ဆောင်ရွက်နေမှုနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များသည် ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြေပြင်ကွင်းဆင်းကောက်ယူပြီးဖြစ်သည့် သန်းခေါင်စာရင်းဆိုင်ရာ စာရင်းဇယားများ စစ်ဆေးမှတ်တမ်းတင်ခြင်း၊ OMR စက်များဖြင့် စာရင်းဇယားများစာရင်းသွင်းဖတ်ယူခြင်း၊ ကွန်ပျူတာများဖြင့် စာရင်းများစစ်ဆေးဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ခြင်းလုပ်ငန်းအခြေအနေများနှင့် ဆာဗာခန်းတို့ကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များသည် အစည်းအဝေးခန်းသို့ ရောက်ရှိကြပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်မှုများအပေါ် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းအဖွဲ့များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂၃

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၏ အပတ်စဉ်ဆွေးနွေးပွဲကို ဇွန် ၂၀ ရက်မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ၂၀၁၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေးအတွက် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ ကျင်းပရေးအစီအစဉ်များနှင့် ဆွေးနွေးညှိနှိုင်းမည့် စာတမ်းများအပေါ် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက သုံးသပ်ဆွေးနွေးကြသည်။

ကြိုတင်ပြင်ဆင်ဆောင်ရွက်

ထို့နောက် အမျိုးသားပညာရေးဥပဒေပေါ်ထွန်းလာပြီးနောက် ဆက်လက်ရေးဆွဲရမည့် အဆင့်မြင့်ပညာရေးဥပဒေနှင့် ပုဂ္ဂလိကတက္ကသိုလ် ဥပဒေတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(မန္တလေး) ဆုချီးမြှင့်

မန္တလေး ဇွန် ၂၃

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေကကြီးမှူး၍မြဝတီဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးပေးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်(မန္တလေး)၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲကို ဇွန် ၂၂ ရက်က မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့(၁၈)ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အမှတ်တရလက်ဆောင်ကို Myanmar Golf Tourကိုယ်စား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အမှုဆောင် ဦးကိုကိုလေးက ပေးအပ်ချီးမြှင့်၍ ရွှေမန်းတောင်ဂေါက်ကလပ်က ဒါရိုက်တာ ဦးထွန်းထွန်းလင်းက လက်ခံယူသည်။

ထို့နောက် အပျော်တမ်းအမျိုးသမီး၊ အမျိုးသား၊ ပညာရှင်အဆင့်တို့၏ နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆုများကို ရွှေမန်းတောင်ဂေါက်ကလပ် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ကိုကိုက ပေးအပ်ချီးမြှင့်သည်။မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲ တတိယရရှိသော မေဦးခိုင်၊ ဒုတိယရရှိသော ဝင့်ဖူးနဒီအောင်၊ ပထမရရှိသော ခင်မာနွယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အံ့ဇော်က စုစုပေါင်းရိုက်ချက် ၂၉၇ချက်ဖြင့် တတိယရရှိသော ကျော်ကျော်(မူတူး)၊ စုစုပေါင်း ရိုက်ချက် ၂၉၁ ချက်ဖြင့် ဒုတိယရရှိသော ဇင်မင်းသူ၊ စုစုပေါင်းရိုက်ချက် ၂၉၀ ဖြင့် ပထမရရှိသော မောင်မောင်ဦး တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တိုင်းမှူးဗိုလ်ချုပ် စိုးထွဋ်က ပညာရှင်အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၉ ချက်ဖြင့် တတိယရရှိသော မင်းနိုင် (Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၉ ချက်ဖြင့် ဒုတိယရရှိသော လှမျိုး (Mizuno)၊ စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် ပထမရရှိသော ဇော်ဇော် လတ် (HAN Golf Academy)တို့အား ဆုများကိုပေးအပ်ချီးမြှင့်၍ မြဝတီဘဏ်လီမိတက်မှ ဒုတိယ မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်က ဆုကြေးငွေချက်လက်မှတ်များပေးအပ်ချီးမြှင့်သည်။

စိုးညွန့်

ပြည်တွင်းသတင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ဝဲပုံ)**

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကိုနှင့် အတွင်းရေးမှူး ဦးတင်ထွန်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ခဲ့မှုဆိုင်ရာများ၊ မြန်မာ့နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိစ္စရပ်များ၊ မြန်မာနှင့် တရုတ် နှစ်နိုင်ငံအကြား တူညီသည့် သမိုင်းကြောင်းဆိုင်ရာများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲတိုးတက်စေရေးဆိုင်ရာများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများ၊ ပါတီများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့မှုအခြေအနေများ၊ ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများအား လွတ်လပ်၍တရားမျှတပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မမျှော်လင့်သောခရီးရှည် စာအုပ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇွန် ၂၃

ခေတ်သစ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သမိုင်းတစ်ခုရေးထိုးခဲ့ကြသူပေါင်းများစွာရှိပါသည်။ မမျှော်လင့်သောခရီးရှည် စာအုပ်သည် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် နှစ်နှစ်ကျော်ကာလအပိုင်းအခြားကို တာဝန်ယူဆောင်ရွက်သွားခဲ့သော မြန်မာနိုင်ငံတော်၏ နဝမမြောက်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ အတ္ထုပ္ပတ္တိစာအုပ်ဖြစ်ပါသည်။

နိုင်ငံရေးသမား မိဘနှစ်ပါးမှ မွေးဖွားလာခဲ့ပြီး ကံကြမ္မာ အလှည့်အပြောင်းနှင့် ကြုံတွေ့ခဲ့ရသော ညီအစ်ကိုနှစ်ယောက်၏ ဆန်းကြယ်သောဘဝမှသည် တပ်မတော်သားဘဝနှင့် တောက်လျှောက်တွဲစပ်လာသော နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးအတွက် ထမ်းဆောင်ခဲ့ရသော တာဝန်များနှင့် အတွေ့အကြုံများကို တင်ပြထားပါသည်။

သာမန်တပ်မတော်သား အရာရှိလောင်းဘဝမှသည် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခဲ့သည်အထိ ဖြတ်သန်းခဲ့ရာဘဝတစ်လျှောက် ရင်ဆိုင်ကြုံတွေ့ရသော ပြဿနာများနှင့်အောင်မြင်မှု၊ ဆုံးရှုံးမှုများ၊ အနစ်နာခံမှုများ၊ စတေးခံရမှုများ၊ သက်စွန့်ဆံဖျား စွန့်လွှတ်စွန့်စားရမှုများကို ကဏ္ဍအလိုက် အသေးစိတ်ဖော်ပြထားသည်။

စာအုပ်တွင် အခန်း ၉ ခန်းပါရှိပြီး မိသားစုဘဝနှင့် ပတ်သက်သော အခန်း ၃ ခန်း၊ တပ်မတော်သားဘဝနှင့် ပတ်သက်သော အခန်း ၃ ခန်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဘဝနှင့် ပတ်သက်သော အခန်းတစ်ခန်းနှင့် အရေးအခင်းများ ဖြေရှင်းခြင်းနှင့်ပတ်သက်သော အခန်းတစ်ခန်းပါဝင်သည်။

ထို့ပြင် တပ်တွင်းတာဝန်အဆင့်ဆင့် တာဝန်ယူရစဉ်တွင်ရော နယ်ဘက်တာဝန်ယူရစဉ်တွင်ပါ တွေ့ကြုံရသော အခက်အခဲများ၊ တာဝန်ယူမှုကို စိန်ခေါ်လာသော ပြဿနာများ၊ အကြောင်းအရာများ၊ အရေးအခင်းများ၊ လူထုအရေးအရာကိစ္စများတွင် ပါဝင်ဖြေရှင်းခဲ့ပုံများကို သီးခြားအခန်းတစ်ခန်းအဖြစ် ဖော်ပြထားသည်။

ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်သည့်ကာလကို အဓိကထားဖော်ပြထားသည့် ခေတ်သစ်နိုင်ငံတော် တည်ဆောက်ရေးအုတ်မြစ်ချခြင်းအခန်းတွင် နိုင်ငံတော်အကြီးအကဲကပေးအပ်သော ကြီးလေးသည့်တာဝန်ကို ထမ်းဆောင်ရသည့် လုပ်ဆောင်ချက်များအကြောင်း ဖော်ပြထားသည်။ အစိုးရအဖွဲ့ခေါင်းဆောင်တစ်ယောက်အဖြစ်သာမက နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် လိုအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အခြေခံအဆောက်အအုံများကို ပြုပြင်တည်ဆောက်ရေးအတွက် အခြေခံမှုစပြီး ပြုပြင်ပြောင်းလဲရန်ကြိုးပမ်းမှုများကို ဖော်ပြထားသည်။ ထို့အပြင် ၁၉၈၇ ခုနှစ်မှ စတင်ပြောင်းလဲလာခဲ့သည့် မြန်မာ့နိုင်ငံရေးသမိုင်းဖြစ်စဉ်များကို ရက်စွဲအလိုက် နောက်ဆက်တွဲဖြင့် ဖော်ပြပေးထားသည်။

မမျှော်လင့်သော ခရီးရှည်စာအုပ်ကို မြင့်သူက ရေးသားကာ မြန်မာဟာရိတေ့ချ်က ထုတ်ဝေပြီး တန်ဖိုး ၁၅၀၀၀ ကျပ်ဖြစ်သည်။ ရန်ကုန်မြို့တွင် အိမ်တိုင်ရာရောက် မှာကြားလိုပါက Novel Light Express တယ်လီဖုန်းအမှတ် ၀၉- ၅၀၈၀၈၅၀၊ ၀၁-၈၆၁၉၄၂၂ တို့သို့ မှာကြားနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စပါးသီးနှံစပ်မျိုးနည်းပညာနှင့် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ထောက်ပံ့ကူညီပေးမည့် လုပ်ငန်းဆိုင်ရာများဆွေးနွေး

နေပြည်တော် ဇွန် ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကိုရီးယားသမ္မတနိုင်ငံ Rural Development Adminstration (RDA)အဖွဲ့မှ ညွှန်ကြားရေးမှူး Dr. Chan Ancheol ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စပါးသီးနှံစပ်မျိုးနည်းပညာနှင့် ဆန်စပါးသီးနှံအရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အထောက်အပံ့အကူအညီပေးမည့် လုပ်ငန်းဆိုင်ရာများကို တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ(RDA)အဖွဲ့မှ ညွှန်ကြားရေးမှူးက မြန်မာ့စပါးသီးနှံအား စပ်မျိုးနည်းပညာဖြင့် အရည်အသွေးမြှင့်တင်ပေးခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာအကူအညီများ၊ လူ့စွမ်းအားအရင်းအမြစ်ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးရေးဆိုင်ရာ အကူအညီများကို ဆောင်ရွက်ပေးလိုကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက (RDA)အဖွဲ့၏ စိတ်အားထက်သန်စွာဖြင့် အထောက်အပံ့အကူအညီပေးလိုသည့်ဆန္ဒကို ကျေးဇူးတင်စွာဖြင့် ကြိုဆိုပါကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များနှင့် အသေးစိတ်အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ အထောက်အပံ့အကူအညီများတွင် စပါးသီးနှံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ခေတ်မီနည်းပညာသုံး မျိုးစေ့သန့်စင်စက်၊ ခေတ်မီအခြောက်ခံစက်၊ ခေတ်မီဓာတ်ခွဲခန်းသုံး ပစ္စည်းများနှင့် အအေးခန်းစနစ်သိုလှောင်ရုံ အပါအဝင်သုတေသနလုပ်ငန်းဆိုင်ရာ ရုပ်ဝတ္ထုပစ္စည်းလိုအပ်ချက်များကို ထည့်သွင်း ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးရာ ကိုရီးယားသမ္မတနိုင်ငံဘက်မှ အထောက်အပံ့အကူအညီများကို အတတ်နိုင်ဆုံး လျင်မြန်စွာဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် အပြန်အလှန်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဘောလုံးမျိုးဆက်သစ်ပေါ်ထွန်းလာရန် ချစ်ကြည်ရေးဘောလုံးပွဲ ရေး၌ ကျင်းပ

ရေး ဇွန် ၂၃

မိုးရာသီချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို မွန်ပြည်နယ် ရေးမြို့ အထက (၁)ကျောင်းဘောလုံးကွင်း၌ ဇွန် ၂၃ ရက် ညနေ ၃နာရီခွဲက ကျင်းပရာ ပြိုင်ပွဲတွင် ရေးအက်ဖ်စီ(၁)၊ ရေးအက်ဖ်စီ(၂)၊ ရေးအက်ဖ်စီ(၃)၊ ရေးအက်ဖ်စီ(၄) ချစ်ကြည်ရေးအသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ **(အောက်ပုံ)**

အဆိုပါ မိုးရာသီချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ လမ်းညွှန်ချက်ဖြင့် ရေးမြို့နယ် ဘောလုံးအားကစားသမားဟောင်းများက ဦးဆောင်ကာ ဘောလုံးအားကစားသမား ဝါသနာရှင်များက မျိုးဆက်သစ်လူငယ် ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွန်းလာရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယှဉ်ပြိုင်ကစားခဲ့

ဗိုလ်လုပွဲကို အုပ်စုပတ်လည်ကစားရာတွင် အမှတ်အများဆုံးအသင်းနှင့် ဒုတိယအမှတ်အများဆုံးရသောအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ပွဲစဉ်(၁)အဖြစ် ရေးအက်ဖ်စီ(၁)အသင်းနှင့် ရေးအက်ဖ်စီ(၂)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

နေပြည်တော် ဇွန် ၂၃

အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်အသင်း အသင်းသားစုံညီစည်းဝေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇွန် ၂၂ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ LION CITY Restaurant ၏ Golden Dragon Hall ၌ ကျင်းပသော တတိယအကြိမ်မြောက် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်အသင်း အသင်းသားစုံညီ အစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ အဝေးပြေး ကုန်စည်ပို့ဆောင်ရေးအသင်းသည် နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးသို့ကုန်စည်များကို များများနှင့် မြန်မြန်ပို့ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတစ်ဝန်းရှိ အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအားလုံးအသင်းသားများအဖြစ် ပူးပေါင်းပါဝင်စေရေး၊ တန်ဆာခဈေးနှုန်းများ သင့်တင့်မျှတနိုင်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ဌာနဆိုင်ရာများမှ ကုန်စည်ပို့ဆောင်ရေးကဏ္ဍနှင့်ပတ်သက်သည့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်လုပ်ကိုင် ဆောင်ရွက်ပေးနိုင်ရေးတို့ကို ရည်ရွယ်၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ရုံးခွဲများ ဖွဲ့စည်း ဆောင်ရွက်ရာတွင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဆိုင်ရာဖြေလျှော့ပေးရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုပညာပေးရေး စသော အဓိကမဏ္ဍိုင်ကြီး(၄)ရပ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

သုံးဂိုးပြတ်သွင်းယူနိုင်ခဲ့သောကြောင့် နိုင်ပွဲကို အလွယ်တကူရယူနိုင်မည်ဟု ထင်မှတ်ထားခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးများပေးခဲ့ရ၍ ခက်ခက်ခဲခဲကစားခဲ့ရသည်။

ရတနာပုံအသင်းအတွက် ဂိုးများကို ၁၅ မိနစ်တွင် ပယ်နယ်တီမှ ဖွန်ဆီကာ၊ မိနစ် ၂၀ တွင် ရဲဝင်းအောင်၊ ၄၄ မိနစ်တွင် အောင်မြင့်အေးတို့က သွင်းယူခဲ့ပြီး ချင်းအသင်းအတွက် ၆၈ မိနစ်တွင် ပယ်နယ်တီမှ ဟာမွန်နှင့် ၈၄ မိနစ်တွင် မာတူနာတို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၁၃)အပြီးတွင် ရတနာပုံအသင်းက အမှတ် ၃၀ ဖြင့် ပထမ၊ နေပြည်တော်အသင်း ၂၅မှတ်ဖြင့် ဒုတိယ၊ လက်ရှိချန်ပီယံ ရန်ကုန်က ၂၄ မှတ်ဖြင့် တတိယ၊ မကွေးအသင်းက ၂၄မှတ်ဖြင့် စတုတ္ထ၊ ကမ္ဘောဇအသင်းက ၂၄ မှတ်ဖြင့် ပဉ္စမ၊ မနောမြေအသင်းက အမှတ် ၂၀ ဖြင့် ဆဋ္ဌမ၊ ဧရာဝတီအသင်းက ၁၉ မှတ်ဖြင့် သတ္တမနေရာတို့တွင် ရပ်တည်နေသည်။ ရန်ကုန်၊ မကွေးနှင့် ကမ္ဘောဇအသင်းတို့မှာ အမှတ်တူနေသော်လည်း ဂိုးကွာခြားချက်ဖြင့် အစဉ်လိုက် ရပ်တည်နေခြင်းဖြစ်သည်။

MNL ပြိုင်ပွဲ ယခုပွဲစဉ်အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ဇူလိုင် ၁၂ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပြည်တွင်းသတင်း

ဟင်းသီးဟင်းရွက်နှင့် သားငါး အဆင့်မြင့်လက်ကားဈေးကွက်ဖွင့်လှစ်ရေးဆွေးနွေး

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့၏ တိုးတက်လာသော လူဦးရေအတွက် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်သစ်သီးဝလံ ပန်းမန်နှင့် သားငါးများ လက်ကားဖြန့်ချိနိုင်ရန် အအေးခန်းများပါဝင်သည့် အဆင့်မြင့်လက်ကားဈေးကွက်တစ်ခု ဖွင့်လှစ်ရေးဆွေးနွေးပွဲကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အင်းစိန်မြို့နယ်ရှိ စည်ပင်သာယာခရိုင်ရုံး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်နှင့် သားငါးဆိုင်ရာ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တောင်သူလယ်သမားများအတွက် ဆန်စပါး၊ ပဲမျိုးစုံပြီးလျှင် ဒုတိယဝင်ငွေရ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပန်းမန်ထုတ်လုပ်မှုများ မြှင့်တင်လျက် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ တက်လှမ်းနိုင်ရန်နှင့်စားသုံးသူ ပြည်သူများအတွက် အပင်ရောဂါပိုးမွှား ကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပန်းမန်သာမက သားငါးများကိုပါ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် အအေးခန်းများပါဝင်သည့် အဆင့်မြင့်လက်ကားဈေးကွက်များကို ရန်ကုန်၊ နေပြည်တော်နှင့်မန္တလေးတို့တွင် ဖွင့်လှစ်ရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ထားပါကြောင်း၊ သို့ဖြစ်၍ ထုတ်လုပ်တင် ပို့ရောင်းချမှုနှင့်စားသုံးမှု လိုအပ်ချက်၊ ပြည်ပတင်ပို့ရန် လိုအပ်ချက်များကို လေ့လာတွက်ချက် သုံးသပ်ပြီးလက်တွေ့ဖြစ်နိုင်သည့် အရွယ်အစားပမာဏမှ စတင်၍ အကောင်အထည်ဖော်တည်ဆောက် ဖွင့်လှစ်သွားရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ရန်ကုန်မြို့ရှိ လက်ကား၊ လက်လီဈေးများ၊ သယ်ယူပို့ဆောင်ရေး အခြေအနေများ၊ တည်ဆောက်သင့်သည့်နေရာများကို ဆွေးနွေးတင်ပြပြီး တက်ရောက်သူများက အမှန်တကယ် လိုအပ်ချက်ဖြစ်၍ ကြိုဆိုပါကြောင်း၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း တင်ပြဆွေးနွေးကြပြီး တည်ဆောက်ရန်နေရာများကို ကွင်းဆင်းကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုင်းပန်၌ ဆိုင်းဘုတ်တင်

မိုင်းပန် ဇွန် ၂၃

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူပွဲကို မိုင်းပန်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့၌ ဇွန် ၂၀ ရက်က ကျင်းပရာ မိုင်းပန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးယုနှင့် အမှုဆောင် ဒေါ်သန္တာထွန်း၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာ ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခြင်း၊ ဆေးဖက်ဝင် ပေါက်ပန်းဖြူပင်များနှင့် နှစ်ရှည်စားပင်သီးပင်များ ရုံးဝင်းအတွင်း စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဗထူးရပ်ကွက်၌ ဇွန် ၂၁ ရက်မှစ၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန်အတွက် ဗထူးရပ်ကွက်နေ ဦးသောင်းညွန့်က အဘိတ်ဆေးနှစ်ပုံးလှူဒါန်းပြီး အဘိတ်ဆေးများကို တစ်အိမ်တက်ဆင်း ဆေးများခတ်ပေးလျက်ရှိရာ ဗထူးရပ်ကွက်တွင် အိမ်ခြေပေါင်း ၇၆၁ အိမ်၊ ရေကန်ပေါင်း ၂၆၀ တို့ကို အသုံးပြုနိုင်ရန်အတွက် ဗထူးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုနှင့် မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ၊ ကြက်ခြေနီ၊ မီးသတ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများလိုက်ပါ၍ သွေးလွန်တုပ်ကွေးကာကွယ်ရန်အတွက် ပိုးလောက်လမ်းများမတွယ်နိုင်အောင် ဖုံး၊ သွန်၊ လဲ၊ စစ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစဉ်။
မင်းဇော်ဦး(ရေကြည်)

မိုးညှင်း နန့်ရင်းချောင်း ရေညစ်ညမ်းမှုကင်းစေရေး လိုအပ်နေ

မိုးညှင်း ဇွန် ၂၃

ကချင်ပြည်နယ် မိုးညှင်းမြို့လယ်ရှိ နန့်ရင်းချောင်း**(အောက်ပုံ)**သည် တောင်မှမြောက်သို့ စီးဆင်းလျက်ရှိသည်။ ယခင်က မိုးရာသီမှလွဲလျှင် နွေ၊ ဆောင်းကာလတွင် ကြည်လင်အေးမြလျက်ရှိခဲ့သည်။

ယခုအခါ နန့်ရင်းချောင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းမှု လျော့နည်းခြင်းကြောင့် ဆောင်းမှာ ရေပြာပြာ၊ နွေမှာ ရေမည်းပြာ၊ မိုးမှာ ရေဝါတာတာဖြင့် သုံးရာသီအရောင်သုံးမျိုးဖြင့် မြင်တွေ့နေရပြီး ကြည်လင်သောချောင်းရေဆိုသည်ကို မမြင်တွေ့ရတော့ခြင်းဖြစ်သည်။ ဆောင်းနှင့်နွေ တစ်ခါတစ်ရံတွင် ရေနည်းချိန်ပါးလွှာသော ရေစီးကြောင်းနှင့်အတူ ရေညှိ ရေမှော်စများ၊ အမှိုက်စများဖြင့် ရောထွေးမျောပါခြင်းပင် ရှိခဲ့သည်။ တစ်ချိန်က မြို့လယ်ချောင်း တစ်လျှောက်၌ ချောင်းရေဖြင့် ရေချိုး အဝတ်လျှော်ဖွပ်ခြင်း များပြားသော်လည်း ယခုမူ ရေညစ်ညမ်းခြင်း၊ ရေနည်းပါးခြင်းကြောင့် အသုံးပြုသူ ရှားပါးလျက်ရှိသည်။

"ယခုလိုဖြစ်ရခြင်းဟာ ပုဂ္ဂိုလ်ရေးစီးပွားရေးအတွက်သာ ကြည့်ပြီး ဘက်စုံ ထိန်းသိမ်းမှုအားနည်းတာကြောင့်ဖြစ်ရတာပါ"ဟု ဒေသခံတစ်ဦးက ဆိုသည်။

ဒေသခံတချို့က "ရွှေသယံဇာတ ရှာဖွေလုပ်ကိုင်ခြင်း၊ သစ်ပင် သယံဇာတများ ခုတ်လှဲမှုများပြားခြင်း၊ သဲကျောက်သယံဇာတ ထုတ်လုပ်မှုများပြားခြင်း၊ ငါးသယံဇာတ ရှာဖွေဖမ်းယူမှု များပြားလာခြင်းတို့ကြောင့် ချောင်းကောလာပြီး ရေညစ်ညမ်းရခြင်းဖြစ်ကြောင်း၊ မိုးရာသီမှာ ရေဝါတာကာတော့ သဘာဝကြောင့် ဖြစ်ရတာပါ" ဟု ဆိုကြသည်။

လွန်ခဲ့သည့် တစ်နှစ်ကျော်က နန့်ရင်းချောင်းနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးက စီမံမှုတစ်ရပ်ဖြင့်ဆောင်ရွက်ရန် အစည်းအဝေးတစ်ခု၌ ရှင်းလင်းပြောခဲ့သော်လည်း ပြောင်းရွှေ့တာဝန်ကြောင့် ဖော်ဆောင်မှု ပြတ်တောက်ခဲ့သည်။ မြို့ပြစီမံချက်ဖြင့် ဝိုင်းထိန်းသိမ်းခြင်းဖြင့် နန့်ရင်းချောင်းရေ အရှည်တည်လျက် ရေညစ်ညမ်းခြင်းကင်းစေရန် လိုအပ်နေကြသည်။ မိုးညှင်းမြို့ အရှေ့ဘက်တွင် စီးဆင်းနေသော နန့်စကော့ချောင်းကလေးမှာ နှစ်စဉ်ကြည်လင်အေးမြနေဆဲဖြစ်၍ အဝတ်လျှော် ရေချိုးသူများ နေ့စဉ်စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **(ဝ၆၃)**

မူးယစ်ဆေးဝါး ဟောပြောပွဲကျင်းပ

နမ္မတူ ဇွန် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်ရေးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ခေတ်ပုံ၊ စာအုပ်စာတမ်းပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို အထက(၂)တွင် ဇွန် ၁၉ ရက် နံနက် ၉ နာရီ၌လည်းကောင်း၊ အထက(၁)တွင် ဇွန် ၂၀ ရက် နံနက် ၉ နာရီ၌လည်းကောင်း မန်စီကျေးရွာ အထက၌ နံနက် ၁၀ နာရီတွင်လည်းကောင်း ကျင်းပခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

သတင်းတိုများ

စလင်းမြို့တွင် မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ ရက် နံနက် ၇ နာရီက စလင်းမြို့နယ် တမာချောင်းကျေးရွာအုပ်စု တမာချောင်းကျေးရွာအနီး ဝက်သည်းကန်ဘေးဧရိယာတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ပြီး ကျွန်း ၇၄ တန်၊ ယူကလစ် ၄၅၀၊ တမာ ၁၅၊ မဲဇာ ၁၅၊ ရေတမာ ၁၇၊ မဲဇလီ ၁၀ စုစုပေါင်း အပင် ၅၈၁ ပင်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

ကျောင်းနေအရွယ်ကလေးများ နွားနို့တိုက်ကျွေး

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်တွင် အခြေခံပညာကျောင်းနေအရွယ်ကလေးများ နွားနို့တိုက်ကျွေးရေး အစီအစဉ်ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဇွန် ၁၈ ရက်တွင် ရွာငံမြို့နယ်အတွင်းရှိ သိမ်ကုန်းကျေးရွာ(မူလွန်ကျောင်း)၊ ဆင်နက်ချောင်းကျေးရွာ အမကနှင့် ပြေသာကျေးရွာ (အမက)တို့တွင် ကျောင်းနေအရွယ်ကလေးများကို နွားနို့နှင့်ပေါင်မုန့် တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးရာသီ သစ်ပင်စိုက်ပွဲကျင်းပ

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် ဇွန် ၂၁ ရက် နံနက် ၇ နာရီခွဲက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ သစ်တောဝန်ထမ်းများနှင့် သစ်ပင်ချစ်သူများက ညောင်အိုင်တံတားထိပ်မှ မြို့ရှောင်လမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ကျွန်းပျိုးပင် ၁၁၇၀ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟိုပင်၌ တောင်သူပညာပေးဆွေးနွေး

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲ နန့်ရင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ဇွန် ၁၈ ရက် နံနက် ၁၁ နာရီက တောင်သူပညာပေးဆွေးနွေးပွဲကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မင်းက လယ်ယာကဏ္ဍသီးနှံထုတ်လုပ်မှုတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်လွင်က မိုးစပါး GAP ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များကိုလည်းကောင်း၊ ဦးတင့်မျိုးကို (ခရိုင်မြေအသုံးချ) က စပါးစိုက်ရာတွင် ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးစနစ်များကိုလည်းကောင်း၊ ဦးလှထွန်း(ခရိုင်သီးနှံကာကွယ်ရေး) က ပိုးမွှားရောဂါကာကွယ်ရေးနည်းစနစ်များကိုလည်းကောင်း ရှင်းလင်းပြီး တောင်သူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကြံခင်းကျေးရွာတွင် အလက ကြံခင်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်မလရွှယ်၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးလဖိန်ဘရန်နှင့် မြို့နယ် ထွေ/အုပ် ဒုတိယဦးစီးမှူး ဦးသန်းစိုးတို့က ကျောင်းအဆင့်တိုးမြှင့်ခြင်းအတွက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **လွန်းနန်းထွေး(မိုးမောက်)**

ကျေးရွာငါးရွာ၌ မြစိမ်းရောင်စီမံကိန်းဆောင်ရွက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ မိုးကောင်းမြို့နယ် ပင်းခါး၊ ဆီးဒီယံ၊ ကြာအင်း၊ မန်ပင်နှင့်လွဲဆွန်းကျေးရွာတို့၌ နိုင်ငံတော်အစိုးရ၏ အရင်းမပျောက် လည်ပတ်ရင်းနှီးငွေကျပ် သိန်း၃၀၀စီဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရန် ကျေးရွာအလိုက် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများစနစ်တကျ ဖွဲ့စည်းပြီးဖြစ်ရာ ယခုအခါ အဆိုပါကျေးရွာငါးရွာလုံးအတွက် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ စာရင်းရှင်ငွေစာရင်းသီးခြားစီဖွင့်လှစ်ထားကြောင်း သိရသည်။ **ဝင်းအောင်**

ကြက်ခြေနီ ရှေ့ဦးသူနာပြုဝတ်စုံ ပေးအပ်

ဟူမ္မလင်းမြို့၌ ကြက်ခြေနီရှေ့ဦးသူနာပြုဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီခွဲက ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေက အမှာစကားပြောကြားပြီး ကြက်ခြေနီဝတ်စုံများကို ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌတို့က ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ အဆိုပါဝတ်စုံ တစ်စုံလျှင် ၁၂၅၀၀ နှုန်းဖြင့် ၁၆၅ စုံအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၂၀၆၂၅၀၀ ဖြစ်ကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

ရွှေဘိုခရိုင်ရှိ စွန့်လွှတ်စိုက်ပျိုးမြေယာများကို တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

ရွှေဘို ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေယာများ တောင်သူများထံသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၁ ရက် ညနေ ၃ နာရီခွဲက ရွှေဘိုမြို့ ရန်ကြီးအောင် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အဖွင့်အမှာစကားပြောကြားရာ၌ ယခင်က နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လမ်းပန်းဆက်သွယ်ရေး စီမံကိန်းများ၊ စက်ရုံအလုပ်ရုံနှင့် ရုံးဌာနများ၊ ဆေးရုံ၊ ကျောင်းနှင့် တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းများ၊ တပ်ရင်း/တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းများနှင့် နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ၌ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်မြေများ၊ မြေလွတ်၊ မြေရိုင်းများ ပါဝင်သကဲ့သို့ တောင်သူများ၏ လယ်ယာမြေများလည်း ပါရှိသွားခဲ့ပါကြောင်း။

ယခုအခါ နိုင်ငံတော် အစိုးရအနေဖြင့် အဆိုပါသိမ်းဆည်းခံ လယ်ယာမြေများနှင့် စပ်လျဉ်း၍ အမြန်ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးအတွက် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကော်မတီအနေဖြင့် ဥပဒေနှင့်အညီ လွှဲပြောင်းရယူထားသည့် သိမ်းဆည်းမြေများတွင် လက်တွေ့၌ နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ အမှန်တကယ် ထိရောက်စွာ အသုံးပြုနေသည့် မြေများမှအပ ကျန်မြေများနှင့် တပ်တည်ဆောက်ရန်နှင့် လေ့ကျင့်ရေးကွင်းများ တည်ဆောက်ရန်အတွက် သိမ်းဆည်းမြေများတွင်လည်း လုံခြုံရေးအတွက် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးမြေဧရိယာမှအပ ကျန်မြေများကို မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်ရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင်လည်း တရားနည်းလမ်းကျခြင်း၊ မျှတမှုရှိခြင်း၊ မလျော်ဩဇာသုံးစွဲမှုမရှိဘဲ လွတ်လပ်မှုရှိခြင်းဟူသော အခြေခံများကို ကိုင်စွဲကျင့်သုံးလျက် ရှိပါကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်စွန့်လွှတ်ပေးအပ်မည့် ဧရိယာပေါင်း ၄၉၅၈၉ ဒသမ ၅၃ဧကအနက် စိုက်ပျိုးမြေ ၁၇၀၄၀ ဒသမ ၂၀ ဧကကို သက်ဆိုင်ရာတောင်သူ ၂၁၅၂ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၃) ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း လယ်မြေ ၁၃၆၇ ဒသမ ၆၆ ဧက၊ ယာမြေ ၁၂၇၇ ဒသမ ၂၄ဧက စုစုပေါင်း ၂၆၄၄ ဒသမ ၉၀ ဧကကို သက်ဆိုင်ရာ တောင်သူ ၃၈၂ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) ပေးအပ်ခြင်းဖြစ်ပါကြောင်း။

ထို့အပြင် ပေးအပ်ရန်ကျန်ရှိသည့် စွန့်လွှတ်မြေများကိုလည်း တောင်သူများထံ အမြန်ဆုံး ပေးအပ်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ယာယီ လုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၃) ရရှိမည့် တောင်သူများအနေဖြင့် မြေအသုံးချခြင်းကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်လျှောက်ထားကြရန် ဖြစ်ပါကြောင်း၊ သို့မှသာ လယ်မြေများသည် သားစဉ်မြေးဆက်လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိကြမည်ဖြစ်ပါကြောင်း၊ ယနေ့ စွန့်လွှတ်အပ်နှံမြေများကို သက်ဆိုင်ရာ တောင်သူများထံသို့ ပေးအပ်နိုင်ခဲ့သည့်အတွက် တောင်သူများအနေဖြင့်လည်း ရရှိသော လယ်ယာမြေများကို မိမိတို့ အကျိုးစီးပွားနှင့် နိုင်ငံတော်၏ အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီး ဦးစောမြင့်ဦးက တိုင်းဒေသကြီးမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြေရှင်းဆောင်ရွက်ပေးရမည့် အစီရင်ခံစာအပိုင်း(၁)ပါ တပ်မတော်မှ ပြန်လည်စွန့်လွှတ်သည့် ကိစ္စရပ်လေးခု ဧရိယာ ၆၆၅၁ ဒသမ ၄၅ ဧက၊ အစီရင်ခံစာ အပိုင်း(၃)ပါ ဌာနအဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် ကိစ္စရပ်လေးခု ဧရိယာ ၃၀၈ ဒသမ ၂၄ ဧက၊ အစီရင်ခံစာ အပိုင်း (၅) ပါ ဌာနအဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် ကိစ္စရပ်တစ်ခု ဧရိယာ ၀ ဒသမ ၂၄ ဧကနှင့် တပ်မတော်မှ သီးခြားပြန်လည်အပ်နှံသည့် ကိစ္စရပ်ငါးခု ဧရိယာ ၁၂၉၁၁ ဒသမ ၇၉ ဧက စုစုပေါင်း ကိစ္စရပ် ၁၄ ခု ပြန်လည်စွန့်လွှတ်သည့် ဧရိယာ ၁၉၈၇၁ ဒသမ ၄၂ ဧကရှိသည့်အနက် စိုက်ပျိုးနိုင်သည့်ဧရိယာ ၉၄၇၈ ဒသမ ၉၂ ဧကကို ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် တပ်မတော်မှ ဒုတိယအကြိမ် ပြန်လည်စွန့်လွှတ်ပေးသည့် ကိစ္စရပ် ၁၁၉ ခု၊ ဧရိယာ ၂၉၇၁၈ ဒသမ ၁၁ ဧကကို ထပ်မံဆောင်ရွက်ခဲ့ပြီး ကိစ္စရပ်ပေါင်း ၁၃၃ ခုအတွက် ဧရိယာပေါင်း ၄၉၅၈၉ ဒသမ ၅၃ ဧကအနက် စိုက်ပျိုးမြေ ၁၇၀၄၀ ဒသမ ၂၀ ဧက ကို သက်ဆိုင်ရာ တောင်သူများထံသို့ လွှဲပြောင်းနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်တို့က စွန့်လွှတ်မြေယာများကို တောင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ရာ တောင်သူများ၏ကိုယ်စား ကိုယ်စားလှယ်များက လက်ခံယူခဲ့ကြသည်။

ထို့နောက် မြေယာလက်ခံရရှိသည့် တောင်သူများကိုယ်စား ရွှေဘိုမြို့နယ် ရွာမိသာကျေးရွာမှ တောင်သူ ဦးဗိုလ်ဌေးက လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသည့်အတွက် တောင်သူများ အကျိုးစီးပွားကို အလေးထား ဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရိက္ခာပြည့်စုံဖူလုံရေးအတွက် စိုက်ပျိုးရေးကို ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် ကျောက်မြောင်းမြို့နယ်ခွဲသို့ ရောက်ရှိရာ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ရွှေနှံးတိုးစေတီ၊ ရွှေတောင်ဦးစေတီတို့ရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(တိုင်းဒေသကြီးပြန်/ဆက်)

ပြည်တွင်းသတင်း

နိုင်ငံတကာစံညွှန်းနှင့်အညီဖြစ်စေရန် GSM မိုဘိုင်းဖုန်းတာဝါတိုင်များ တိုးချဲ့တည်ဆောက်ရေးစီမံကိန်းအရ ကချင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုးညှင်းခရိုင် မိုးညှင်းမြို့ မြန်မာ့ဆက်သွယ်ရေးဝင်း၌ GSM မိုဘိုင်းဖုန်းတာဝါတိုင် တိုးချဲ့တည်ဆောက်လျက်ရှိရာ ဇွန် ၂၂ ရက်က ပြီးစီးနေသည်ကို တွေ့ရစဉ်။ မျိုးအောင် (ရွှေရတု)

CESVI စီမံကိန်းမှ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ အီတလီနိုင်ငံသား ကွင်းဆင်းလေ့လာ

ဆိပ်ဖြူ ဇွန် ၂၃

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ရှေ့သို့စီမံကိန်း CESVI စီမံကိန်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို လေ့လာရန် ရန်ကုန်မြို့ ချက်စ်ဗီ(ရှေ့သို့) စီမံကိန်းအရာရှိ Mrs. Libera Antelmi Dazio၊ ထောက်ပံ့ပို့ဆောင်ရေးညှိနှိုင်းရေးမှူး Mr.Paolo Vaggi၊ Ms. Bona Sai Miatta တို့နှင့် မကွေးတိုင်းဒေသကြီး ရှေ့သို့ဒေသဆိုင်ရာစီမံကိန်း ညှိနှိုင်းရေးမှူး ဦးဌေးနိုင် လိုက်ပါလျက် စလင်းမြို့မှ ဆိပ်ဖြူမြို့သို့ ဇွန် ၂၁ ရက်က ရောက်ရှိခဲ့ပြီး မြို့နယ်ညှိနှိုင်းရေးမှူး ဦးမျိုးမင်းအောင် လိုက်ပါလျက် သပြေကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ကျေးရွာအတွင်းရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့အား စီမံကိန်းပြီးစီးသွားချိန်တွင် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို မေးမြန်းပြီး ယခင်က စိုက်ပျိုးခဲ့သော မိရိုးဖလာမျိုးစေ့မှ သီးနှံထွက်နှုန်းထွက်ရှိမှု၊ မျိုးစေ့ဘဏ်မှရယူ၍ စိုက်ပျိုးခဲ့သော သီးနှံထွက်နှုန်း ထွက်ရှိမှုတို့ကို နှိုင်းယှဉ်၍ မေးမြန်းခဲ့ပြီး ရှေ့သို့စီမံကိန်းမှ ဆောင်ရွက်ထားရှိသည့် နမူနာသရုပ်ပြစိုက်ကွက် လယ်သမားကွင်းတွင်း သင်တန်းကျောင်း၊ ရှေ့သို့ စီမံကိန်းသင်တန်း ပို့ချထားသည့် မျိုးစေ့ထုတ်တောင်သူများ လက်တွေ့မျိုးစေ့ထုတ်ယူနေမှုတို့ကို ကြည့်ရှုခဲ့ပြီး ဆိပ်ဖြူမြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။

ချက်စ်ဗီ(ရှေ့သို့) စီမံကိန်းအရာရှိ Mrs.Libera Antelmi Dazio၊ ထောက်ပံ့ပို့ဆောင်ရေး ညှိနှိုင်းရေးမှူး Mr.Paolo Vaggi ၊ Ms.Bona Sai Miatta တို့နှင့် မကွေးတိုင်းဒေသကြီး ရှေ့သို့စီမံကိန်းဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးဌေးနိုင်တို့သည် ည ၇ နာရီတွင် ဆိပ်ဖြူမြို့မှ ညောင်ဦးမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

စိုးလင်းနိုင်(iprd)

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ကိုးနေရာတွင် မြစ်ချောင်းကမ်းပါးထိန်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

စစ်ကိုင်း ဇွန် ၂၃

မြစ်ကမ်းပါးနှင့် ချောင်းကမ်းပါး ဒေသကျေးရွာများနေ ဒေသခံများ ရေဘေးအန္တရာယ် ကင်းဝေးစေရန်နှင့် မြစ်ချောင်းကမ်းပါးများ ရေတိုက်စားမှုဒဏ်မှ ကာကွယ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု သီးသန့်ရန်ပုံငွေဖြင့် ကျောက်ဖြည့် သံဆန်ခါခြင်း အခြေပြု ကျောက်စီမြေထိန်းနံရံ၊ မျော ကျောက်ဖြည့် ကရစ်တန်း၊ ကျောက်စီတမံ၊ ရေလွှဲရေကာ၊ မျောကျောက်ဖြည့် ကမ်းထိန်းလုပ်ငန်း ကိုးခုကို ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးထံမှ သိရသည်။

တည်ဆောက်ပြီး

ကလေးခရိုင်အတွင်း ဥပုဒ်ချောင်းကမ်းပြို ကာကွယ်ရေးအတွက် တံတားဦးအထက်ဘက်မှ Hermon အဆောက်အအုံ အောက်ဘက်အထိ ပေ ၉၀၀ အရှည်ရှိ ကျောက်ဖြည့် သံဆန်ခါခြင်း အခြေပြု ကျောက်စီမြေထိန်းနံရံကို ငွေကျပ်သန်း ၁၄၁ ဒသမ ၃၀ အကုန်အကျခံ တည်ဆောက်ပြီးစီးပြီဖြစ်သလို အဆိုပါ ဥပုဒ်ချောင်းကမ်းပြို ကာကွယ်ရေးအတွက် တံတားဦးအထက်ဘက်မှ Energy Group အထက်ဘက်အထိ ပေ ၅၇၀ အရှည် မျောကျောက်ဖြည့် ကရစ်တန်းကို ငွေကျပ် သန်း ၅၃ ဒသမ ၆၀ ဖြင့် လည်းကောင်း၊ ဥပုဒ်ချောင်း ဆိပ်ကမ်းသာတံတား အပိုင်း ၂၇၅ ပေ ကျောက်စီတမံကို ငွေကျပ် ၂၁ ဒသမ ၇၅ သိန်းဖြင့် တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

အကုန်အကျခံ

ထို့အပြင် ဆည်ကြီးတံတား ကမ်းပြိုကာကွယ်ရေးအဖြစ် ပေ ၅၀၀ ရှိ မျောကျောက်ဖြည့် ကမ်းထိန်းလုပ်ငန်းကို ငွေကျပ် ၁၂ သိန်းဖြင့် လည်းကောင်း၊ နတ်တံခါးတံတား ကမ်းပြိုကာကွယ်ရေးအဖြစ် ပေ ၅၀၀ ရှိ မျောကျောက်ဖြည့် ကမ်းထိန်းလုပ်ငန်းကို ငွေကျပ် သန်း ၈ ဒသမ ၂၀ ဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ရာ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ပေ ၁၀၀ နှင့် ၁၆၅ ပေရှိ ရေလွှဲရေကာများကို နတ်မြောင်းချောင်းတံတား ကမ်းပြိုကာကွယ်ရေးအတွက် ငွေကျပ် သန်း ၁၂ ဒသမ ၄၀ အကုန်အကျခံ၍လည်းကောင်း၊ ပေ (၆၀၀× ၄၈၀) ရှိ ဇင်းကလဲ တံတားမျောတိုင်တန်း ကရစ်ကွက်ကို ငွေကျပ် ၁၅ သန်း ဖြင့်လည်းကောင်း၊ ပေ ၂၀၀ ရှိ ဖောင်းကူးတံတားမျောတိုင်အခြေပြု ကျောက်စီနံရံနှင့် ကျောက်စီတမံကို ငွေကျပ် ၆၀ ဒသမ ၈၈ သန်းဖြင့် လည်းကောင်း၊ ရေဆန်ကျွန်းဘုရားအနီးတွင် ၇၂၀ မီတာရှိ ရေလွှဲတူးမြောင်းနှင့် ၈၇ ပေရှိ ရေလွှဲရေကာတို့ကို ငွေကျပ် ၄၄ဒသမ၅၆ သန်း အကုန်အကျခံတည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ရိခေါဒါရ်၌ ကျင်းပ

ရိခေါဒါရ် ဇွန် ၂၃

ချင်းပြည်နယ် ရိခေါဒါရ် မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် သစ်တောဦးစီးဌာန တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက် နံနက် ၇ နာရီက ရိခေါဒါရ်မြို့ အမှတ်(၁) ရပ်ကွက်၌ ကျင်းပ သည်။

အဆိုပါ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ချယ်ရီပင် ၁၀၀ နှင့် ထင်းရှူးပင် ၁၀၀ စုစုပေါင်းအပင် ၂၀၀ ကို ရိခေါဒါရ်မြို့ တိုက်နယ် ဆေးရုံဝင်းအတွင်း၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူ ၆၀တို့က စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

နွေစပါးစိုက်ပျိုးမှု ကုန်ကျစရိတ်များသော်လည်း ထွက်နှုန်းကောင်း

သာစည် ဇွန် ၂၃

မိတ္ထီလာခရိုင် သာစည်မြို့နယ် တွင် နွေစပါးစိုက်ပျိုးကြသော တောင် သူများ ကုန်ကျစရိတ်များသော်လည်း ထွက်နှုန်းကောင်းပြီး စပါးဈေးကောင်း သောကြောင့် တောင်သူများ တွက် ခြေကိုက်ကြကြောင်း သိရသည်။

"ကျွန်တော်တို့က စရိတ်တာ နှစ်ရက်ပဲရှိသေးတယ်။ တချို့က တော့ ရိတ်သိမ်းပြီးပါပြီ။ နွေစပါးကို သက်တမ်းတို ရက် ၉၀ စပါးမျိုး အဓိကထား စိုက်ပျိုးကြပါတယ်။ နွေစပါးစိုက်ပျိုးတဲ့အချိန်မှာ ပျိုးနုတ် ကောက်စိုက် နေ့စားအလုပ်သမားခ တွေ၊ လယ်ထွန်တဲ့အခါမှာ ထွန်ငှား တွေက ဈေးကြီးပေးရတယ်။ စိုက်ပျိုး ပြီး ရိတ်သိမ်းချိန်ရောက်တော့လည်း မိုးဦးလေဦးကျမှာ ရိတ်သိမ်းရတော့ မိုးလေကင်းလွတ်ပြီး အချိန်မီအမိုး အကာ အောက်ရောက်ဖို့ကို အလုပ် သမားတွေငှား၊ စက်မှုလယ်ယာသုံး ပစ္စည်းတွေငှားပြီး လုပ်ရတော့ ကုန်ကျစရိတ်များပါတယ်။ ဒါပေမယ့် နွေစပါးက မိုးစပါးထက် အထွက်နှုန်း ပိုကောင်းတာရယ် စပါးဈေးက မနှစ် ကထက် အထိုက်အလျောက်ပိုကောင်း တော့ ကုန်ကျစရိတ်များပေမယ့် တွက် ခြေကိုက်ပါတယ်"ဟု တောင်သူ တစ်ဦးက ပြောပြသည်။ သာစည် မြို့နယ်တွင် နွေစပါးကို သက်တမ်းတို ရက် ၉၀ စပါးမျိုးနှင့် ပုလဲသွယ် စပ်မျိုးစပါးတို့ကို စိုက်ပျိုးကြကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၂၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၁၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၈၀၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၃၀၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၃-၉၇၃
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၆၃
ထိုင်း	တစ်ဘတ်	၃၀.၅-၃၁
အိန္ဒိယ	တစ်ရူပီး	၁၅.၂-၁၅.၇၉
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်ယာအသစ်)	တစ်အိတ်	၁၇၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၁၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၅၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၉၃
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၅၄၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၅၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၅၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၅၅၀
ရေတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၅၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၇၀၀
သကြား	တစ်ပိဿာ	၉၂၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဇွန် ၁၇ ရက်က လှိုင်မြို့နယ် အမှတ်(၃) အခြေခံပညာဦးစီးဌာန အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၏ နာတာရာဂျန်-Hall လှူဒါန်းပွဲအခမ်းအနားကို အဆိုပါကျောင်း၌ကျင်းပရာ အလှူရှင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးနှင့် ကျောင်းအကျိုးတော်ဆောင်များက ဖွင့်လှစ်ပေးစဉ်။ မီးမီး(လှိုင်)



Contact us at : +959 250 206251
www.ayabank.com
www.facebook.com/aya.ibanking
No.1 Ywama Curve,
Ba Yint Naung Road
Block 2 Hlaing Township,
Yangon, Myanmar
AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner
WORLD FINANCE BANKING AWARDS 2013
THE GLOBAL COMPACT WE SUPPORT

ခိုးရာပါပစ္စည်းများ စစ်ဆေးရာမှ ဆိုင်ကယ်ခိုးသူအား ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့

တာချီလိတ် ဇွန် ၂၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်၌ ခိုးရာပါပစ္စည်းများလက်ခံပြီး ပုံဖျက်ရောင်းချသူနှင့် ဆိုင်ကယ်ရောင်းချသူတို့အား စစ်မေးရာမှ ဆိုင်ကယ်ခိုးသူကို ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့မ ရဲစခန်း စခန်းမှူး ဒုရဲမှူးကျော်သန်းသည် ဇွန် ၂၁ ရက် ည ၇ နာရီက ရဲစခန်းတွင် တာဝန်ထမ်းဆောင်နေစဉ် နယ်ထိန်းတပ်ကြပ်ကြီး စိုးမင်းမင်းနှင့် တပ်ကြပ်ကြီး ကျော်စွာအောင်တို့က ဝမ်ကောင်းရပ်ကွက်နေ ရဲရင့်ဝင်းသန်းဆိုသူသည် ခိုးရာပါပစ္စည်းများလက်ခံပြီး ပုံဖျက်ရောင်းချနေကြောင်း သတင်းရရှိ၍ ရဲစခန်းသို့ခေါ်ယူစစ်မေးရာ ကိုဇော်ဆိုသူအား WAVE - 110 အနီ/ခဲရောင်၊ NS 110 SE ----၊ ဘောင်အမှတ် NS 110 S ----- ဆိုင်ကယ်ကို ထိုင်းဘတ်ငွေ ၂၆၅၀၀ ဖြင့် ရောင်းချခဲ့ကြောင်း သိရသဖြင့် ဆိုင်ကယ်နှင့်အတူ ကိုဇော်နှင့် ရဲရင့်ဝင်းသန်းတို့အား ရဲစခန်းသို့ခေါ်ဆောင်ပြီး စစ်မေးရာ ပိုင်ဆိုင်ကြောင်း အထောက်အထားပြနိုင်ခြင်း မရှိသဖြင့် ရဲရင့်ဝင်းသန်းနှင့် ကိုဇော်တို့သည် ဆိုင်ကယ်ကို တစ်နေရာမှ ခိုးယူလာနိုင်ဖွယ်ရှိသဖြင့် ပိုင်ရှင်အား စုံစမ်းဖော်ထုတ်နိုင်ရန်အတွက် ရဲရင့်ဝင်းသန်း (၃၀နှစ်) ရတနာလမ်း ဆိုင်ကယ်ပြင်ဆိုင် ဘုရင့်နောင်ဈေး ဝမ်ကောင်းရပ်ကွက်နေသူနှင့် ကိုဇော် (ခ)သန်းဇော် (၃၂နှစ်) လိပ်စာတူနေသူနှစ်ဦး(**ယာပုံ**)အား တာချီလိတ်မြို့မရဲစခန်းကအမှုဖွင့်ကာ အမှုစစ် ဒုရဲအုပ်တင်ဝင်းက ဆက်လက်စုံစမ်းခဲ့ရာ ဆိုင်ကယ်ပိုင်ရှင် စိုင်းရဲဝင်းအောင်၊ ရွှေတာချီလိတ်ခရီးသွားလုပ်ငန်း ဆန်ဆိုင်(က)ရပ်ကွက်

ဝမ်မိုင်ရွာနေသူထံမှ လွှန်ခဲ့သောတစ်ပတ်ခန့်က စိုင်းယီတစ်(ခ)စိုင်းတစ်(၂၉နှစ်) ယာမြေ မကာဟိုခမ်းရပ်ကွက် တာချီလိတ်မြို့နေသူမှ ငှားရမ်းပြီး ဆိုင်ကယ်သော့အပွားတစ်ခုပြုလုပ်ပြီး အခင်းဖြစ်နေ့ရက်တွင် ၎င်းသော့ဖြင့် ခိုးယူသွားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် စိုင်းယီတစ်(ခ)စိုင်းတစ်ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

တရားမဝင် ရွှေတူးဖော်ပစ္စည်းများ သိမ်းဆည်းရမိ

ကောလင်း ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ တရားမဝင်ရွှေတူးဖော်နေကြောင်း သတင်းရရှိရာ ဇွန် ၁၇ ရက်က ဥက္ကံရွာနှင့် နှစ်ဖာလုံဝေးသော ဒေါင်းမြူးချောင်းဘေးရှိ တရားမဝင် ရွှေတူးဖော်နေသောနေရာသို့ ကောလင်းမြို့မရဲစခန်းနယ်ထိန်းခေါင်းဆောင် ရဲအုပ်ဟုန်းထန်း ဦးစီးသောအဖွဲ့နှင့် ပူးပေါင်းအဖွဲ့မှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ မိုးရွာသွန်းမှုကြောင့် ရေလျှံနေသည့်အပြင် လုပ်ငန်းများလုပ်ကိုင်နေခြင်းမရှိသည့်အတွက် ပိုင်ရှင်နှင့်အလုပ်သမားများကိုမတွေ့ရဘဲ ရွှေတူးဖော်ရာတွင်အသုံးပြုသည့် ဖြုန်းစက်တစ်လုံး၊ စတီးလ်ဘလောက်ကြိုးအကြီးအသေးတစ်စုံ၊ ဇလား မျှော ခွက်တစ်ခု၊ ဖြုန်းစုပ်ရေတင်ရာတွင် အသုံးပြုသော ပိုက်နှစ်လုံး၊ ရေပို့စက်တစ်လုံး၊ စက်အထိုင်သံအောက်ခံတစ်ခု၊ အရှည် ပေ ၂၀၀ ခန့်စီရှိ အဝါရောင်လေးလက်မပိုက်နှစ်ခု၊ နှစ်ပေါက်ထွက် ရေခရုတစ်ခု၊ ကျွဲလည်ချောင်းပုံ ရေစုပ်စက်တစ်လုံးတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။ အဆိုပါ ပစ္စည်းများကို ဥက္ကံကျေးရွာအုပ်ချုပ်ရေးမှူးထံ ခေတ္တအပ်နှံထားပြီး ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၉၂)**

လုယက်သူများအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် ဇွန် ၂၃

ဇွန် ၂၀ ရက် နံနက် ၂ နာရီခွဲက မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကန်တောင်ကျေးရွာ ထက်ရည်လင်း ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီရှိ အထွေထွေပစ္စည်းများ သိုလှောင်ထားသည့် ဂိုဒေါင်အတွင်းမှ အရေးပေါ်အချက်ပေးဘဲလ်သံကြားသဖြင့် ကုမ္ပဏီတာဝန်ခံ ဦးဖိုးချမ်း (၅၅နှစ်) က ဝန်ထမ်းများနှင့်အတူ သွားရောက်ကြည့်ရှုရာ ဂိုဒေါင်ဝင်ပေါက်သံပေါက်တွင် အမည်မသိအမျိုးသားများက တုတ်၊ ဓားများကိုင်ဆောင်၍ ဂိုဒေါင်အတွင်းရှိ ပစ္စည်းများကို လုယက်ခိုးယူနေသည်ကို တွေ့ရသည်။ အဆိုပါ လုယက်ခိုးယူနေသူများက ကုမ္ပဏီဝန်ထမ်းဖြစ်သူ နိုင်လင်းအောင် (၂၇ နှစ်)ကို ဓားရှည်ဖြင့်ထောက်၍ ကုမ္ပဏီဝင်းပြင်ပ တောလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားခဲ့သဖြင့် ဂိုဒေါင်အတွင်း စစ်ဆေးရာ တစ်ပိုင်းလျှင် ၂၅ ပိဿာခန့်ရှိ ရွှေဝါကာဗွန်အိတ်ပိုင်း ၂၅ ပိုင်းခန့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၂ သိန်းခန့်ပါသွားကြောင်း သိရသဖြင့် ဖြန့်ခွဲလိုက်လံရှာဖွေခဲ့ရာ ရွှေဝါကာဗွန်အိတ်ပိုင်း ၁၃ ပိုင်းကို ပြန်လည်တွေ့ရှိခဲ့ပြီး လုယက် ခိုးယူသူများအား ဖမ်းဆီးရမိရေးအတွက် လက်ပန်လှရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကျည်တောက်ပေါက်ကျေးရွာနှင့် ကျောက်ချောင်းရပ်ကွက်များသို့ ဖြန့်ခွဲဖမ်းဆီးခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်က မောင်ခိုက်(ခ) မောင်ထိုက်(ခ) မြင့်ထိုက်ဝင်းပါ ငါးဦးကို ဖမ်းဆီးရမိခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ ဖြစ်မှုကျူးလွန်ရာတွင်ပါဝင်သည့် စဉ့်ကူးမြို့နယ် ကန်တောင်ကျေးရွာနေသူများဖြစ်သော အောင်တိုး(၂၁နှစ်)နှင့် ဇေယျာဖြိုး(ခ)ဇေယျ (၂၆နှစ်)တို့နှစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့ပြီး ပျောက်ဆုံးပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုရဲ

စလင်းဘတ်အိတ်အတွင်းမှ ငွေများနှိုက်ယူနေသည့် ခါးပိုက်နှိုက်အမျိုးသမီးတစ်ဦး ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များ ခါးပိုက်နှိုက်များ ဖမ်းဆီးအရေးယူနိုင်ရေးအတွက် ဇွန် ၂၁ ရက်က လသာမြို့နယ် (၈) ရပ်ကွက် သိမ်ကြီးဈေး (ဒီ)ရုံရှေ့၌ စောင့်ကြည့်သတင်းစုံစမ်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ စောင့်ကြည့်နေစဉ် နံနက် ၁၀ နာရီ ၁၀မိနစ်ခန့်က သိမ်ကြီးဈေး(ဒီ)ရုံရှိ မုန့်ဆိုင်တန်းဝင်ပေါက်အနီး မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်နေ မစန်းအေး (၃၈နှစ်)က ဈေးဝယ်နေသူ အမျိုးသမီးတစ်ဦးလွယ်ထားသော စလင်းဘတ်

အိတ်ကို ဇစ်ဖွင့်၍ အတွင်းမှ ငွေကျပ် ၂၂၀၀၀ကို နှိုက်ယူနေစဉ် ဖမ်းဆီးရမိခဲ့သည်။ ထိုသို့ ဖမ်းဆီးရမိသဖြင့် ၎င်းအား လသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

ဘိန်းဖြူ ၀ဒသမ ၆ ဂရမ်နှင့် ငွေစက္ကူငါးသိန်းကျော်ဖမ်းမိ

ကသာ ဇွန် ၂၃

ဗန်းမောက်မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ဝင်းနှင့် ပူးပေါင်းအဖွဲ့သည် ဇွန် ၂၀ ရက် ည ၈ နာရီခွဲက မြနန္ဒာရပ်ကွက်နေ ထွန်းလွင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်ပေါ်တွင် ထွန်းလွင်နှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန်ရောက်ရှိနေသော စက်ရှောင်၊ ဖိုးကျန်(ခ)ဆွေနိုင်ဦး၊ အောင်ပြောင်း(ခ)သန်းဝင်းတို့လေးဦးကို တွေ့ခဲ့ရပြီး နေအိမ်မီးဖိုခန်းအဝင်ဝမှ Red Ruby စီးကရက်ဘူးခွံအတွင်းထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူအမှုန့် အလေးချိန် ၀ ဒသမ ၄ ဂရမ်ပါ ပင်နီဆီလင် ပုလင်းတစ်လုံး ထွန်းလွင်ပစ်ချလိုက်၍ အိမ်ရှေ့မြေကြီးပေါ်မှ သက်သေများ ရှေ့ကောက်ယူသိမ်းဆည်းရမိခဲ့သည့် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၀ ဒသမ ၂ ဂရမ်၊ ပင်နီဆီလင်ပုလင်းတစ်လုံး စုစုပေါင်း ဘိန်းဖြူအလေးချိန် ၀ဒသမ ၆ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၆၀၀၀၀ နှင့်အတူ ငွေစက္ကူရောရာ ၅၆၆၅၀၀ ကျပ်၊ ဘိန်းဖြူသုံးစွဲရာတွင် အသုံးပြုသည့် 3CC ဆေးထိုးပိုက်များ၊ ဘိန်းဖြူမှုန့်များကပ်ပေနေသည့် ပင်နီဆီလင် ပုလင်းခွံသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဦးရဲ(ကသာ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀/၄၅၇၆၊ Nissan Cedric SIL(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မောင် ၁၄/ပသန(နိုင်)၀၀၉၉၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အထူးတရားစခန်းပွဲ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနီလမ်း၊ လက်လုပ်တောင်တောရကျောင်းတွင် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး၏သက်တော်(၇၃)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အတွက် ဓမ္မပူဇာဖြင့်ပူဇော်၍ ဗောဓိရိပ်ငြိမ်ဆရာတော် အရှင်ဣန္ဒာစရိယသူတော်မြတ်က ဦးဆောင်၍ ဒုလ္လဘရဟန်း ၇၅ပါးနှင့်သီလရှင် ၇၅ပါးတို့မှ ဓမ္မဖြင့် ပူဇော်ကြမည်ဖြစ်ပါ၍ စခန်းဝင်မည့်သူတော်စင်အပေါင်းတို့သည် (၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၅ရက်)၁-၇-၂၀၁၄ရက်မှ (ဝါဆိုလပြည့်နေ့) ၁၀-၇-၂၀၁၄ ရက်အထိ ပြသပေးပါမည်။ တရားစခန်းဝင်လိုကြသော ယောဂီများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးပို့နိုင်ပါသည်။

ဖုန်း-၀၉-၄၉၂၀၃၃၇၃၊ ၀၉-၄၉၂၇၄၂၀၂၊ ၀၉-၂၅၀၁၉၉၁၅၃၊ ၀၉-၄၂၀၇၇၅၀၇၅၂

လက်လုပ်တောင်သာသနာ့ကုန်းမြေ၊ သာသနာ့အကျိုးတော်ဆောင်အဖွဲ့

သင့်သွေးဖြင့် အသက်ကယ်ပါ

ရွှေကြေးစည် မှ (ကျိုက်ထီးရိုး) (နေပြည်တော်)
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်ိစမ်းဂူ။
▲ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်။
▲မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ။
▲ကျိုက္ခမီ၊ မော်လမြိုင်၊ ဇက်ခဲ၊ ဘွားလဝီတောင်။
တား၊ တည်း၊ ငြိမ်း အပတ်စဉ် သောကြာနှင့် July 10
ပန်းဆိုးတန်း ☎240860/372290 ဒေါ်ပုံ 09-49282825 ကမာကြည်အိမ်ရာ 09421029191

‘ကာယကံရှင်၊ ကျောင်းသူ ကျောင်းသားများနှင့် အတန်းဖော်မိဘများကိုယ်စား’

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းကို ထူးထူးချွန်ချွန်အောင်မြင်ခဲ့ကြသည့် အတန်းဖော်သူငယ်ချင်းများ၏ အောက်ဖော်ပြပါ သားသမီးများအတွက် ၈၈-၉၄ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများ (88-94 YAU)မှ အထူးဝမ်းမြောက်ဂုဏ်ယူကြောင်းကို အလေးအနက်ဖော်ပြအပ်ပါသည်။

စဉ် ကာယကံရှင်ကျောင်းသူ/သားအမည်	မိဘအမည်	ဂုဏ်ထူး
၁။ မနှင်းဦးဝတ်ရည်(မနတ-၄၈၁)	ဦးအောင်စိုးဦး-ဒေါ်ထွေးအိမေ	ဘာသာစုံဂုဏ်ထူးရှင်
၂။ မောင်ဖြိုးပြည့်စုံ (စရ-၁၀၃၅)	ဦးဝင်းဗိုလ်ဟန်-ဒေါ်ခင်ဝင်းမာ	လေးဘာသာဂုဏ်ထူးရှင်
၃။ မဉာဏ်ရည်မွန် (စရ-၁၆၄)	ဦးဉာဏ်လင်း-ဒေါ်လဲ့လဲ့အေး	သုံးဘာသာဂုဏ်ထူးရှင်

၈၈-၉၄ စိုက်ပျိုးရေးဘွဲ့ရ အတန်းဖော်သူငယ်ချင်းများ

ကန့်ကွက်လိုက ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဦးစိုးနိုင်	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	၆/၆၉	ဒေါ်ရစ်စန္ဒာ+၁	၆/၆၉ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း
၂။	ဦးစိုးနိုင်	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	၇/၆၉	ဒေါ်ရစ်စန္ဒာ+၁	၇/၆၉ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း
၃။	ဦးစိုးနိုင်	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	၈/၆၉	ဒေါ်ရစ်စန္ဒာ+၁	၈/၆၉ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း
၄။	ဦးစိုးနိုင်	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	၉/၆၉	ဒေါ်ရစ်စန္ဒာ+၁	၉/၆၉ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း
၅။	ဦးစိုးနိုင်	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	၁၀/၆၉	ဒေါ်ရစ်စန္ဒာ+၁	၁၀/၆၉ ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း
၆။	ဦးစိုးနိုင်	၁၂/ကတတ(နိုင်)၀၀၁၅၂၈	ဗဟန်း	၃၅F	၁၁/၆၉	ဒေါ်ရစ်စန္ဒာ+၁	၁၁/၆၉ ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

ဒိုလေးတို့ပေါ်တူဂီ နောက်တစ်ဆင့် တက်ဖို့ခက်ပြီ

အာကာကျော်

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား စီရိုနယ်ဒို ဦးဆောင်တဲ့ ပေါ်တူဂီအသင်းဟာ အမေရိကန်ကို သရေကျအောင် ကစားနိုင်ခဲ့ပေမယ့် နောက်တစ်ဆင့်တက်ဖို့တော့ မလွယ်ပါဘူး။ တကယ့်ကို ကြိုးစားအားထုတ်နိုင်မှ တက်နိုင်မှာပါ။ ဒါပေမယ့် အခွင့်အလမ်း နည်းသွားပြီလို့ဆိုရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအုပ်စု (G) မှာ ဂျာမနီက တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ လေးမှတ်ရပြီး ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ အမေရိကန်က ဒုတိယနေရာမှ လေးမှတ်ရယူထားပါတယ်။ ဂျာမနီအသင်းကို မာမာတင်းတင်းကစားခဲ့တဲ့ ဂါနာကလည်း တစ်မှတ်ရထားပါတယ်။ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဂျာမနီနှင့် အမေရိကန်၊ ဂါနာနှင့် ပေါ်တူဂီ တွေ့တဲ့အခါ ဂါနာကလည်း ပေါ်တူဂီကို ခံကစားမှာဖြစ်ပါတယ်။ ဂျာမနီအသင်းကိုတောင် တစ်ဖက်နှစ်ဂိုးစီနဲ့ သရေကစားခဲ့တဲ့ ဂါနာအသင်းကို ပေါ်တူဂီအသင်း အနိုင်ရဖို့ လွယ်မှာမဟုတ်ပါဘူး။ ဒါပေမယ့် အမေရိကန်အသင်းကို တစ်ဖက်နှစ်ဂိုးစီနဲ့သရေကျအောင် ကစားလိုက်နိုင်တာကြောင့် မျှော်လင့်ချက်တော့ ရှိနေဆဲပါ။ ပွဲစပြီး ငါးမိနစ်မှာ နာနီက ပေါ်တူဂီအတွက် အဖွင့်ဂိုးသွင်းပေးခဲ့ပါတယ်။ **(အပေါ်ပုံ)** အမေရိကန်ရဲ့ အဓိက အားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ ဂျုံးစ်နဲ့ ဒမ်ဆေးတို့က တစ်ဂိုးစီသွင်းယူခဲ့တာကြောင့် ဒိုလေးတို့ပေါ်တူဂီအရှုံးနဲ့ ရင်ဆိုင်ရတော့မယ့် အနေအထား ရောက်ခဲ့ပါတယ်။ လူစားဝင်လာသူဆေးဗက်စတားဗာရေးလာရဲ့ ချေပဂိုးကြောင့် ပေါ်တူဂီတို့ အရှုံးမှ သရေပွဲရခဲ့တာ ဖြစ်ပါတယ်။

နောက်ဆုံး အုပ်စုပွဲအဖြစ် ဂျာမနီနဲ့ အမေရိကန်ပွဲ သရေကျပြီး ပေါ်တူဂီကဂါနာကို အနိုင်ကစားနိုင်ပါသော်လည်း အခွင့်အလမ်းရှိမည်မဟုတ်ပါ။ ပေါ်တူဂီ နောက်တစ်ဆင့်တက်ရေးမှာ ဂျာမနီအပေါ်မှာ မူတည်နေပါတယ်။ ဂျာမနီက အမေရိကန်ကို အနိုင်ကစားပေးဖို့ လိုအပ်နေပါတယ်။ ဂျာမနီနဲ့ အမေရိကန်ပွဲဟာ သရေကျခဲ့ရင်တော့ ပေါ်တူဂီထွက်ရပါလိမ့်မယ်။ အဖွင့်ပွဲမှာ ဂျာမနီကို လေးဂိုးပြတ်နဲ့ရှုံးခဲ့တဲ့ ပေါ်တူဂီအသင်းဟာ နောက်တစ်ဆင့်တက်ဖို့ နိုင်ပွဲတစ်ပွဲလိုအပ်နေတာဖြစ်ပါတယ်။ နောက်ဆုံးပွဲမှာ ဂါနာကို အနိုင်ကစားလိုက်မယ်ဆိုရင်တော့ ဒိုလေးတို့မျှော်လင့်ချက်ရှိနေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဂါနာကို အနိုင်ကစားဖို့တော့ မလွယ်ပါဘူး။ အတော်လေး ကြိုးစားရပါလိမ့်မယ်။

အာရှအသင်းနိုင်ပွဲပျောက် အုပ်စုတက်ဖို့ မျှော်လင့်ချက်ဝေးကွာ

သီဟ

အုပ်စု(ဇ) တောင်ကိုရီးယားနှင့် အယ်လ်ဂျီးရီးယား အသင်းတို့ ဇွန်၂၃ နံနက်အစောပိုင်းက Jose Pinheiro Borda ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်လ်ဂျီးရီးယားအသင်း လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စုတက်နိုင်ဖို့အရေး အာရှအသင်းတစ်သင်းဖြစ်သည့် တောင်ကိုရီးယားအသင်းသည် ဘောလုံးပိုင်ဆိုင်မှုများသော်လည်း အရှုံးရလဒ်ဖြင့်သာ ကျေနပ်လိုက်ရသည်။ တောင်ကိုရီးယားမှ ရရှိသော သွင်းဂိုးနှစ်ဂိုးကို မိနစ်၅၀တွင် ဆွန်ဟောင်မင်က သွင်းယူပြီး ၇၂မိနစ်တွင် ကူဂျာချိုးလ်က သွင်းယူခဲ့သည်။ အယ်လ်ဂျီးရီးယားမှ ရရှိသော သွင်းဂိုး လေးဂိုးကို ပထမပိုင်း ၂၆မိနစ်တွင် ဆလီမာနီ**(အောက်ပုံ)**၊ ၂၈မိနစ်မှာ ဟယ်လီချီ၊ ၃၈မိနစ် ဒီဂျာဘူလ်တို့၏ သွင်းဂိုးဖြင့် ပထမပိုင်းတွင် သုံးဂိုးပြတ်အနိုင်ရရှိထားသည်။ ဒုတိယပိုင်း ၆၂မိနစ်တွင် ဘရာဟီ၏ သွင်းဂိုးဖြင့် အယ်လ်ဂျီးရီးယားတို့ လေးဂိုး-နှစ်ဂိုး ဖြင့် အနိုင်ရရှိကာ သုံးမှတ်အပြည့် ရရှိခဲ့သည်။

ဇွန် ၂၄၊၂၅ ကစားမည့်ပွဲစဉ်များအဖြစ် အုပ်စု(ဃ)မှ ဇွန်၂၄ ည၁၀း၃၀တွင် အီတလီနှင့် ဥရုဂွေး၊ ကော်စတာရီကာနှင့် အင်္ဂလန်တို့ ပွဲစဉ်ဖြစ်သည်။ အုပ်စု(ဂ) မှ ဇွန်၂၅ နံနက် ၂း၃၀တွင် ဂျပန်နှင့် ကိုလံဘီယာ၊ ဂရိနှင့် အိုင်ဗရီကို့စ်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အိုရီဂီ၏ နောက်ကျဂိုးဖြင့် ဘယ်လ်ဂျီယံနိုင်

ကမ္ဘာ့ဖလားအုပ်စုပွဲအဖြစ် ဘယ်လ်ဂျီယံနှင့် ရုရှားတို့ ယမန်နေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လူစားဝင်လာသူ အိုရီဂီ၏ နောက်ကျဂိုးကြောင့် ဘယ်လ်ဂျီယံတို့ ၁၆ သင်း ပြိုင်ပွဲတက်ရန် အလားအလာကောင်းသွားသည်။

အလက်ဇန္ဒားကိုရိုရင်သည် ပထမပိုင်း အပိုင်ကန်ခွင့်များလွဲချော်သွား၍ ရုရှားတို့ ဂိုးမရဘဲဖြစ်ခဲ့ရသည်။ ဘယ်လ်ဂျီယံအသင်းမှ ကီဗင်မီယာလက်ကန်သွင်းသော ဘောလုံးမှာလည်းတိုင်ထိပြန်ထွက်ခဲ့၍ နစ်နာခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ရုရှားနောက်တန်းကိုတစ်ချိန်လုံး ထိုးဖောက်ခဲ့သော်လည်း ဂိုးသွင်းမသေချာမှုကြောင့် ဘယ်လ်ဂျီယံတို့ အစောပိုင်းဂိုးမရဘဲဖြစ်ခဲ့ရသည်။ သို့သော်လည်း အိုရီဂီကအီဒင်ဟာဇတ်၏ ဖြတ်တင်ဘောမှတစ်ဆင့် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့သော် ကာပယ်လို၏ ရုရှားအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် အယ်လ်ဂျီးရီးယားကို အနိုင်ကစားနိုင်ခဲ့လျှင် မျှော်လင့်ချက်ရှိလိမ့်မည်ဖြစ်သည်။ ရုရှားအသင်းသည် တောင်ကိုရီးယားအသင်းကို တစ်ဖက်တစ်ဂိုးစီဖြင့် သရေကစားထားသည်။

မီရှယ်ဝီဖလားဆွတ်ခူး

အမေရိကန်ဂေါက်သီးအားကစားမယ် မီရှယ်ဝီသည် အမေရိကန်အိုးပင်းအမျိုးသမီးဂေါက်ပြိုင်ပွဲတွင် ပထမဆုံးဖလား ဆွတ်ခူးသွားခဲ့သည်။

အသက် ၂၄ နှစ်ရှိ မီရှယ်ဝီသည် သက်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။ သူမသည် တစ်နိုင်ငံတည်းမှ ကမ္ဘာ့နံပါတ်တစ် စတာစီလီဝစ်ကိုကျော်ဖြတ်ပြီး ဖလားဆွတ်ခူးလိုက်ခြင်းဖြစ်သည်။ မြောက်အိုင်ယာလန်မှ စတီဖိန်းမီဒိုးက ပထမဆုံး ကြေးစားပြိုင်ပွဲဝင် ကစားခဲ့ရာ နောက်ဆုံးနေ့တွင် ၆၉ ချက်ရိုက်ပြီး တတိယနေရာရခဲ့သည်။ တောင်ကိုရီးယားမှ နာမည်ကြီး ဂေါက်သီးမယ် အေမီရန်းက ယင်းပြိုင်ပွဲတွင် စတုတ္ထဖြင့်သာ ကျေနပ်ခဲ့ရသည်။ မီရှယ်ဝီသည် အမေရိကန်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ၎င်း၏ပထမဆုံး အဓိကဖလားလည်း ဖြစ်သည်။

မီရှယ်ဝီသည် လွန်ခဲ့သော ဆယ်စုနှစ်မှစတင်ကာ ကြေးစားဂေါက်သီးကစားသမားဖြစ်လာခဲ့ပြီး အမျိုးသားများနှင့်အပြိုင် ယှဉ်ပြိုင်ကစားခဲ့သူဖြစ်သည်။ သို့သော်လည်း ဆယ်ကျော်သက်အရွယ်တွင် အမျိုးသားများနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် အနိုင်မရခဲ့ပေ။

□ ကောင်းမြတ်သူ-စုစည်းသည် □

အခန်းကျယ်ရောင်းမည်။
ကိုယ်ပိုင်နေရန်အတွက်အဆင့်မြင့်သည့်အထားအသိုကျွင်ရှေးကောင်းရမည်။
ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်းကျယ်၊ ယုဇနပလာဇာအနီး။ ဒုတိယထပ် (17'x60') အထူးအဆင့်မြင့်ပြင်ဆင်ပြီး၊ အိမ်ရှေ့ဗာဂျာဆွဲတံခါးမကြီး၊အဆင့်မြင့်ပန်းကနုတ်သံပန်းအလှများနှင့် ဆန်းရိုက်တစ်အိမ်လုံးပြည့်တပ်ဆင်၍ ပန်းကနုတ်ကျွန်းတံခါးများနှင့်PVC ပြတင်းပေါက်ကျယ်များ တအိမ်လုံးပြည့်တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C(1)လုံး၊ မျက်နှာကျက်အဆင့်မြင့်ကော်နာ၊ ကောနစ်၊ မီးအလှနှင့် အဆင့်မြင့် မီးဆိုင်းများတပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်း/ကပ်၍ မီးဖိုခန်းနှင့်ဗီဒိုများတပ်ဆင်ထားသည်။ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေးတပ်ဆင်ပြီးဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်)
(ပွဲစား၊အကျိုးဆောင်၊ကြော်ငြာများမလိုပါ)
ကျပ်သိန်း→(720) Ph:09-5053076

အမည်ပြောင်း
ဦးညီညီဇော် ၁၀/ပမန(နိုင်)၀၀၀၉၃၁၏သား မရမ်းကုန်း အထက(၅) ပဥ္စမတန်း(ဂ)မှ မောင်ဘုန်းမြတ်ကိုအား မောင်ဘုန်းမြတ်ညီဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၃)ရပ်ကွက်၊ မြေကွက်အမှတ် ၁၃၆၊ ဧရိယာပေ(၄၀×၆၀) ဦးငြိမ်းဆောင်အမည်ပေါက်ပါမစ်မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အားလုံးကိုပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းမြင့် ၉/ညဥန(နိုင်) ၀၁၇၀၀၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းယု ၁၂/ခရန(နိုင်)၀၈၉၀၉၆ က အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။
အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့) (အထက်တန်းရှေ့နေ)
(ရုံး)ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၄၂၅၂၉၀၃၄၄

အဆင့်မြင့်မော်တော်ယာဉ်များ ချွတ်ယွင်းချက်ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း
အပတ်စဉ် (၂/၂၀၁၄)
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ အဆင့်မြင့် မော်တော်ယာဉ်များအား ချွတ်ယွင်းချက်ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်း သင်တန်းအပတ်စဉ် ၂/၂၀၁၄ကို ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။ သင်တန်းကာလမှာ ၃ လဖြစ်ပြီး သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေး တစ်လ ၇၀၀၀၀/ ကျပ်နှုန်းဖြင့် စုစုပေါင်း ၂၁၀၀၀၀/ကျပ်ပေးသွင်းရပါမည်။ သင်တန်းပြီးဆုံးပြီး အောင်မြင်ပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Automobile Technical Division မှ ကျွမ်းကျင်ယာဉ်ပြင် ပညာသည်လက်မှတ်ကို ထုတ်ပေးမည်ဖြစ်ပါသည်။ သင်တန်းသားဦးရေကို ကန့်သတ်ထားပါသည်။ လျှောက်ထားသူသည် ပညာအရည်အချင်း အခြေခံပညာအထက်တန်းအဆင့်ရှိရမည်ဖြစ်ပြီး မော်တော်ယာဉ်တစ်စီး၏ အခြေခံအစိတ်အပိုင်းများ အလုပ်လုပ်ပုံကို သိရှိနားလည်ပြီးသူဖြစ်ရပါမည်။ လျှောက်ထားသူများထဲမှ လူတွေ့စနစ်ဖြင့် မော်တော်ယာဉ် အခြေခံပညာနားလည်ပြီးသူများကိုသာ ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။ လျှောက်လွှာနှင့် အတူ လိုင်စင်ဓာတ်ပုံ(ကာလာ)နှစ်ပုံ၊ ပညာအရည်အချင်းသက်သေခံလက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့ ပါဝင်ရပါမည်။ ၇-၇-၂၀၁၄ ရက်တွင် လျှောက်လွှာပိတ်မည်ဖြစ်ပါသည်။
လျှောက်လွှာတင်ရန်-
(၁) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊
Automobile Technical Division,
လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၁၉၆၇၃၊ ၀၁-၅၁၉၆၇၄
(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း၊
ချယ်ရီဥယျာဉ်အိမ်ရာ၊ အမှတ် (၁၄/၃) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၈၆၁၈၃၈၆၊ ၀၉-၄၂၀၀၂၉၇၈၂

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကမာစစ်ပြကျေးရွာ အထက နဝမတန်းမှ မမွန်ဇင်အိ၏ ဖခင်အမည်မှန်မှာ ဦးအေးချို ၇/သနပ(နိုင်)၀၇၃၂၈၁ဖြစ်ပါသည်။
ဦးအေးချို

အမည်ပြောင်း
ဦးမောင်လှ(ခ)ဇော်ထွန်း၏သမီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အထက (၁) စိုက်ပျိုးမွေးမြူတက္ကသိုလ်ဝင်တန်း(E)မှ မမိုးသီတာအောင်အား ယနေ့မှစ၍ မပိုးကြည်ဖြူ ဟုပြောင်းလဲခေါ်ပါရန်။ **မပိုးကြည်ဖြူ**

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက် (၃)၊ သင်္ဂဟာလမ်း၊ မြေကွက်အမှတ် ၆၉၂ (အလျား ၄၀ပေ× အနံ ၆၀ပေ) ဧရိယာ (၂၄၀၀) စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင် ဒေါ်ခင်ခင်ညို (၁၂/ကတတ (နိုင်) ၀၀၅၉၀၅) ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးပိုင်ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပါတ်သက်၍ ကန့်ကွက်လိုပါက (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်နွဲ့ရီ (တရားလွှတ်တော်ရှေ့နေ) စဉ် - ၅၉၂၅
တိုက် (၉)၊ အခန်း (၂၅)နေ၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၃၀၉၈၉၄၂

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ လူနေရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၆၀၃/ခ၊ (ပေ၂၀×ပေ၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အမှတ် ၆၀၃/ခ၊ သဒ္ဒါရုံလမ်း၊ အနောက် ၂/မြောက်ရပ်ကွက်၊ သာကေတဟုခေါ်တွင်သော တစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ထိုမြေကွက်၏အမွေဆက်ခံခွင့်ရှိသူ ဦးသန်းကျော် ၁၂/သကတ(နိုင်) ၀၉၁၅၄၃ ထံမှ အပြီးအပိုင်ဝယ်ယူမှုအတွက် ၁၉-၆-၂၀၁၄ ရက်တွင်ချုပ်ဆိုသော စာချုပ်အရ စရန်ငွေတစ်စိတ်တစ်ဒေသအား ဦးသန်းကျော်သို့ အပြီးအပိုင်ဝယ်ယူသူ ကျွန်တော် ဦးအောင်ထူးမြင့် ၁၂/သဃက(နိုင်)၀၄၆၇၅၅ က ဦးသန်းကျော်နှင့် သားသမီးခုနစ်ဦးတို့အား ပေးအပ်ကာ ဝယ်ယူသဖြင့် ဦးသန်းကျော်က ၁၉-၆-၂၀၁၄ ရက် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၇၁၈/၂၀၁၄ ကိုလည်း လွှဲအပ်ပေးထားပြီးဖြစ်သောကြောင့် ထိုမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်ပြုသည်ကို ကန့်ကွက်လိုသူများသည် ကျွန်တော် ဦးအောင်ထူးမြင့်ထံသို့ မြေကွက်နှင့်ပတ်သက်သော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးအောင်ထူးမြင့် ၁၂/သဃက(နိုင်)၀၄၆၇၅၅
အမှတ် ၄၂၊ လယ်ယာရှေ့မြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ဖုန်း-၀၉-၅၀၁၆၉၈၃

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အင်းစိန်မြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေးများကို ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ အခမဲ့လာရောက်ထိုးနှံပေး

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်၊ နံ့သာကုန်းရပ်ကွက်၊ တညင်းကုန်းရပ်ကွက်တို့တွင် ဇွန် ၁၈ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အင်းစိန်မြို့နယ် သုတေသနနှင့်ရောဂါရှာဖွေထိန်းချုပ်ရေးဌာနနှင့် ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့ ပူးပေါင်း၍ ခွေးရူးရောဂါကင်းစင်ပပျောက်အောင် ကနဦးဆောင်ရွက်မှုအနေဖြင့် ထိုင်းနိုင်ငံမှ Dr. Alongkom Amonsim ဦးဆောင်သော ဆရာဝန် ၁၂ ဦးပါအဖွဲ့မှ အဖွဲ့သုံးဖွဲ့ခွဲကာ တစ်ခါမျှ ဆေးထိုးနှံခြင်းမရှိသေးသည့်ဈေးအတွင်းရှိ ခွေးများ၊လမ်းပေါ်ရှိခွေးများ၊ ဘုန်းတော်ကြီးကျောင်းများရှိခွေးများ၊ အိမ်များရှိကြောင်များ၊ စုစုပေါင်း သုံးရပ်ကွက်ရှိ ကြောင် အကောင်ရေ ၁၂၀၊ ခွေး အကောင်ရေ ၁၈၀ စုစုပေါင်း အကောင်ရေ ၃၀၀ တို့ကို အခမဲ့ခွေးရူးရောဂါကာကွယ် ဆေးများ ထိုးနှံပေးကြသည်။

ထိုင်းနိုင်ငံ ချူလာလောင်ကွန်ဆေးတက္ကသိုလ်မှ ဆရာဝန် အမျိုးသားရှစ်ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၁၂ ဦးတို့သည် မဟာဘွဲ့များရယူရန်နှင့် ဒေသန္တရဗဟုသုတရရှိရန် ယခုကဲ့သို့ လက်တွေ့ကွင်းဆင်းကာ မြန်မာနိုင်ငံသို့ လာရောက်ကာ ခွေးရူးရောဂါကာကွယ်ဆေးများ ကိုယ်တိုင်ဆေးထိုးခြင်းဖြစ်ကြောင်း သိရသည်။

Dr. Alongkom Amonsin ခေါင်းဆောင်သော ၁၂ ဦးပါအဖွဲ့သည် ဇွန် ၁၇ ရက်တွင်ရောက်ရှိ၍ ဇွန် ၂၁ ရက်တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည် ဖြစ်ကြောင်း သိရသည်။

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ကြောင့်ဖြစ်သည့် ပြင်းထန်သော ကူးစက်ရောဂါဖြစ်သည်။ လူအပါအဝင် နို့တိုက်သတ္တဝါများ သေစေနိုင်သည်။ ခွေး၊ ကြောင်၊ မြင်း၊ နွား၊ ယုန်၊ လင်းနို့ အစရှိသည့် နို့တိုက်သတ္တဝါများ အားလုံးတွင်ဖြစ်ပွားနိုင်ပြီး ခွေးရူးရောဂါစွဲကပ်နေသော တိရစ္ဆာန်မှ ကိုက်ခြင်းဖြင့်သွားရည်တွင် ပါရှိသော ဗိုင်းရပ်စ်ပိုးဝင်ရောက်ကာကူးစက်စေသည်။ အကိုက်ခံရပြီးနောက် ဗိုင်းရပ်စ်ပိုးသည် ဦးနှောက်သို့ဝင်ရောက်တိုက်ခိုက်ပြီးပုံမှန်ထက်လွန်ကဲစွာရန်လိုခြင်း၊ အလိုလိုနေရင်းကြောက်ရွံ့နေခြင်း၊ ခြေလက်များ ဒရွတ်ဆွဲခြင်း၊ အငြိမ်မနေခြင်း၊အစာမျိုမချနိုင်ခြင်း၊ သွားရည်များ အဆက်မပြတ်ကျဆင်းခြင်း၊ အသံပြောင်းလဲသွားခြင်း၊ အလင်းရောင်၊ အသံ စသည်တို့ကို လွန်ကဲစွာကြောက်ရွံ့တတ်ပါသည်။

ခွေးရူးရောဂါစွဲကပ်ခြင်းခံရသော တိရစ္ဆာန်သည် ခုနစ်ရက်မှ ၁၀ရက်အတွင်း သေဆုံးနိုင်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပြည်သူများကို အသိပေး ထုတ်ပြန်ထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကြောင့် လယ်ယာသုံးစက်အသုံးပြုသည့် တောင်သူများအခက်တွေ့

မိုးညှင်း ဇွန် ၂၃

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်ရတနာနယ်မြေသို့ စက်သုံးဆီဝင်ရောက်မှုကို ကန့်သတ်ထိန်းချုပ်လိုက်သဖြင့် မိုးညှင်းခရိုင်အတွင်း စက်သုံးဆီ ဈေးနှုန်းမြင့်တက်ကာ လယ်ယာသုံးစက်ကိရိယာအသုံးပြုသည့်တောင်သူများ အခက်တွေ့နေကြောင်း သိရသည်။

"ဆီကားတွေ မိုးညှင်းမြို့အဝင်ကပြီး ပိတ်ထားတယ်လို့သိရတယ်။ တရားဝင်ခွင့်ပြုထားတဲ့ စက်သုံးဆီဆိုင်တွေက မြို့ထဲမှာပဲရှိတယ်။ တောင်သူတွေအနေနဲ့ မြို့အထိသွားပြီး ဘယ်လိုဝယ်သွားရမလဲ၊ အခုလယ်စိုက်ရတော့မယ်၊ ဆီကားတွေမဝင်ရလို့ ရွာတွေမှာ တစ်နိုင်တစ်ပိုင် ရောင်းတဲ့ စက်သုံးဆီတွေ ဈေးကြီးနေပြီ ဘယ်လိုလုပ်ရမလဲ" ဟု မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသမှ တောင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့တဲ့ ဇွန် ၁၂ ရက်မှစတင်၍ ဖားကန့်ရတနာမြေပဂ္ဂလိက ကျောက်မျက်လုပ်ကွက်ဧရိယာအတွင်း ပုံကျကျူးကျော်နေထိုင်သူများအား မိမိနေရပ်သို့ ပြန်လည်စေလွှတ်ရေး အစည်းအဝေး ဆုံးဖြတ်ချက်အရ ဖားကန့်ဒေသသို့ စက်သုံးဆီဝင်ရောက်မှုကို ကန့်သတ်ထိန်းချုပ်ထားပြီး စွမ်းအင်ဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ရရှိသူများကိုသာ တရားဝင်ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း၊ စက်သုံးဆီသယ်ယူဝင်ရောက်မှုအား ကာမိုင် ၁၀ မိုင်တိုင်မှ ပြန်လည်စေလွှတ်ရန် ညွှန်ကြားထားကြောင်းဖြစ်သော်လည်း ကချင်ပြည်နယ် အဝင်၊ မိုးညှင်းမြို့ နန့်စီးအောင်ဂိတ်မှစတင်၍ စက်သုံးဆီကားများ ဝင်ရောက်မှုကို တားမြစ်ထားကြောင်း သိရသည်။ ယခုအခါ မိုးစပါးစိုက်ပျိုးရာသီရောက်ရှိလာပြီဖြစ်သဖြင့် ကျေးလက်တောင်သူများသည် လယ်ယာထွန်ယက်စိုက်ပျိုးရန် ပြင်ဆင်နေကြပြီဖြစ်သော်လည်း စက်သုံးဆီဈေးနှုန်းမြင့်မားမှုကြောင့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုရန် အခက်တွေ့နေကြကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

သတင်းတိုများ

လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်

မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းကို ဇွန် ၂၀ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြစ်ကြီးနားမြို့ သစ်ထုတ်လုပ်ရေးရုံး၌ဖွင့်လှစ်ရာ မြန်မာ့သစ်လုပ်ငန်းလက်အောက်ရှိ ဝန်ထမ်း ၇၀ တက်ရောက်ကြပြီး ဒုတိယအထွေထွေမန်နေဂျာ (သစ်ထုတ်လုပ်ရေး) ဦးခင်မောင်ကြည်က မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားပြီး ပြည်သူကိုဗဟိုပြုသော ဝန်ထမ်းကောင်းများ ဖြစ်စေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ ဝင်းအောင်

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းကျောင်းတို့ ပူးပေါင်းပြုလုပ်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းကျောင်း၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မြို့နယ်ရဲမှူး ရဲလွင်စိုးက မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော လူကုန်ကူးမှုဖြစ်စဉ်၊ လူကုန်ကူးမှုခံရသူများအခြေအနေ၊ လူကုန်ကူးသူပွဲစားများ၏ နည်းပရိယာယ်များနှင့် မှုခင်းကျဆင်းရေး၊ မှုခင်းဖြစ်ပွားရခြင်း အကြောင်းရင်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲသို့ သင်တန်းနည်းပြများနှင့် သင်တန်းသူများ ၅၀ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ယင်းမာပင်၌ အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် တိုင်းရင်းဆေးဦးစီးဌာနမှ အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက်နံနက် ၁၁ နာရီက ယင်းမာပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာယာအေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှူး ဒေါ်ငွေအေးက တိုင်းရင်းဆေးသေတ္တာနှင့်ပတ်သက်သည့်ကိုင်တွယ်အသုံးပြုပုံအဆင့်ဆင့်နှင့် ဆေးကုသရမည့်နည်းလမ်းများကို ဟောပြောရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများနှင့်အတူ ယင်းမာပင်မြို့နယ်ရပ်ကွက်/ ကျေးရွာရှိ တိုင်းရင်းဆေးမှူး ၄၀ အတွက် အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာ စုစုပေါင်း အလုံး ၄၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တောင်သူပညာပေးဆွေးနွေး၊ မျိုးစပါးပေးအပ်

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ တောင်သူပညာပေးဆွေးနွေးပွဲနှင့် မျိုးစပါးပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက မြောင်းဘွေကျေးရွာအုပ်စု မြောင်းဘွေကျေးရွာ စိုက်ပျိုးပညာပေးစခန်း၌ကျင်းပရာ မြောက်ဦးခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးသာထွန်းအေးက မြေပြင်ပြုပြင်ရန် နည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးရေးများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးလွင်ဖြိုးက သီပွံနည်းကျစိုက်နည်းစနစ် ၁၄ ချက်ကို ဆွေးနွေးပို့ချခဲ့သည်။ ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက ပုလဲသွယ် ၈၀ ကီလို၊ ဆင်းသွယ်လတ်မျိုးသန့် မျိုးပွား၊ မျိုးစေ့တင်း ၂၀ ကို တက်ရောက်လာသည့် တောင်သူများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွှေဘိုမြို့ မော်ဓောမြင်သာမြို့ထောင့်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကြော်ငြာ

၁။ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၇ ရက်မှ သီတင်းကျွတ်လဆန်း ၁ ရက်အထိ ၁၀ ရက်တိုတိ ကျင်းပမည်ဖြစ်ပါသည်။ ယခင်နှစ်များအတိုင်း ဇာတ်ရုံ၊ ဆပ်ကပ်ရုံ၊ ရုပ်ရှင်ရုံ၊ ဆိုင်ကယ်လက်ခံ၊ လွှပ်စစ်မီး၊ ရေမီလ္လာ နှင့် အထူးဆိုင်ခန်းနေရာများကို ဝါဆိုလပြည့်ကျော် ၃ရက် (၁၄-၇-၂၀၁၄ရက်) နံနက် ၁၀ နာရီမှစ၍ လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ကျန်ဆိုင်ခန်းဟောင်းများကို တော်သလင်းလဆန်း ၁ ရက်မှ ၁၀ ရက်အထိ ရောင်းချသွားမည် ဖြစ်ပါသည်။

မှတ်ချက်။ ။ ဘုရားဂေါပကအဖွဲ့ ရပ်ဝေး/ရပ်နီးဒေသများသို့ အလှူခံ စေလွှတ်ထားခြင်းလုံးဝမရှိပါ။

ဂေါပကအဖွဲ့
မော်ဓောမြင်သာမြို့ထောင့်စေတီ
ရွှေဘိုမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂C/၅၆၃ Toyota Kluger ACU 20, S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဟန် ၁၂/ ပဘတ(နိုင်)၀၀၀၈၂၈၈(ကမ-၁)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညနရ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်

မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့နယ်၊ အထက(ခွဲ)ရေကြည်ပေါက်၊ နဝမတန်း(အောင်)မှ မောင်သူရိန်မင်း ထက်မော်၏မိဘအမည်မှန်မှာ ဦးလှတိုး ၁၂/ကတန(နိုင်)၀၀၀၇၂၂-ဒေါ်တင်စန်းဝင်း ၉/တတဉ(နိုင်)၀၅၂၆၄၄ဖြစ်ပါသည်။ ဦးလှတိုး-ဒေါ်တင်စန်းဝင်း

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ချမ်းအေးသာဇံအလယ်ရပ်ကွက်၊ အကွက်အမှတ် ၅၈၅၊ ဦးပိုင်အမှတ် ၄၅-ဗလ၈/၃၀၈၂×၈၃ကြား၌ ဦးသိန်းထိုက်(ခ)ကျန်ကျော်တဲ့ ဦးတွင် ကျောက်ချွမ်းဆုံး ပြီးပွဲမွေရှိ တွယ်မှုနည်း ဇွန်လာတေ ကြော်ငြာကန့်ကွက်ချင်သူများ ... [illegible] ... မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ ရှာသက်ပန်စွန့်လွှတ်ခြင်း

တောင်သာမြို့နယ်၊ အင်းတကျေးရွာနေ ဦးအေး-ဒေါ်တင်မြင့်တို့၏သမီးဖြစ်သူ မနုပါတွေး ၉/တသန(နိုင်)၁၅၅၁၅၄သည် မိဘ၊ မောင်နှမများ၏ ဆုံးမစကားကိုနားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရှာသက်ပန် စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးအေး ၉/တသန(နိုင်)၀၀၆၅၉၀
ဒေါ်တင်မြင့် ၉/တသန(နိုင်)၀၀၆၆၄၆

ဖခင်အမည်မှန်

အထက၊ ပုတီးကုန်း တက္ကသိုလ်ဝင်တန်းမှ မကြည်ထက်စန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်နိုင် ၇/သကန(နိုင်) ၀၆၈၄၃၃ ဖြစ်ပါကြောင်း။

ပြင်ဦးလွင်မြို့နယ်၊ ထင်းကြူးပိုင်း၊ ပဒေသာမြို့သစ်၊ စံပယ်လမ်းနှင့် မြို့ရှောင်လမ်း၊ အကွက်အမှတ် ၁၄/၉(ခ)နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ဦးဇော်အောင် ပါ(၅)ဦးအဖွဲ့ အမည်ပေါက်သော ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် စိုက်ခင်းဖြစ်သည့် ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်၊ ပဒေသာကွက်သစ်၊ စံပယ်လမ်းနှင့် မြို့ရှောင်လမ်း မြေဧရိယာ ၃၄ ဧက ထင်းကြူးပိုင်းအနက် အကွက်အမှတ် ၁၄/၉(ခ)တွင်တည်ရှိသော မြောက်လားသော်(လမ်းသွယ်)၊ တောင်လားသော် (မြေကွက်အမှတ် ၁၅)၊ အရှေ့လားသော်(မြို့ရှောင်လမ်းကြီး)၊ အနောက်လားသော်(မြေကွက်အမှတ် ၁၃)တွင်ရှိသည့်မြေအား ကျွန်ုပ်ဦးထွန်းရင် လက်ရှိလုပ်ကိုင်စိုက်ပျိုးနေသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်အား လက်ရှိပိုင်ဆိုင်သုံးစွဲလျက်ရှိပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍လက်ရှိပိုင်ရှင်မှာ ကျွန်ုပ်ဦးထွန်းရင်ဖြစ်ပါကြောင်း၊ ကျွန်ုပ်လက်ရှိဖြစ်သော ထိုမြေအား ကျူးကျော်ခြင်း၊ ဖျက်ဆီးခြင်း၊ ဝင်ရောက်စိုက်ပျိုးခြင်း၊ ရောင်းချခြင်း၊ ၎င်းရှမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ မြေစာရင်း ပုံစံ(၁၀၅)(၁၀၆)ရေးကူးခြင်း၊ အမည်ပြောင်းခြင်း၊ မြေယာမှတ်ပုံတင်ခြင်း၊ ဂရန်လျှောက်ထားခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်ဦးထွန်းရင်မှ ဥပဒေနှင့်အညီထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းရင်
အိမ်အမှတ် ၃၄/က၊ ၃၅ လမ်း၊ ၈၂×၈၃ ကြား၊ မန္တလေးမြို့
ဖုန်း-၀၉-၅၄၁၃၁၀၉၊ ၀၂-၆၄၁၉၀

အမည်မှန်

ယင်းမာပင်မြို့နယ်၊ အင်းကျေးရွာနေ ဦးမောင်ညို၏သား အထက(ယင်းမာပင်) တက္ကသိုလ်ဝင်တန်း(က)မှ မောင်အာကာ(ခ)မောင်သန့်ဇင်ကျော်၏ အမည်မှန်မှာ မောင်အာကာစိုး ဖြစ်ပါသည်။ မောင်အာကာစိုး

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့

မြစ်ကြီးနား ဇွန် ၂၃

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်း၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ လူမှုရေးဝန်ကြီးဒေါ်ဘောက်ဂျာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၁၈ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ အမေရိကန်အခြေစိုက် NGO အဖွဲ့ အစည်းတစ်ခုဖြစ်သည့် Smile Train မှ Dr.Ashish Sabharwal ဦးဆောင်သောအဖွဲ့တို့၏ ပြည်နယ်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသလျက်ရှိသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားကာ ရပ်ဝေး/ရပ်နီးမှ လူနာများ အဆင်ပြေစေရေးအတွက် ဆေးရုံကြီးများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ Smile Train အဖွဲ့သည် ပြည်နယ်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ဇွန် ၁၆ ရက်က စတင်ခွဲစိတ်ကုသပေးလျက်ရှိရာ ယနေ့အထိ လူနာပေါင်း ၄၅ ဦးကို ခွဲစိတ်ကျွမ်းကျင်ဆရာဝန်နှစ်ဦး၊ လက်ထောက်နှစ်ဦးနှင့် မေ့ဆေးဆရာဝန်တစ်ဦးတို့ဖြင့် အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ပြီး ဇွန် ၂၀ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးခဲ့ပြီး လူနာတစ်ဦးလျှင် ငွေကျပ်သုံးသောင်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇွန် ၁၇ရက် ညနေ ၅ နာရီ ၄၀ မိနစ်က စီတာပူရပ်ကွက်၌ မလိဇ္ဇပ်အမျိုးသမီးပြင်ပဘော်ဒါဆောင်အပေါ်ထပ် မီးပလပ်ခုံမှ ဝိုင်ယာရှော့ခ်ဖြစ်၍ အဆိုပါဘော်ဒါဆောင်အပါအဝင် နေအိမ်လေးလုံး မီးလောင်မှုဖြစ်ပွားပြီး မီးဘေးသင့် တက္ကသိုလ်ကျောင်းသူ ၂၁ ဦးတို့အား မြစ်ကြီးနားတက္ကသိုလ် ဆွမ်းပရာဘွမ်အမျိုးသမီးဆောင်၌တွေ့ဆုံပြီး ၎င်းတို့အား နေရာထိုင်ခင်း စီစဉ်ပေးနိုင်ရေးတက္ကသိုလ်ကျောင်းပါမောက္ခချုပ်နှင့်တာဝန်ရှိသူများအား မှာကြားပြီး ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှ Dignity Kit, Hoygience Kit နှင့်ဆေးစိမ်ခြင်ထောင်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ Family Kit များနှင့် ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ကြပြီး ကျောင်းသူများအတွက် အမျိုးသားမှတ်ပုံတင်ပြန်လည်ပြုလုပ်ပေးနိုင်ရေးနှင့် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အားပေးစကားပြောကြားသည်။

ယင်းနောက်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စီတာပူရပ်ကွက်ရှိ အင်ဂျန်းခချောင်းကူးစီတာပူတံတား၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်လုပ်လျက်ရှိသော ချဉ်းကပ်တံတားအသစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးပြီး တံတားကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေး မှာကြားသည်။

(ပြည်နယ် ပြန်/ဆက်)

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့ နေ့စဉ် နွားနို့ သောက်ကြစို့

နိုင်ငံခြားသားခရီးသွားဧည့်သည်အဝင်နည်းပါးချိန် ပြည်ပခရီးသည်သီးသန့်တင်သင်္ဘောများ ခေတ္တနားကာ ပြင်ဆင်မှုများပြုလုပ်

မန္တလေး ဇွန် ၂၃

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသား ခရီးသွားဧည့်သည် အများစုသည် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် လာရောက်လည်ပတ်မှု ပိုမိုများပြားသည်။ ယင်းကာလများတွင် ရာသီဉတုကောင်းမွန်သည့်အတွက် လည်ပတ်ရန် အကောင်းဆုံးဖြစ်သည်ဟုလည်း ဆိုကြသည်။ နိုင်ငံခြားသားခရီးသွားဧည့်သည်များကို သီးသန့်ဝန်ဆောင်မှုပေးသော သင်္ဘောများစွာရှိသည်။ အဆိုပါသင်္ဘောများထဲတွင် အိုးတုတ္တန်း၌ အမြဲဆိုက်လေ့ရှိသော HM EXPLOYER သင်္ဘောလည်း ပါဝင်သည်။ နိုင်ငံခြားသားခရီးသွားဧည့်သည်တင် သီးသန့်သင်္ဘောများသည် အထူးဝန်ဆောင်မှုပေးကာ သွားလိုရာခရီးသို့ စိတ်ကြိုက်ပို့ပေးလျက်ရှိသည်။

ခရီးသွားဧည့်သည်တစ်ဦးလျှင် တစ်နေ့ ဒေါ်လာနှစ်ရာဖြင့် သင်္ဘောတစ်စင်းလျှင် ခရီးသည် ၁၀ ဦးသာ တင်ဆောင်ပြီး အိပ်ခန်း၊ စားသောက်ခန်းအပါအဝင် စားစရိတ်အပြီး စရိတ်ငြိမ်း ပို့ဆောင်ပေးသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များကို ဧရာဝတီမြစ်ကြောင်းတစ်လျှောက်၊ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် အများဆုံးပို့ပေးရသည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် တစ်ဦးနှင့်တစ်ဦး လေ့လာမှုများ မတူညီကြောင်း တွေ့ရသည်။ တချို့မှာ ဧရာဝတီလင်းပိုင်များကို လေ့လာကြသည်။ တချို့မှာ မြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများ၏ နေထိုင်မှုဓလေ့သဘာဝကို လေ့လာကြသည်။ အိုးတုတ္တန်းတွင် အမြဲဆိုက်ကပ်သော HM EXPLOYER သင်္ဘောပေါ်တွင် တရုတ်နိုင်ငံသားနှင့် အမေရိကန်နိုင်ငံသားများ အများဆုံးပါဝင်ကြသည်။ ထိုသင်္ဘောသည် ခရီးသွားအေဂျင်စီများဖြင့် တိုက်ရိုက်ချိတ်ဆက်ထားကြသည်။ သင်္ဘောပေါ်တွင် ဧည့်လမ်းညွှန်အပါအဝင် ဝန်ထမ်းကိုးဦးပါဝင်ပြီး ခရီးသည်စိတ်ကြိုက်ဝန်ဆောင်မှုပေးလေ့ရှိသည်။ ခရီးသည်များမှာ တစ်ခါသွားလျှင် ၅ ရက်မှ ၁၄ ရက်အထိ ကြာတတ်သည်။ ခရီးသည်တစ်ဦး၏ ပျမ်းမျှသင်္ဘောစီးစရိတ်မှာ ငွေကျပ်နှစ်သိန်းခန့်ကုန်ကျသည်။ ယခုအခါ နိုင်ငံခြားသားခရီးသွားဧည့်သည် အဝင်နည်းသည့်အတွက် သင်္ဘောပြင်ဆင်ခြင်းများကို ပြုလုပ်ကာ ခရီးသည်အဝင်များသည့်ရာသီကို စောင့်လျက်ရှိကြောင်း သင်္ဘောဝန်ထမ်းတစ်ဦးက ပြောပြ၍ သိရသည်။

နွေနဒီ

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀၂ နှင့်ဆက်သွယ်သည့်

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၉

ဒေါ်အုတ်ဘရော့ **နှင့်** ဒေါ်ယော့နန်း

ဒီကရီအနိုင်ရသူ **တရားရှုံး**

ဒေါ်ယော့နန်း(ဘ)ဦးအိုက်ခင်၊ ငွေတော်ကြည်ကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၀၂တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အုတ်ဘရော့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)

တွဲဖက်ခရိုင်တရားသူကြီး(၄)

မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ၃၃×၃၄ကြား၊ ၇၁ လမ်း၊ အိမ်အမှတ် ၈၄နေ ဒေါ်တွင်ဟွဲ့ချင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

ဒေါ်ဝင်းမြင့်ဂရန်အမည်ပေါက်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ အကွက်အမှတ် ၁၁၊ တံတားဦးအရှေ့ရပ်၊ စီလမ်း၊ ဦးပိုင်အမှတ်၃၊မြေယာအမှတ် 1-1/A၊ မြေဧရိယာ ၀ ဒသမ ၁၇၃ဧကရှိမြေနှင့်နေအိမ်၊ လျှပ်စစ်မီတာတို့ကို ဒေါ်ဝင်းမြင့်ကွယ်လွန်သွား၍ အမွေဆက်ခံခွင့်ရှိသည်ဟုပြောဆို၍ ကွယ်လွန်သူ ဒေါ်ဝင်းမြင့်၏ မောင် (ကွယ်လွန်သူ ဗိုလ်ကြီးကျော်ဇံ)၏ဇနီး (၁) ဒေါ်ခင်ညို(ခ)ဂျာနန်၊ ဒေါ်ဝင်းမြင့်၏အစ်မ ကွယ်လွန်သူ ဒေါ်စောကြည်၏ သားသမီးများဖြစ်သော (၂)ဒေါ်သောင်းသောင်းနု၊ (၃) ဒေါက်တာဦးဘုန်းတင့်ဝေတို့မှ တာဝန်ခံ၍ ရောင်းချသောကြောင့် ဒေါ်တွင်ဟွဲ့ချင်ကဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပါသည်။ အဆိုပါ မြေကွက်အတွက် ဒေါ်ခင်ညိုပါ (၃)ဦးမှ အမွေဆက်ခံမြွက်ဟကြေညာ၍ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပြီး အပြီးအပိုင် ငွေပေးချေမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားရုံးဒီကရီ၊ တားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက ဒေါ်တွင်ဟွဲ့ချင်မှ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တွင်ဟွဲ့ချင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သာ LL.B တရားလွှတ်တော်ရှေ့နေ

အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊

ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၁၃၉၀ New Star NST 001Jeep(4×2)L ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းလှိုင် ၅/မရန(နိုင်)၁၃၃၅၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

အများသိစေရန်ကြေညာခြင်း

လယ်ဝေးမြို့၊ မြွေရိုးကြီးရပ်ကွက်၊ မြေကွက်အမှတ်၃၂၄၊ ဦးပိုင်အမှတ် (၁၁၁)၊ အလျား ၁၆၅ ပေ၊ အနံပေ ၅၀၊ ကွင်းအမှတ်(၁၃၈၇)နှင့် ဒဂုံဂျစ် ၈ဂ/၅၂၂၈ တို့သည် ကျွန်မ ဒေါ်နှင်းရည် ၉/မထလ(နိုင်)၁၇၂၁၃၅ နှင့် ဦးမြင့်နိုင် ၉/မထလ(နိုင်) ၁၇၁၉၇၈တို့ ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်အား ဒေါ်နှင်းရည်မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းရည်

အိမ်အမှတ် ၄၂၀-က၊ နယ်မြေ(၇)

ရတနာမာရ်အောင်ရပ်၊ မိတ္ထီလာမြို့

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ရေစကြို၌ ထုတ်ချေး

ရေစကြို ဇွန် ၂၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ၂၀၁၄ခုနှစ် မိုးရာသီစိုက်ပျိုးသီးနှံများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများအား စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၂၀ ရက်အထိ ကျေးရွာအုပ်စု ၅ အုပ်စု၊ အစုအဖွဲ့ ၅၂ ဖွဲ့မှ အဖွဲ့ဝင်တောင်သူ ၄၈၈ ဦးတို့အား ချေးငွေကျပ် ၉၇၃ ဒသမ ၄၀ သိန်း ထုတ်ချေးပေးပြီးကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် ၂၀၁၄ ခုနှစ် မိုးရာသီစိုက်ပျိုးသီးနှံအတွက် စပါး ၇၇၃ ဧက၊ မြေပဲ ၁၅၆ ဧက၊ နှမ်း ၂၀၃ ဧက၊ ပဲတီစိမ်း ၄၀၄ ဧက၊ ပဲစင်းငုံ ၂၃၉ ဧက၊ စုစုပေါင်း ၁၇၇၅ ဧကအတွက် ချေးငွေကျပ် ၁၄၀၂၃ ဒသမ ၆၀ သိန်း ထုတ်ချေးပေးသွားမည်ဟု သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

တိရစ္ဆာန်မွေးမြူစောင့်ရှောက်ရေးနှင့် အာဟာရဗေဒသင်တန်းဖွင့်

လပွတ္တာ ဇွန် ၂၃

အခြေခံတိရစ္ဆာန် မွေးမြူစောင့်ရှောက်ရေးနှင့် အာဟာရဗေဒသင်တန်းကို ဇွန် ၂၁ ရက်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ လပွတ္တာခရိုင်ဦးစီးမှူးရုံးတွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိန်းဝင်းက အမှာစကားပြောကြားပြီး သင်တန်းဆရာများဖြစ်ကြသည့် ဒေါက်တာအောင်မိုးသန့်နှင့် ဒေါက်တာသီဟထွန်းတို့က သင်တန်းပို့ချခဲ့ကာ ဒေသခံကျေးရွာများမှ မွေးမြူရေးလုပ်ကိုင်သူများ တက်ရောက်ခဲ့ကြသည်။ **ခရိုင် ပြန်/ဆက်**

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ဗန်းမော် ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ကျေးရွာအလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၁၇ ရက်က မြို့မကျောက်တိုင်ကွင်းရှေ့ မြက်ခင်းပြင်တွင် ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင်ရပ်ကွက် ကျေးရွာများမှ အသင်း ၁၀ သင်းယှဉ်ပြိုင်ကြပြီး ဇွန် ၁၉ ရက်တွင် ဆုပေးပွဲကို ကျင်းပရာ ပထမဆုရ မြို့မရပ်ကွက်အသင်းအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည်ဖြိုးငြိမ်းက ငွေသားနှင့်ဆုဖလားတို့ကိုလည်းကောင်း၊ ဒုတိယဆုရ မြန္မာရပ်ကွက်အသင်းအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် ဦးဝင်းရွှေနှင့် မြို့နယ်အား/ကာဦးစီးမှူး ဦးမင်းထက်တို့ကလည်းကောင်း၊ တတိယဆုရ အောင်သာကုန်းကျေးရွာအသင်းအား ကျေးလက်စည်ပင်ဦးစီးမှူး ဦးကျော်နန်းနှင့် မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးအောင်စိုးမင်းတို့ကလည်းကောင်း ငွေသားနှင့်ဆုစလွယ်များ အသီးသီးပေးအပ်ခဲ့ကြသည်။

ဆုပေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အားကစားသမားများ တက်ရောက်ကြကာ ပြိုင်ပွဲကို လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ပြီး လူငယ်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ထူး**

ကျပ်ပြည့်တိုက်နယ်ဆေးရုံ ကျန်းမာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်

ပခုက္ကူ ဇွန် ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျပ်တိုးကျေးရွာအုပ်စုတွင် ကျပ်ပြည့် တိုက်နယ်ဆေးရုံဖွင့်ပွဲနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းကို ဇွန် ၂၁ ရက်က ဆေးရုံရှေ့၌ ပြုလုပ်ခဲ့သည်။

တိုက်နယ်ဆေးရုံအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေ၊ အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဗိုလ်မှူးချုပ်သိုက်စိုး၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးလွင်ငြိမ်းနှင့် အလှူရှင်များကိုယ်စားမန္တလေးမြို့မှအလှူရှင် ဦးကျော်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက်တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ဖွင့်ပွဲအထိမ်းအမှတ်သစ်ပင်စိုက်ပျိုးခဲ့ပြီး မန္တလေးမြို့ စကုတိုက် အောင်မင်္ဂလာခြောက်ထပ်ကျောင်းဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညိန္ဒက တိုက်နယ်ဆေးရုံနှင့်ပတ်သက်၍ မြေ ၁၀ ဧကလှူဒါန်းပြီးဆောက်လုပ်ထားကြောင်း မိန့်ကြားကာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုအစီအစဉ်များနှင့် အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်တပ်မမှူး ဗိုလ်မှူးချုပ်သိုက်စိုးက ဒေသအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြလျှောက်ထားသည်။

ထို့နောက်မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က ဆေးရုံဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျပ်ပြည့်တိုက်နယ်ဆေးရုံ အဆောက်အဦးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို

ဆရာတော်ကြီးကိုယ်စား ဦးထူးမြင့်က ပေးအပ်ပြီး ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာခင်မေသွင်က လက်ခံရယူခဲ့သည်။ ဆက်လက်၍ မန္တလေးမြို့မှ သမားတော်ကြီး ဒေါက်တာအေးမြင့်ခိုင်က ဆေးရုံသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်လှူဒါန်းရာ တိုက်နယ်ဆရာဝန်က လက်ခံရယူပြီး ကျပ်တိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးဘိုလေးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ကျပ်ပြည့်တိုက်နယ်ဆေးရုံအတွက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေကျပ်သိန်း ၃၀ နှင့် အခြားအလှူရှင်များက ငွေကျပ် ၅၄၈၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

တနင်္သာရီမြို့နယ် စာရေးဆရာအသင်း တွေ့ဆုံညှိနှိုင်းပွဲကျင်းပ

တနင်္သာရီမြို့ ဇွန် ၂၃

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့စာရေးဆရာအသင်း (၆)လပတ်တွေ့ဆုံညှိနှိုင်းပွဲအခမ်းအနားကို တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် စက်မှုဇုံလမ်းရှိ မြို့နယ်စာရေးဆရာအသင်းရုံး(ယာယီ)တွင် ဇွန် ၂၁ ရက်က ကျင်းပခဲ့သည်။

အသင်းဥက္ကဋ္ဌ ဦးသန်းစိုးဝင်း(တက္ကသိုလ်-သန်းစိုးဝင်း)က (၆)လပတ်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများအား ဖတ်ကြားရှင်းလင်းပြီး မြို့နယ်အတွင်း စာရေးဆရာ ကလောင်ရှင်အသစ်များတိုးပွားလာစေရေး၊ ရွှေသာရီ မဂ္ဂဇင်းအမှတ်(၃)ကို ဇူလိုင်လ ဒုတိယပတ်အတွင်း ထုတ်ဝေဖြန့်ချိနိုင်ရေးနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှထုတ်ဝေမည့် မဂ္ဂဇင်းအတွက် မိမိတို့မြို့နယ်မှ စာမူများစုဆောင်းရရှိရေး၊ မျက်နှာဖုံးဓာတ်ပုံပေးပို့ ယှဉ်ပြိုင်နိုင်ရေးတို့အတွက် အားထည့်ပေးကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ စာရေးဆရာ နောင်စိုးရီက အသင်းအဖွဲ့ဖွံ့ဖြိုးရေး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်တိုးတက်ရေးနှင့် ရန်ကုန်မြို့တွင်ကျင်းပမည့် စာပေညီလာခံအခမ်းအနားသို့ တက်ရောက်မည့်သူအား ရွေးချယ်သင့်ကြောင်း ဆွေးနွေးညှိနှိုင်းသည်။

ထို့နောက် မိမိတို့မြို့နယ်စာရေးဆရာအသင်း၏ စာပေအသိပညာပေးရေးနှင့် စာဖတ်ရှိန်မြင့်တက်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ထိန်ဝင်း(ပြန်/ဆက်)**

ဖယ်ခုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဖလား ဘောလုံးဗိုလ်လုပွဲကျင်းပ

ဖယ်ခုံ ဇွန် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်ဖလား ရပ်ကွက်/ကျေးရွာအလိုက် အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၂ ရက်က မြို့နယ်အားကစားကွင်းတွင် ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် FLAMINGO အသင်းနှင့် ကွက်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကွက်သစ်အသင်းက ၂-၁ ဂိုးဖြင့်အချိန်ပိုတွင် အနိုင်ရဗိုလ်စွဲခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ပထမရရှိသော ကွက်သစ်အသင်းအား ငွေသားဆုကျပ် ခြောက်သိန်း၊ ဒုတိယရရှိသော FLAMINGO အသင်းအား ငွေသားဆုကျပ် လေးသိန်းတို့ကို ချီးမြှင့်ခဲ့ပြီး တစ်ဦးချင်းဆုဆွဲပြားများကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများအားလည်းကောင်း၊ အောင်မြင်စွာကူညီဆောင်ရွက်ပေးခဲ့သော ဒိုင်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ခြင်းကိုလည်းကောင်း တာဝန်ရှိသူများကအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကာ ပထမဆုရရှိသော ကွက်သစ်အသင်းအား ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကိုက တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဘောလုံးပွဲစဉ်များကို မေ ၁၇ ရက်မှစ၍ ဇွန် ၂၀ ရက်အထိ ရပ်ကွက်/ကျေးရွာများမှ ၂၈ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **ကိုထွေး(ဖယ်ခုံ)**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လေလံကြော်ငြာ

၁။ ရက်(၆၀)ကျော် လေလံစာရင်းဝင်အဖြစ် ထိန်းသိမ်းထားရှိသော စားအုန်းဆီ ကုန်ကြမ်းဟုယူဆရသောဆီနှင့် ကွန်ပျူတာအပိုပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၄-၇-၂၀၁၄ရက် ၁၃:၃၀ နာရီတွင် ဈေးပြိုင်လေလံစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံတင်ထုခွဲရောင်းချခြင်းဆိုင်ရာ စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်/ကွန်ကရစ်လမ်း Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၄-၆-၂၀၁၄ရက်မှ ၃-၇-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအောက်ရှိ တိုင်း/ခရိုင်/မြို့နယ် များတွင် လုံးချင်းအိမ်ရာ ၁၅လုံး၊ နှစ်ခန်းတွဲအိမ်ရာ ၁၅လုံး ဆောက်လုပ်ခြင်း၊ အခြားပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ၊ ရုံးသုံးပရိဘောဂများဝယ်ယူရေး၊ ရုံးသုံးစက်ကိရိယာများ ဝယ်ယူရေးလုပ်ငန်းများနှင့် မော်တော်ယာဉ် Toyota Hilux Smart Cab (၂)စီး ဝယ်ယူခြင်းလုပ်ငန်းများကို မြန်မာငွေကျပ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါလျှောက်လွှာနှင့် တင်ဒါစည်းကမ်းချက်များကို ၂၇-၆-၂၀၁၄ရက်မှ ၁၀-၇-၂၀၁၄ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၁၈-၇-၂၀၁၄ရက် ညနေ ၁၆း၃၀နာရီ ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဖုန်း-၀၆၃-၂၈၃၁၈၊ ၀၆၃-၂၅၅၁၅၊ ၀၆၃-၂၅၀၂၃၊ ၀၆၃-၂၈၃၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနအတွက် ရုံးသုံးစက်ပစ္စည်း၊ အခြားရုံးသုံးပစ္စည်း၊ ရုံးသုံးပရိဘောဂ၊ ရုံးသုံးစက္ကူစာရေးကိရိယာ၊ မိတ္တူကူးစက် အရန်နှင့် ကွန်ပျူတာအရန်ပစ္စည်းများ၊ စက်ဆီချောဆီဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများ ဝယ်ယူလိုပါသည်-

(က) ရုံးသုံးစက်ကိရိယာ	၅	မျိုး
(ခ) ရုံးသုံးပရိဘောဂ	၅	မျိုး
(ဂ) အခြားရုံးသုံးပစ္စည်း	၂	မျိုး
(ဃ) ရုံးသုံးစက္ကူ၊ စာရေးကိရိယာ	၅၂	မျိုး
(င) မိတ္တူကူးစက်အရန်နှင့် ကွန်ပျူတာအရန်ပစ္စည်း	၁၈	မျိုး
(စ) စက်ဆီ၊ ချောဆီ	၃	မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၆-၂၀၁၄ရက်မှ ၇-၇-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၁၄-၇-၂၀၁၄ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ လျှောက်လွှာများကို လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်သွင်းလိုသည့်အမျိုးအစား တစ်ခုချင်းအလိုက် သတ်မှတ်အာမခံကြေးကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် PO စနစ်ဖြင့် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမူရင်းကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာမှာ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ အိတ်ဖွင့်တင်ဒါခေါ်ယူရေး၊ ဈေးနှုန်းစိစစ်ရေးနှင့် ပစ္စည်းဝယ်ယူရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၆၇-၄၃၁၀၆၆နှင့် ၀၆၇-၄၃၁၃၆၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၆) တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ (၁/၂၀၁၄)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၆)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်-မြိတ်လမ်း(ထားဝယ်-မလွဲတောင်)အပိုင်းတွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
၁။	ဘိလပ်မြေ	၁၆၀၅ တန်	
၂။	သံချောင်းရှယ်စုံ	၁၇၇ တန်	
၃။	မြစ်သဲ	၁၉၇၈ ကျင်း	
၄။	ခွဲကျောက်ရှယ်စုံ	၄၈၀၁၃ ကျင်း	
၅။	၆"×၉"ကျောက်ကြီး	၁၅၀၀ ကျင်း	

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၀-၆-၂၀၁၄ ရက်
နောက်ဆုံးတင်သွင်းရမည့်ရက် - ၂-၇-၂၀၁၄ ရက် ညနေ ၄း၃၀နာရီ
တင်ဒါဖွင့်မည့်ရက် - ၃-၇-၂၀၁၄ ရက် နံနက် ၉း၃၀နာရီ
နေရာ - အမှတ် ၃၉၃၊ လေယာဉ်ကွင်းလမ်း၊ လမ်းအထူးအဖွဲ့(၁၆)ရုံး၊ ထားဝယ်မြို့။

အသေးစိတ်သိလိုပါက ဖုန်း-၀၅၉-၂၃၈၆၀၊ ၀၅၉-၂၃၉၂၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

လေလံစိစစ်ရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၆-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၁၆၊ မရမ်းကုန်းမြို့နယ် ဒေါ်စောယုမွန် (ဒုတိယဦးစီးမှူး-ဘိလစ်)၏ အရောင်းမြေပုံကူးတွင် မြေကွက်အမှတ် ၄/ည၅ အစား မြေကွက်အမှတ် ၄/ည၁ ဟုပြင်ဆင်ဖတ်ရှုပါရန်။

စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းစာမှုန့်များ တန်ဖိုးသိန်း ၃၀၀ နီးပါး တရားမဝင်ဖမ်းမိ

မြိတ် ဇွန် ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ နောက်လယ်ရပ်ကွက် (၇) လမ်းတွင် ဇွန်လ ၁၉ ရက် ည ၈ နာရီခွဲ အချိန်ခန့်က WY စာတန်းပါ စိတ်ကြွဆေးပြား၊ WB စာတန်းပါ စိတ်ကြွဆေးပြားများနှင့် ဘိန်းစာမှုန့်များ စုစုပေါင်း ကျပ် ၂၉၈ သိန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ မြိတ်ခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်ချုပ်လွင်နှင့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၄) နယ်မြေရဲကင်းမှ ဒုရဲအုပ် လှမျိုးဝေနှင့်တပ်ဖွဲ့ဝင်များ၊ သက်သေ နောက်လယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းသိန်း၊ ရာအိမ်မှူး ဦးကြည်စိန်၊ ဈေးတန်းရပ်ကွက် ဆယ်အိမ်မှူး ဦးသန်းလွင်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၁၉ ရက် ည ၈ နာရီခွဲအချိန်တွင် မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ (၇)လမ်း အိမ်အမှတ် (၃၁၈)နေအိမ်တွင် ဝေမိုးစိုး(ခ) မာဒင် ရောက်ရှိနေထိုင်လျက်ရှိကြောင်းနှင့် ၎င်းနေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲလျက်ရှိကြောင်း သတင်းအရ ဝေမိုးစိုး(ခ) မာဒင်၏ နေအိမ်သို့ ရှာဖွေဖမ်းဆီးခွင့်ဝရမ်းဖြင့် သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ နေအိမ်၌ ဝေမိုး(ခ)မာဒင်အား အသင့်တွေ့ရှိပြီး ၎င်း၏ ခန္ဓာကိုယ်အားရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းစာမှုန့်များ၊ ဆက်စပ်ပစ္စည်းများနှင့် ငွေစက္ကူများအား ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့သည်။

၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ နေအိမ်အတွင်းနှင့် နေအိမ်အနောက်ဖက် ခြံစည်းရိုးကြားတွင် အပြာရောင်ပလပ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်ထားသည့် WY နှင့် WB စာတန်းပါ ပန်းရောင်နှင့် အစိမ်းရောင်ရောရာ စိတ်ကြွရူးသွပ်ဆေးပြား တစ်ထုပ်လျှင် ၂၀၀ ပြားစီပါ ငါးထုပ်၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ပြား၊ အလေးချိန် ၀.၁ ကီလိုဂရမ်၊ အပြာရောင်ပလပ်စတစ်ကပ်ခွာအိတ်(၂) အိတ်အတွင်း ထည့်ထားသည့် WB စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၁ ပြား အလေးချိန် ၀.၀၃၇၁ ကီလိုဂရမ်၊ အပြာရောင်ပလပ်စတစ်ကပ်ခွာအိတ်အတွင်း ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားပါ (၆) ထုပ်၊ စုစုပေါင်း ၁၂၀၀ ပြား အလေးချိန် ၀.၁၂ ကီလိုဂရမ်နှင့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားပါ တစ်ထုပ် အလေးချိန် ၀.၀၂ ကီလိုဂရမ်၊ အပြာရောင်ပလပ်စတစ်အိတ်အတွင်း ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားပါ ခြောက်ထုပ်၊ စုစုပေါင်း ၁၂၀၀ ပြား အလေးချိန် ၀.၁၂ ကီလိုဂရမ် အပြာရောင်ပလပ်စတစ်အိတ်ဖြင့် ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားပါ ခြောက်ထုပ် စုစုပေါင်း ၁၂၀၀ ပြား အလေးချိန် ၀.၁၂ ကီလိုဂရမ်၊ အပြာရောင် အိတ်ဖြင့် ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၀ ပြားစီ လေးထုပ်၊ စုစုပေါင်း ၈၀၀ ပြား ၀.၀၈ ကီလိုဂရမ်၊ ပလပ်စတစ်အိတ် အကြည်ရောင် ဖြည့်ထည့်ထားသည့် တစ်ထုပ်လျှင် ၇၀ ဂရမ်ခန့်စီပါ ဘိန်းစာမှုန့်ဟုယူဆရသော စမ်းဝါရောင် အမှုန့် ထုပ် ခြောက်ထုပ်၊ အလေးချိန် ၀.၄၂ ကီလိုဂရမ်နှင့် အနီရောင်ပလပ်စတစ်ဘူးတွင် ပလပ်စတစ်ပိုက် အတိုများဖြင့် တပ်ဆင်ပြုလုပ်ထားသော စိတ်ကြွဆေးပြားရှူရာတွင် အသုံးပြုသည့် ကိရိယာတစ်ခု စုစုပေါင်းတန်ဖိုးငွေကျပ် ၂၉၈ သိန်းတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းနှင့် အဆိုပါ မူးယစ်ဆေးဝါး WY, WB စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစာမှုန့်များအား ကိုယ်တိုင်သုံးစွဲရန်နှင့် ပြန်လည်ဖြန့်ဖြူးရောင်းချရန်အတွက် လက်ဝယ်ထားရှိ ရှာဖွေတွေ့ရှိသူ ဝေမိုးစိုး(ခ)မာဒင် (၃၈)နှစ်၊ (ဘ) ဦးစိုးတင့်၊ ကျပန်းလုပ်၊ နောက်လယ်ရပ်နေသူအား မြိတ်မြို့မရဲစခန်းမှ မယ(ပ)၃၉/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

မြင့်ဦး (မြိတ်)

အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

ပုသိမ် ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် အခွန်အကြောင်းပညာပေးဆွေးနွေးပွဲကို မြို့နယ်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနက ဇွန် ၁၉ ရက်တွင် ပုသိမ်မြို့ မြို့နယ်ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကိုကိုအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်အခွန်ဦးစီးမှူး၊ ဟိုတယ်၊ တည်းခိုခန်း၊ စာသောက်ဆိုင်၊ ဆေးဆိုင်၊ စက်သုံးဆီအရောင်းဆိုင်၊ ဈေးဆိုင်၊ စတိုးဆိုင်များမှ အခွန်ထမ်းများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးအခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူစောက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နီလာရွှေက ၂၀၁၄-ခုနှစ် ပြည်ထောင်စုအခွန်ကောက်ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ကုန်သွယ်လုပ်ငန်းခွန်နှင့်ဝင်ငွေခွန်ဆိုင်ရာ စည်းကြပ်တွက်ချက်မှုပုံစံသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိလိုသည်များ၊ မရှင်းလင်းသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

သတင်းတိုများ

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ဆေးဖျန်း

လောင်းလုံး ဇွန် ၂၃

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ (က)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများ မဖြစ်ပွားနိုင်ရေးအတွက် မိုးရာသီခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ကျန်းမာရေးဦးစီးဌာနနှင့် ကျောင်းဆရာ၊ ဆရာမများပူးပေါင်း၍ ဇွန် ၁၉ ရက်က ဆောင်ရွက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးပွင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကဒ်များ ပြုလုပ်ပေး

ကသာ ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် အသက် ၁၀ နှစ်နှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့် (၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားများ ပြုလုပ်ပေးခြင်းကို ဇွန် ၄ ရက်မှ ဇွန် ၁၈ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ကျေးရွာ ၄ အုပ်စုရှိ ပြည်သူ ၄၅၀ ဦးတို့အား ပြုလုပ်ပေးပြီးကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

လပွတ္တာ ဇွန် ၂၃

လပွတ္တာခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်စာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဟောပြောပွဲကို လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ လပွတ္တလုတ်တောင်ကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာ အ-မကကျောင်း၌ ဇွန်လ ၂၀ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်မောင်ဦးက 'အလိမ္မာစာမှာရှိ' ခေါင်းစဉ်ဖြင့် ဟောပြောပြီး ကျန်းမာရေးလက်ကမ်းစာစောင်များပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘီးလင်းမြို့နယ်တွင် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

ဘီးလင်း ဇွန် ၂၃

ဘီးလင်းမြို့နယ် နှင်းပုလဲကျေးရွာတွင် ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၀ ရက်က နှင်းပုလဲကျေးရွာ အထကခွဲကျောင်း၌ ကျင်းပခဲ့ရာ ဘီးလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဥက္ကဋ္ဌ ဒေါ်သဉ္ဇာဝင်းက အမှာစကားပြောကြားပြီး ဒေါက်တာဒေါ်အိအိကျော်က ဌက်ဖျားရောဂါ တီဘီရောဂါများအကြောင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးဝင်းက အမျိုးသမီးငယ်များအား လူမှောင်ခို၊ လူကုန်ကူးမှုအကြောင်းများကို ကျောင်းသူကျောင်းသားများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ထူးနောင်

စက်မှုဝန်ကြီးဌာန
အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	စက်ပစ္စည်းအမည်	အရေအတွက်	
(က)	Renovation of Aerial Rope Way	4 Items	ကစစ(၃၁) (သရက်)
(ခ)	Air Compressor for Rotary Packer	1 Set	
(ဂ)	ဓာတ်ခွဲခန်းသုံးပစ္စည်း	၃ မျိုး	
(ဃ)	Kiln Supporting Roller with Shaft (Solid Type) (2) Nos	1 Set	ကစစ(၃၂) (ကြံခင်း)
(င)	Slurry Pyump	1 Set	
(စ)	High Pressure Oil Pump without Motor for Raw Mill No(3)	1 Set	
(ဆ)	Low Pressure Oil Pump without Motor for Raw Mill No(3)	1 Set	
(ဇ)	Air Compressor for Slurry	1 Set	
(ဈ)	Spare Parts for Crushing Machinery	1 Lot	ကစစ(၃၃)၊ မီးခံ (ကျောက်ဆည်)
(ည)	Mould, Die & Liner for 630 Ton Friction Press	1 Lot	
(ဋ)	Mould, Die & Liner for 1200 Ton Hydraulic Press	1 Lot	
(ဌ)	Spare Parts for Forming Machinery	1 Lot	
(ဍ)	Gear Box for Pre Pug Mill	1 Set	ကစစ(၃၅) (ချောက်)
(ဎ)	Nylon Filter Cloth (50 m)	16 Rolls	
(ဏ)	Ball Pin Die (for 70 kN) (5 Nos)	1 Set	
(တ)	Spare Parts for Ore Dressing Plant	1 Lot	ကစစ(၃၆) (ကျောက်ဆည်)
(ထ)	Electrical Equipment	3 Items	

၂။ တင်ဒါပိတ်ရက်မှာ ၂၅-၇-၂၀၁၄ ရက် ၁၅း၀၀ နာရီဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ပစ္စည်းစီမံရေးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈ တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ် (၅)၊ နေပြည်တော်
ဝန်ထမ်းအလိုရှိသည်

အသက် (၃၅)နှစ်အောက်ဖြစ်ရမည်
ရခိုင်ပြည်နယ်၊ ကျောက်ဖြူမိုးလေဝသရေဒါစခန်းတွင်
တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

ပညာအရည်အချင်း- A.G.T.I/B.Tech/B.E/M.E(I.T,E.C, E.P,M.P)
အငယ်တန်းအင်ဂျင်နီယာ-၂ ကျား/မ (၁၀)ဦး
(၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)

လျှောက်ထားသူသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ (၁၈-၇-၂၀၁၄)ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ ဘာသာရပ်ဆိုင်ရာ စာမေးပွဲစစ်ဆေးခြင်းကို ၂-၈-၂၀၁၄ ရက်တွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ၃-၈-၂၀၁၄ရက်တွင်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၅)၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ဖုန်း-၀၆၇-၄၁၁၀၃၂၊ ၀၆၇-၄၁၁၄၄၆

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း (၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၈၆၂၊ ဧရိယာ ၀ ဒသမ၀၅၅ဧကရှိ ဦးစုအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးစု ၉/ပမန(နိုင်)၀၀၇၁၅၀ (ဘ)ဦးမှူးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံမြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၂၁၁၊ မြေကွက်တည်နေရာအမှတ် ၂၁၁၊ (၄၀)ရပ်ကွက်၊ ဒဂုံမြောက် ဗိုလ်မှူးချုပ်ဝင်းအောင် LWE-၁၀၉၃၄၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဗိုလ်မှူးချုပ်ဝင်းအောင် LWE-၁၀၉၃၄၄ ကိုယ်တိုင်မှ နှစ် ၆၀ဂရန် ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်နှင့် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန်မိတ္တူ လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၁၈၄၊ မြေကွက်တည်နေရာ အမှတ် ၁၈၄၊ မော်လမြိုင်လမ်း ဦးတင်မောင်အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးတင်မောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူရရှိသူ ဒေါ်ခင်စန်းဝေ ၁၂/လမန(နိုင်)၀၃၄၅၄၄ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရားကြီး မကွေးတိုင်းဒေသကြီးတွင် တည်ထားကိုးကွယ်မည်

မကွေး ဇွန် ၂၃

အလျား ၁၅၀၀ ပေ၊ ဥဏှိသ်တော်အမြင့် ၃၀၀ ပေရှိကာ ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရားကြီးဖြစ်လာမည့် ပြည်တော်သာ ဆုတောင်းပြည့် လျောင်းတော်မူဘုရားကြီးကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုင်ခေါင်း(ဈေးကုန်း)ကျေးရွာအနီး၌ တည်ထားကိုးကွယ်နိုင်ရန် ရွှေနတ်ကယ်တောင် ဆရာတော် ဦးဝိမလဗုဒ္ဓိအားအမှူးထား၍ သာသနာပြုရဟန်းတော်များ၊ သာသနာ့အကျိုးတော်ဆောင်များ၊ ကုသိုလ်ပြုအလှူရှင်များက အနယ်နယ် အရပ်ရပ်ရှိပညာရှင်များ အကူအညီဖြင့် စီမံတည်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေနတ်ကယ်တောင်တော် သာသနာပြုနယ်မြေ၊ မြစိမ်းရောင်တောင်ကြောပေါ်တွင် အခြေပြုတည်ထားလျက်သော ပြည်တော်သာဆုတောင်းပြည့် ရွှေသာလျောင်း မြတ်စွာဘုရားကြီးကို ၂၀၁၃ အောက်တိုဘာလက မြေသန့်မင်္ဂလာနှင့် ပန္နက်တော်ရိုက် မင်္ဂလာပြုကာ စတင်တည်ထားခဲ့ခြင်းဖြစ်သည်။ ဆရာတော်ကြီး၏အလိုအရ တည်ထားပြီးစီးရန် ကာလအား လျာထားသတ်မှတ်ထားခြင်းမရှိပဲ နေရာဒေသအမျိုးမျိုးရှိ မြတ်ဗုဒ္ဓသာသနာ ထွန်းကားတည်တံ့စေလိုသော အလှူရှင်များ၏ လှူဒါန်းပူဇော်မှုဖြင့် တည်ထားကိုးကွယ်ကြမည်ဖြစ်သည်။ တောင်အမြင့်ပေ ၁၅၀၊ ကိုယ်လုံးတော်အမြင့် ပေ ၁၅၀၊ စုစုပေါင်း ပေ ၃၀၀ အမြင့်ရှိ ဘုရားရှင် မြတ်အား ဖူးတွေ့ရမည်ဖြစ်ပြီး ယခုအခါ ခြေဖဝါးတော်ပေ ၁၈၀အတွက် အကြမ်းထည် အောင်မြင်သွားပြီ ဖြစ်သည်။ အလျားပေ ၁၅၀၀ (၉၉၉တောင်) အတွက် ကျင်းပေါင်း ၄၀၀ ကျော်တူးကာ ထောက်တိုင်များဖြင့် ထိန်းမတ်တည်ထားသွားမည် ဖြစ်သည်။

"ဒီနယ်မြေမှာ ရွှေနတ်ကယ်တောင်တော် ဆရာတော်ကြီး သာသနာပြုခဲ့တာ ၂၅ နှစ်ရှိပါပြီ၊ ပထမ ၁၀နှစ်အတွင်း ဆင်ခံဘုရားတစ်ဆူ တည်ပြီး ထန်းရွက်တဲထဲမှာ ကျင့်ကြံအားထုတ်ရာကနေ ၁၅ နှစ်တာ ကာလအတွင်း စေတီပုထိုးပေါင်း ၆၀၀၀ ကျော် တည်ထားနိုင်ခဲ့ပါတယ်၊ ဆင်ခံဘုရားရဲ့ အရှေ့တောင်တည့်တည့်မှာ မဟာဗောဓိပင်ပွားတစ်ပင်စိုက်ရာက ပင်လုံးညီလေးပင် ထွက်ပေါ်လာတဲ့အတွက် ကမ္ဘာပေါ်မှာ (၄)ပင်တည်းသာရှိတဲ့ မဟာဗောဓိပင်များဟာ ဒီသာသနာ့နယ်မြေမှာ မြင့်မြတ်သောပေါင်းစုခြင်း အဖြစ် တည်ရှိလာတာကတစ်ကြောင်း၊ တိုင်းပြည်သာယာ အေးချမ်းရမယ့် အတိတ်နိမိတ်ကို ရည်ရွယ်တာက တစ်ကြောင်း ပြည်တော်သာ ဆုတောင်းပြည့် ရွှေသာလျောင်းမြတ်စွာဘုရားကြီးကို တည်ထားခြင်း ဖြစ်ပါတယ်" ဟု သာသနာပြုဆရာတော် ဦးဝိမလဗုဒ္ဓိက မိန့်ကြားသည်။

ရွှေနတ်ကယ်တောင်တော် သာသနာ့နယ်မြေ အဝင်ဝတွင် ဘုရင်၊ မိဖုရား၊ ပညာရှိနှင့် ဥပါသကာများက ဘုရားရှင်နှင့် ရဟန္တာ ၅၀၀ အား ပူဇော်ကန်တော့နေပုံကို ပေထောင်ချီသော ရုပ်တုတန်းကြီးဖြင့် စီမံထုလုပ်ထားရာ အနယ်နယ်အရပ်ရပ်မှ သတင်းစကားကြား၍ လာရောက်လေ့လာ ဖူးမြော်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။ ရွှေနတ်ကယ်တောင်သည် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၆၂)မှ ၁၉ မိုင်ကွာဝေးပြီး ပျော်ဘွယ်-နတ်မောက်လမ်းမှ ၃၇ မိုင် ၁ ဖာလုံခန့်အကွာ၊ ရွာမွန်လမ်းခွဲမှ ၄ မိုင်ခန့်အကွာရှိ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုင်ခေါင်း(ဈေးကုန်း)ကျေးရွာအနီးတွင် တည်ရှိသည်။

ဇေယျာတု(မကွေး)

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လူ ၁၂၀၀ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ညောင်ဦး ဇွန် ၂၃

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပတ်ဝန်းကျင်သာယာလှပစေရေးအတွက် သမိုင်းဝင်တန်ခိုးကြီးဘုရားများဖြစ်သည့် အာနန္ဒာဘုရားနှင့် ဗူးဘုရားအနီးဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ၊ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ယွန်းပညာကောလိပ်မှ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ စုစုပေါင်းအင်အား ၁၂၀၀ ခန့်ဖြင့် ဇွန် ၂၁ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရခြင်းမှာ သမိုင်းဝင်စေတီ၊ ပုထိုး၊ ဘုရား၊ အုတ်ကျောင်းများ ပတ်ဝန်းကျင်နယ်မြေ သန့်ရှင်းသာယာလှပခြင်းဖြင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ စိတ်ကြည်လင်ချမ်းမြေ့စေရန်နှင့် ဘုရားနယ်မြေများအတွင်း ပလတ်စတစ်အမှိုက်ကင်းစင်ရေးအတွက် လူထုကိုလည်း လက်တွေ့ပြသ အသိပညာပေးနိုင်ခြင်းကို ရည်ရွယ်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သန့်ရှင်းရေးလုပ်ငန်းတွင် စုပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသူများကို ပုဂံဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းက ကောက်ညှင်းပေါင်း၊ အကြော်၊ ရေသန့်ဘူးများဖြင့် ကုသိုလ်ဒါနပြု ကျွေးမွေးခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒက္ခိဏခရိုင်တရားရုံး၌

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဦးဝင်းမင်းသိန်း အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀) နေပြည်တော် [အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၏ အထွေထွေကိုယ်စားလှယ်စာရသူ]	နှင့်	ဒေါ်တင်တင်လှိုင်(Managing Director) Hightech Princess Co., Ltd. Royal Green Bean Co., Ltd. အမှတ် (၇၀၇) ကွန်ဒိုဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ စိမ်းလဲ့ရိပ်သာလမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

ဒေါ်တင်တင်လှိုင်(Managing Director) Hightech Princess Co., Ltd. Royal Green Bean Co., Ltd. အမှတ် (၇၀၇) ကွန်ဒိုဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ စိမ်းလဲ့ရိပ်သာလမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့(ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းမင်းသိန်း၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော် [အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၏ အထွေထွေကိုယ်စားလှယ်စာရသူ]က ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု (သို့မဟုတ်) စက်မှုဝန်ကြီးဌာနသို့ ပေးသွင်းရန်ကျန်ရှိသည့် ကုန်ပစ္စည်းတန်ဖိုးငွေနှင့် အတိုးငွေနှစ်ရပ်ပေါင်း ကျပ် ၂၃၈၂၆၂၂၇.၅၆ကို တရားလိုအား တရားပြိုင်မှ ပေးအပ်စေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၂၅ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများ၊ စာချုပ်များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးဆွေဦး)
ဒုတိယခရိုင်တရားသူကြီး
ဒက္ခိဏခရိုင်တရားရုံး

ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC) တွင် ဇွန်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်

Logistics Management Course for Entrepreneurs

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၂၅-၆-၂၀၁၄ ရက်မှ ၄-၇-၂၀၁၄ ရက် (ညနေပိုင်း ၈ ရက်သင်တန်း)

သင်တန်းကြေး - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ သင်ကြားမည် ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - **ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)**

ဖုန်း - **၅၂၂၈၇၅၊ ၅၂၂၈၇၆**

ရောင်းမည်

ပေ ၂၀× ပေ ၆၀ RC-နှစ်ထပ်
တောင်ဥက္ကလာပ-ရာဇသူရလမ်း-
၇ ရပ်ကွက်
ဖုန်း-၀၉-၂၅၄၂၇၂၈၉၁၊
၀၉-၄၂၀၂၃၆၇၃၆

တိုက်ခန်းရောင်းမည်

တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်းမကြီး၊ ဒုတိယထပ်၊ ၁၈ပေ×၅၅ပေ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ နန္ဒဝန်ဈေးအနီး။ **ဖုန်း-၀၉-၇၃၁၀၇၆၅၇၊**
၀၉-၂၅၀၆၅၉၀၃၅

စွမ်းအင်ဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ တင်ဒါအမှတ် MOE/LP/COM/CAP/T/1 (2014-2015) ဖြင့် Computer များအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၆)၊ စွမ်းအင်ဝန်ကြီးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၂-၇-၂၀၁၄ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၁၄၈၇၊ ၄၁၁၁၃၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/၁၃၊ မြေကွက် အမှတ် ၂၄၁၊ အကျယ်(၆၀'×၆၀')၊ မြေအမျိုးအစား ပါမစ်မြေပေါ်ရှိ အမှတ် ၂၄၁၊ နေကြာလမ်း၊ အမှတ်(၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒုဗိုလ်မှူးကြီးထင်လင်း ၁၂/မဂဒ(နိုင်)၀၇၁၈၄၁ အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးမျိုးမြင့်ထွန်း ၁၂/အစန(နိုင်)၁၃၀၄၃၈ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါ သည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးနန္ဒာဝင်း (စဉ်-၂၈၀၂၆) — **အထက်တန်းရှေ့နေ**

ဒေါ်မီတင်ဇာလင်း (စဉ်-၃၀၄၉၁) — **အထက်တန်းရှေ့နေ**

ဖုန်း-၇၃၀၃၉၅၈၆

"မင်းမဟာ" အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်

ပါရမီလမ်းရုံးချုပ်၊ ဖုန်း-၀၉-၇၃၁၆၂၇၇၂၊ မြောက်ဒဂုံ(ရုံးခွဲ) ဖုန်း-၀၉-၂၅၀၆၃၆၁၂၃

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၅-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် မြေကွက်တည်နေရာအမှတ်(၇၆၃/ခ) အစား (၆၇၃/က)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တရားမဝင်မြန်မာအလုပ်သမား ၆၆ ဦးအား ငါးရက်အတွင်း ဆက်တိုက်လွှဲပြောင်း

တာချီလိတ် ဇွန် ၂၃

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမား အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့အား ထိုင်းနိုင်ငံ လဝကအဖွဲ့က တာချီလိတ်ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ ငါးရက်ဆက်တိုက်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ လဝက ဦးစီးအရာရှိ Saesiton၊ မယ်ဆိုင်ခရိုင် လဝကမှူး Kanlayar Phommalin၊ မယ်ဆိုင်ခရိုင် ဒုလဝကမှူး Sadar yansukyan တို့မှ တာချီလိတ် ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သည့် မကဖ(၈)မှ ဦးသိန်းမောင်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ်မင်းအောင်နှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သော အဖွဲ့ထံသို့ ဇွန် ၁၆ ရက်တွင် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ရှစ်ဦးအားလည်းကောင်း၊ ဇွန် ၁၇ ရက်တွင် အမျိုးသား ကိုးဦး၊ အမျိုးသမီး သုံးဦးအား လည်းကောင်း၊ ဇွန် ၁၈ ရက်တွင် အမျိုးသား သုံးဦးအားလည်းကောင်း၊ ဇွန် ၁၉ ရက်တွင် အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ငါးဦးအားလည်းကောင်း၊ ဇွန် ၂၀ ရက်တွင် အမျိုးသား ငါးဦး၊ အမျိုးသမီး လေးဦးအား လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကာ ငါးရက်အတွင်း စုစုပေါင်း ၆၆ ဦးရှိခဲ့သည်။

လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသားတို့အား မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိ ကျောင်းဝန်းအတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်း တာချီလိတ်-မယ်ဆိုင်ချစ်ကြည်ရေးတံတားအမှတ်(၁)မှ တံတားကူးလက်မှတ်ဖြင့် ဝင်ရောက်ပြီး တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်ခြင်း၊ တရားမဝင် ဝင်ရောက်ခြင်း၊ တံတားကူး ကတ်(နယ်စပ်ဖြတ်သန်းခွင့်) ခုနှစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင် စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ ၎င်းတို့အား အခကြေးငွေရယူကာစည်းရုံးပို့ဆောင်ပေးသူများမရှိဘဲ ၎င်းတို့၏ သဘောအလျောက် ကိုယ်တိုင်သွားရောက် အလုပ်ရှာဖွေ လုပ်ကိုင်နေကြသူများဖြစ်ကြောင်း စိစစ်သိရှိရ၍ လွှဲပြောင်းအလုပ် သမားများအား မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ အစီအစဉ်ဖြင့် ၎င်းတို့၏ မိဘဆွေမျိုးများထံ ခံဝန်ဖြင့်အပ်နှံပေးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ရမည်းသင်းမြို့တွင် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်

ရမည်းသင်း ဇွန် ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် ယခုနှစ်တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့်အောင်မြင်သည့် ကျောင်းသားကျောင်းသူများအား လူမှုထူးချွန် ပညာရေးဖောင်ဒေးရှင်းနှင့် စာကြည့်တိုက်က ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက်က ကျင်းပသည်။

ဆုပေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင်တစ်ဦးအပါအဝင် ဂုဏ်ထူးဖြင့်အောင်မြင်သူ စုစုပေါင်း ၁၁၀ ဦးတို့အား တစ်ဘာသာ ၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငါးဘာသာမှ သုံးဘာသာထိရရှိသော ကျောင်းသားကျောင်းသူ ၁၂ ဦးအား လူမှုထူးချွန် ပညာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ AA ကုမ္ပဏီဒါရိုက်တာ ဦးမြတ်သင်းအောင်က အထူးဆုအဖြစ် KASHIMA အမျိုးအစား တရုတ်စက်ဘီး ၁၂ စီး ဂုဏ်ပြုဆုချီးမြှင့်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲသို့ ရမည်းသင်းခရိုင်ကိုယ်စားပြု လျှပ်စစ်နှင့်စက်မှုတိုင်းဒေသဝန်ကြီး ဦးကျော်မြင့်၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းသားမိဘများနှင့် ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

တင်ဦး(ရမည်းသင်း)

မိုးစပါး သစ်စိမ်းမြေဩဇာထည့်သွင်းပွဲကျင်းပ

ကော့ကရိတ် ဇွန် ၂၃

ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ မိုးစပါးသစ်စိမ်းမြေဩဇာထည့်သွင်းပွဲကို ဇွန် ၂၀ရက်က ကော့ကရိတ်မြို့နယ်၊ ရန်ကုတ်ကျေးရွာအုပ်စုတွင် ကျင်းပခဲ့ရာ ၃၇ ရက်သား ပဲလွန်းပင်များအား စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်ကြီး တစ်စီး၊ လက်တွန်းထွန်စက် လေးစီးဖြင့် ထွန်ယက်ထည့်သွင်းခဲ့ပြီး၊ ခရိုင်ဦးစီးမှူးက သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ရှင်းလင်းပြောကြားကာ တောင်သူလယ်သမား ၈၀ ဦးတက်ရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

စိုးထက်အောင်(iprd)

နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လူကုန်ကူးမှု ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက်က နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ် ကြံခင်းကျေးရွာတွင် ကျင်းပရာ လူကုန်ကူးမှုကာကွယ်ရေးဆိုင်ရာများကို ဟောပြောခဲ့ပြီး လူထု ၃၅၀ ကျော် တက်ရောက်ခဲ့သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပုဗ္ဗသီရိမြို့နယ်တွင် လောကကြေးမုံစာကြည့်တိုက်ဖွင့်

နေပြည်တော် ဇွန် ၂၃

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အမှတ် (၁)ရပ်ကွက်ရှိ မှန်ကျောင်းဘုန်းတော်ကြီးကျောင်းတွင် လောကကြေးမုံစာကြည့်တိုက်သစ်ကို ဇွန် ၂၁ရက်က ဖွင့်လှစ်ခဲ့သည်။

စာကြည့်တိုက်တွင် သုတစာအုပ်ပေါင်း ၇၀၀ကျော်နှင့် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ စာအုပ်ပေါင်း ၁၅၀၀ ကျော်ရှိကြောင်းနှင့် စာကြည့်တိုက်အား အပတ်စဉ် စနေ၊ တနင်္ဂနွေနှင့် ဥပုသ်နေ့များတွင် နံနက် ၉ နာရီမှ ၆ နာရီအထိနှင့် ကျန်ရက်များတွင် ညနေ ၄ နာရီမှ ၆ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ်တာဝန်ခံ ဦးသန်းဌေးနှင့် စာကြည့်တိုက်နာယက ဦးကျော်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်ဖြစ်မြောက်ရေးအလှူရှင်များကိုယ်စား အလှူရှင် ဦးမြင့်သိန်းက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက စာကြည့်တိုက်အတွက် DVB T2 Set Tob Box နှင့် စာအုပ်စာဆောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပခုက္ကူမြို့နယ်စာရေးဆရာအသင်းလုပ်ငန်းညှိနှိုင်းစည်းဝေး

ပခုက္ကူ ဇွန် ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စာရေးဆရာအသင်းအမှုဆောင်အဖွဲ့အစည်းအဝေးကို ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက် နေပြည်တော်လမ်းတွင် ဇွန် ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်စောကြိုင်(မအေးငြိမ်း-ပခုက္ကူ)အား ဇွန် ၂၇ နှင့် ၂၈ ရက်တွင် ရန်ကုန်မြို့ မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့တက်ရောက်ရန် မြို့နယ်စာရေးဆရာများက ကိုယ်စားလှယ်အဖြစ် သဘောတူညီရွေးချယ်ကြပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းမှ စာရေးဆရာမဂ္ဂဇင်းထုတ်ဝေရန်၊ သက်ကြီးပူဇော်ပွဲတွင် အသက်(၇၅)နှစ် စာရေးဆရာကြီးများအား ပူဇော်ပွဲပြုလုပ်ရာ၌ လျှော့ချစည်းစားပေးရန်နှင့် ပခုက္ကူမြို့နယ်စာရေးဆရာအသင်း မြေနေရာရရှိရေးအတွက် ဗဟိုဦးစီးအစည်းအဝေးတွင်တင်ပြနိုင်ရန်များ သဘောတူဆုံးဖြတ်ကြသည်။

အစည်းအဝေးသို့မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌဒေါ်စောကြိုင် (မအေးငြိမ်း-ပခုက္ကူ)၊အသင်းအတွင်းရေးမှူး အသွင်ဆန်း-ပခုက္ကူ အသင်းဘဏ္ဍာရေးမှူးဦးဌေးလှိုင်(ဒေါက်တာဌေးလှိုင်-ပခုက္ကူ)၊ အမျိုးသားစာပေဆုရစာရေးဆရာမောင်နီဝင်း၊ မောင်ပွင့်စော-ပခုက္ကူတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဒေးဒရဲမြို့နေ ဦးနိုင်မင်း-ဒေါ်မြင့်မြင့်သန်း၊ အေးမေတ္တာ အီလက်ထရွန်နစ်စတိုး၏ သားကြီး မောင်သူရမင်းသွေးသည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (ခုံအမှတ် ဆ·က·ရ-၁၅၂၅) ဘာသာစုံ ခြောက်ဘာသာဂုဏ်ထူးဖြင့် အမှတ်ပေါင်း ၅၃၉မှတ်ဖြင့် ထူးချွန်စွာအောင်မြင်သည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

TZE မိသားစု

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ထန်းကုန်းကွက်သစ်(၂)လမ်း၊ အမှတ်(၂၇၇)နေ (ဦးစောဆာထူး)-ဒေါ်နော်ခေဖော တို့၏သားကြီး

စောတာမလာဝါး B.Sc (Chem:)

(ဒု-ဦးစီးမှူး၊ ကျိုက်ဒုံမြို့နယ်ခွဲ မြေစာရင်းဦးစီးဌာန၊ ကရင်ပြည်နယ်) နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာ၊ အမှတ်(၄၄၄)၊ အောင်မင်္ဂလာနေ (ဦးမောင်လူ)-ဒေါ်ချစ် တို့၏သမီး

နော်သက်ချို B.Sc (Phys) (Q), B.Ed (Q)

အထက်တန်းပြ(အ·ထ·က ခွဲ မင်းရွာ၊ မှော်ဘီမြို့နယ်)

တို့သည် ၂-၃-၂၀၁၄ရက်တွင် နှစ်ဖက်သောမိဘလူကြီးများ သဘောတူညီချက်ဖြင့် တရားဝင်လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်းနှင့် ၂၇-၅-၂၀၁၄ရက်တွင် မင်္ဂလာဧည့်ခံပွဲအား ကျင်းပပြီးစီးပါကြောင်း။

စောတာမလာဝါး-နော်သက်ချို

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) ဖိတ်ကြားလွှာ

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အသင်းရုံးတည်ရှိရာ အမှတ် ၆၃/က၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်တွင် ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) (ဝါဆိုလပြည့်နေ့) နံနက် ၅နာရီမှ ၈နာရီအထိ ကျင်းပပြုလုပ်ပြီး လပွတ္တာမြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ၃-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း (၄၂)ကျောင်းမှ သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်အတူ အသက်(၈၀)နှင့်အထက် အသင်းသားနှင့် မိဘများအား သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(လပွတ္တာစာစစ်ဌာန)ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အထောက်အထားအပြည့်အစုံတင်ပြကြရန်နှင့် လှူဒါန်းလိုသူများအနေဖြင့် ဥက္ကဋ္ဌ ဦးရွှေလှိုင် ဖုန်း-၀၉-၄၈၂၂၉၃၈၅၊ ဒု-ဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း-၀၉-၅၁၃၃၆၈၈၊ အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၀၉-၄၄၈၀၀၉၆၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၀၉-၅၁၅၅၃၉၉၊ ဘဏ္ဍာရေးမှူး ဦးအမိုင် ဖုန်း-၀၉-၅၀၁၃၄၃၃၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးတင့်ဆန်း ဖုန်း-၀၉-၅၀၁၈၂၅၅၊ စာရင်းစစ် ဦးမြင့်သန်း ဖုန်း-၀၉-၅၁၂၇၇၃၀၊ အသင်းရုံးဖုန်း-၀၁-၂၂၂၀၈၈၊လပွတ္တာမြို့တွင် ဦးအင်းကက် ဖုန်း-၀၉-၈၅၇၈၂၈၈၊ ဦးမြတ်စိုး ဖုန်း-၀၉-၄၂၂၄၉၀၂၆၆တို့ထံ ၂၈-၇-၂၀၁၄ရက် (တနင်္လာနေ့)နောက်ဆုံးထားပေးပို့ကြပါရန်နှင့် အခမ်းအနားသို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(အသင်းနှင့်ကင်းကွာနေသော အသင်းသားများ ပြန်လည်ဆက်သွယ်ကြပါရန်) **အမှုဆောင်အဖွဲ့**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်၊ သြဘာလမ်းနေ ကျွန်မ ဒေါ်ခင်ထွေးရီ၏သား မောင်အောင်ဆန်းဦး(ခ)ဖိုးသား ၅/ကလထ(နိုင်)၁၇၈၇၀၁သည် မိခင်၏ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိခင်အား အကြိမ်ကြိမ် နှိပ်စက်ညှဉ်းပန်းနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

မိခင်-ဒေါ်ခင်ထွေးရီ ၅/ကလထ(နိုင်)၀၁၁၅၆၅
ညောင်ပင်သာရပ်ကွက်၊ ကလေးမြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် BB/3793 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၅-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၂) လူမှုရေးနှင့် စီးပွားရေး ကြော်ငြာကဏ္ဍ၌ပါဝင်သော "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်" ကြော်ငြာတွင်ဖော်ပြထားသည့် ဦးဝင်းဇော် ၁/ဗမန(နိုင်)၀၀၀၇၁၀ အစား ဦးဝင်းဇော်သိန်း ၁/ဗမန(နိုင်)၀၀၀၇၁၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ကလေးဈေးလမ်း၊ Y.W.C.A နေ ကျွန်ုပ်၏မိတ်ဆွေ ဆရာမဒေါ်တင်တင်အေး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေသည် ခင်ပွန်းဖြစ်သူ ဦးမောင်မောင်ကျော်နှင့် အိမ်ထောင်ကျကာ သမီးဖြစ်သူ **မအေးသစ္စာ**ကို မွေးဖွားခဲ့ပါသည်။ မအေးသစ္စာ ၁၂/မရက(နိုင်)၁၂၈၆၄၄ သည် မိခင်အပေါ်တွင် လုံးဝကောင်းကျိုးမပြုခဲ့ပါ။ ငွေ၊ ရွှေပစ္စည်းများယူဆောင်ပြီး ပြန်လည်ပေးအပ်ခြင်းမရှိသည့်အပြင် ၎င်း၏ခင်ပွန်း ပန်းဘဲတန်းမြို့နယ်နေ ဆန်နီနှင့် အိမ်ထောင်ကျချိန်မှစတင်ပြီး မိဘအပေါ် အမျိုးမျိုးဒုက္ခပေးခဲ့ပါသည်။

၂။ မိခင်ဖြစ်သူ ညီအစ်ကိုမောင်နှမများနှင့် မအေးသစ္စာတို့သည် (၂၀၁၃ခုနှစ်၊ အောက်တိုဘာလ/နိုဝင်ဘာလ)များတွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်တင်အေး (E/DGN- MTI-၀၀၃၇၃၅)နှင့် မည်သို့မျှမပတ်သက်တော့ကြောင်း စွန့်လွှတ်စာချုပ်၊ မိသားစုစီမံမှုစာချုပ်ကို အကျယ်တဝင့်ဖော်ပြပြီး သဘောတူညီစွာစာချုပ်များ ချုပ်ဆိုခဲ့ပါသည်။

၃။ အထက်အပိုဒ်(၁နှင့်၂တို့အရ) ကျွန်ုပ်၏မိတ်ဆွေ ဆရာမဒေါ်တင်တင်အေးသည် သမီးဖြစ်သူအား မိဘအပေါ်ကောင်းကျိုးမပြုသဖြင့် သမီးအဖြစ်မှစွန့်လွှတ်ပြီး ဖြစ်ကြောင်း၊ ထို့ပြင် မအေးသစ္စာနှင့်တကွ ၎င်းတို့မိသားစုကိစ္စရပ်များကို ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်တင်အေးနှင့် မည်သို့မျှ မသက်ဆိုင်တော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

၄။ ကျွန်ုပ်၏မိတ်ဆွေ ဆရာမဒေါ်တင်တင်အေး၏ဂုဏ်သိက္ခာညှိုးနွမ်းအောင် မဟုတ်မမှန် လုပ်ကြံပြောဆိုမှုများမပြုလုပ်ရန် အကယ်၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာအကျိုးစီးပွားကို ဟန့်တားနှောင့်ယှက်သူများကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ဆရာမဒေါ်တင်တင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးငွေလရောင် LL.B — **ဦးခင်မောင်ဖြူ (သုံးခွ)**
ဥပဒေအကျိုးဆောင် (စဉ်-၂၆၇၉၃) — **တရားလွှတ်တော်ရှေ့နေ-၃၅၈၂**
၂၉၂၊ ပထပ်(ယာ)၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်းနေ
ဦးသန်းဌေး(MICB ငြိမ်း)-ဒေါ်ခင်လှစီ တို့၏သားကြီး

ဒေါက်တာကျော်သူ

B.E(YTU), M.Eng(AIT), Ph.D(Glasgow Caledonian University, UK)
(Programme Specialist, United Nations Human Settlement Programme)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဖောဓိရိပ်သာလမ်းနေ
ဒေါက်တာဦးမျိုးသန့်(ADB-Manila)-ဒေါက်တာဒေါ်ခိုင်စပါယ်လတ် တို့၏သမီးငယ်

မခိုင်ခင်လတ် (ခ) Sweet Latt

Masters in Public Health M.P.H(2014), B.Sc,
Pre Law, Northeastern University, Boston, USA
(Senior Grant Officer, Whitehead Institute, Massachusetts Institute of Technology, Cambridge, USA)

တို့ကို မိဘတို့ဝတ္တရားရှိသည့်အတိုင်း ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးဖြစ်ပါ၍ ၂၂-၆-၂၀၁၄ ရက် Sedona Hotel (Grand Ballroom)၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲအား တက်ရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကျော်သူ-မခိုင်ခင်လတ်

လက်ထပ်ပြီးစီးကြောင်း

ထိုင်းနိုင်ငံနေ Mr. Sanga Sivasri - Mrs. Pranom Sivasri တို့၏သား၊
Mr.Nutthakrit Sivasri ၏ ညီဖြစ်သူ

Mr. Phichet Sivasri (LL.B)
Vice Chairman, Myanmar C.P Livestock Co., Ltd.

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မာလာမြိုင် ၂ လမ်း၊ တိုက်အမှတ် ၄၇နေ
ဦးစိုးမြင့်(LL.B-Law), Bosun Bay Point Marine Service Pte. Ltd. - ဒေါ်စုစုငြိမ်း တို့၏သမီး၊
မလမင်းမေ၏ အစ်မဖြစ်သူ

Miss. Shwe Thone Dari Soe (B.A - English)
Human Resource Development, Myanmar C.P. Livestock Co., Ltd.

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်ဖြင့် ၃-၆-၂၀၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းလွင်၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးထိမ်းမြားပြီး ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၇၄၊ မြေကွက်တည်နေရာအမှတ် ၇၄၊(၄၅)ရပ်ကွက်၊ ကြေးတိုင်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးမောင်ကြည် J/RGN-၀၁၉၇၅၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်ကြည်ကွယ်လွန်သဖြင့် ဒေါ်အေးလှိုင် ၁၂/ဗဟန(နိုင်)၀၄၁၆၁၂က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၇၊ လူနေရပ်ကွက်အမှတ် ၁၅၇၊ မြေကွက်အမှတ် ၁၀၇၆၊ မြေအကျယ်(အလျားပေ၄၀×အနံပေ ၆၀)၊ စတုရန်းပေ ၂၄၀၀ ရှိပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၀၇၆၊ မင်းရဲကျော်စွာလမ်း၊ (၁၅၇)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ရာမှူး(ခ)ဦးမောင်လှ ၁၂/မဂတ(နိုင်) ၀၀၇၄၇၆ထံမှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီး ရောင်းချခွင့်ရှိသည်ဟုအဆိုပြုသူ ဦးကျော်တိုးဆန်း ၅/မမတ(နိုင်)၀၅၀၁၄၉ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းသန်းဝင်း ၁၂/တမန(နိုင်) ၀၅၅၅၉၄မှ ၁၀-၆-၂၀၁၄ရက်၌ ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိခဲ့ပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)ပြသ၍ ကျွန်ုပ်ထံသို့ ကန့်ကွက်မည့်သူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဆုံးခန်းတိုင်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်သန်း LL.B (တရားလွှတ်တော်ရှေ့နေ) (စဥ်-၃၀၇၇/၈၅)
အမှတ် ၉၁၈၊ အင်းဝ ၈ လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၄ ကံဘဲ့၊ မြေကွက်အမှတ် ၄၁/သ၁ ၏အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်-၅၉/၆၁၊ ကမ္ဘာအေးစေတီဘုရားလမ်း၊ ၁၀ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်အေးအေးမြင့်)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ထံမှ မရမ်းကုန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၆/၂၀၁၂ ဇာရီမှုအမှတ် ၂၀/၁၂၀၁၂၊ အရောင်းအဝယ်စာချုပ်အမှတ် ၂၁၈၉/၂၀၁၃(၁၂-၆-၂၀၁၃)ဖြင့် ဒေါ်ရင်မေမှ ပိုင်ဆိုင်လာပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၈၆၇/၂၀၁၄(၂၇-၂-၂၀၁၄)ဖြင့်ဦးဌေးမြင့်(ခ)ဌေးလွင် ၁၂/မရက(နိုင်)၀၈၁၂၄၀မှ ပိုင်ဆိုင်လာပါသည်။ ၎င်း၏ G/P (၅၉၄၆/၁၄)(၂၆-၂-၂၀၁၄)ရရှိသူ မရွှေခင်(ခ)ဒေါ်စန်းစန်းမြင့် ၁၂/မရက(နိုင်)၁၁၂၈၀၄မှ တရားရုံးဒီကရီ၊ အရောင်းအဝယ်စာချုပ်၊ G/P၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၃၇/ခ တွင်တည်ရှိသော မြေနှင့်မြေကွက်အကျယ်အဝန်း (၅၁၅၂ ဒသမ ၃၆ စတုရန်းပေ) နှင့် ၎င်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးလွှမ်းမိုး ၁၂/မဂတ(နိုင်)၀၀၀၆၂၀ ထံမှ (Rose & Orchid Limited) ကိုယ်စား ဦးသက်နိုင်ဦး ၁၂/သကတ(နိုင်)၁၆၀၄၆၇က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအားပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေကွက်အကျယ်အဝန်း ၅၁၅၂ ဒသမ ၃၆ စတုရန်းပေနှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အဝဝနှင့်ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် လာရောက်ကန့်ကွက်မည့်သူမရှိပါက ၎င်းမြေနှင့် မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးဝင်း ၁၂/ဒဂတ(နိုင်)၀၄၆၅၈၂
ကုမ္ပဏီဥပဒေအကြံပေး (ROSE & ORCHID Limited)
အမှတ် ၆၅/က၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၀၆၂၅၉၇

သတ္တမအကြိမ်ကိုရီးယားဘာသာ EPS-TOPIK စာမေးပွဲအောင်မြင်သူများအတွက် အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၁၄ခုနှစ် မေ ၁၀ရက်နှင့် ၁၁ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် သတ္တမအကြိမ် ကိုရီးယားဘာသာ EPS-TOPIK(ကုန်ထုတ်လုပ်ငန်း) စာမေးပွဲအောင်မြင်သူများအတွက် အလုပ်လျှောက်လွှာ (Job Application Form)များအား ၂၀၁၄ခုနှစ် ဇွန် ၃၀ရက်မှစ၍ ယှဥ်တွဲပါရက်များအလိုက် ဖော်ပြထားသော ခုံနံပါတ်များအတိုင်း နေ့စဉ် ၀၉း၃၀နာရီမှ ၁၇း၀၀နာရီအထိ လျှောက်လွှာများထုတ်ပေးခြင်း/လက်ခံခြင်းများကို ဒဂုံမြို့သစ်(မြောက်ပိုင်း) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (ပင်လုံခန်းမ)တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ စာမေးပွဲအောင်မြင်သူတို့၏ လျှောက်လွှာများအား အောက်ပါရက်များအလိုက် ပူးတွဲဖော်ပြပါခုံနံပါတ်များအတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်-

(က)	၃၀-၆-၂၀၁၄ ရက်	ခုံအမှတ်	၁၀၀၀၀၀၀၁	မှ	၁၀၀၀၁၈၈၉	ထိ
(ခ)	၁-၇-၂၀၁၄ ရက်	။	၁၀၀၀၁၈၉၃	မှ	၁၀၀၀၄၂၁၉	ထိ
(ဂ)	၂-၇-၂၀၁၄ ရက်	။	၁၀၀၀၄၂၂၁	မှ	၁၀၀၀၇၃၂၂	ထိ
(ဃ)	၃-၇-၂၀၁၄ ရက်	။	၁၀၀၀၇၃၃၁	မှ	၁၀၀၁၀၃၃၅	ထိ
(င)	၄-၇-၂၀၁၄ ရက်	။	၁၀၀၁၀၃၃၆	မှ	၁၀၀၁၃၀၆၉	ထိ
(စ)	၅-၇-၂၀၁၄ ရက်	။	၁၀၀၁၃၀၇၁	မှ	၁၀၀၁၄၄၈၀	ထိ

၃။ လျှောက်လွှာများ ပြန်လည်တင်သွင်းခြင်းကို အောက်ဖော်ပြပါ နေ့ရက်များနှင့် ယှဥ်တွဲဖော်ပြပါခုံနံပါတ်များအတိုင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က)	၃-၇-၂၀၁၄ ရက်	ခုံအမှတ်	၁၀၀၀၀၀၀၁	မှ	၁၀၀၀၀၅၅၅	ထိ
(ခ)	၄-၇-၂၀၁၄ ရက်	။	၁၀၀၀၀၅၅၆	မှ	၁၀၀၀၁၁၆၆	ထိ
(ဂ)	၅-၇-၂၀၁၄ရက်	။	၁၀၀၀၁၁၆၉	မှ	၁၀၀၀၁၇၈၈	ထိ
(ဃ)	၇-၇-၂၀၁၄ရက်	။	၁၀၀၀၁၇၉၂	မှ	၁၀၀၀၂၄၈၅	ထိ
(င)	၈-၇-၂၀၁၄ရက်	။	၁၀၀၀၂၄၉၁	မှ	၁၀၀၀၃၁၉၇	ထိ
(စ)	၉-၇-၂၀၁၄ရက်	။	၁၀၀၀၃၁၉၈	မှ	၁၀၀၀၄၀၁၇	ထိ
(ဆ)	၁၀-၇-၂၀၁၄ရက်	။	၁၀၀၀၄၀၁၈	မှ	၁၀၀၀၄၇၄၄	ထိ
(ဇ)	၁၂-၇-၂၀၁၄ရက်	။	၁၀၀၀၄၇၄၈	မှ	၁၀၀၀၅၇၆၅	ထိ
(ဈ)	၁၄-၇-၂၀၁၄ရက်	။	၁၀၀၀၅၇၆၉	မှ	၁၀၀၀၆၉၂၁	ထိ
(ည)	၁၅-၇-၂၀၁၄ရက်	။	၁၀၀၀၆၉၂၈	မှ	၁၀၀၀၈၀၃၁	ထိ
(ဋ)	၁၆-၇-၂၀၁၄ရက်	။	၁၀၀၀၈၀၃၃	မှ	၁၀၀၀၈၈၆၄	ထိ
(ဌ)	၁၇-၇-၂၀၁၄ရက်	။	၁၀၀၀၈၈၆၅	မှ	၁၀၀၀၉၈၀၄	ထိ
(ဍ)	၁၈-၇-၂၀၁၄ရက်	။	၁၀၀၀၉၈၀၆	မှ	၁၀၀၁၀၈၉၇	ထိ
(ဎ)	၁၉-၇-၂၀၁၄ရက်	။	၁၀၀၁၀၉၀၂	မှ	၁၀၀၁၁၆၉၁	ထိ
(ဏ)	၂၁-၇-၂၀၁၄ရက်	။	၁၀၀၁၁၆၉၂	မှ	၁၀၀၁၂၄၃၉	ထိ
(တ)	၂၂-၇-၂၀၁၄ရက်	။	၁၀၀၁၂၄၄၁	မှ	၁၀၀၁၃၃၀၁	ထိ
(ထ)	၂၃-၇-၂၀၁၄ရက်	။	၁၀၀၁၃၃၀၄	မှ	၁၀၀၁၄၁၃၄	ထိ
(ဒ)	၂၄-၇-၂၀၁၄ရက်	။	၁၀၀၁၄၁၃၉	မှ	၁၀၀၁၄၄၈၀	ထိ

၄။ လျှောက်လွှာထုတ်ယူရာတွင် သတိပြုရမည့်အချက်များ-
- (က) လျှောက်လွှာအား ကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ်၊ စာမေးပွဲဖြေဆိုခွင့်ဖြတ်ပိုင်းများနှင့်အတူ ပြသထုတ်ယူရမည်။
- (ခ) ဓာတ်ပုံရိုက်ခြင်းအား စာမေးပွဲစစ်ဆေးခဲ့စဉ်က တင်ပြသည့်ပုံ၊ နိုင်ငံကူးလက်မှတ်ပါပုံနှင့် ယခုတင်ပြသည့်ဓာတ်ပုံတို့ ကွဲလွဲမှုမရှိစေရန် သတိပြုရပါမည်။
- (ဂ) ဆေးစစ်ခြင်းအား သတ်မှတ်ထားသည့်ဆေးခန်းများ၌သာ ပြုလုပ်ရပါမည်။

၅။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ-
- (က) အလုပ်လျှောက်လွှာနှင့် ပတ်စ်ပို့ဓာတ်ပုံ(၆)ပုံ။
- (ခ) ကျန်းမာရေးဆေးစစ်ချက်မှတ်တမ်းမူရင်းနှင့်မိတ္တူ။
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ။
- (ဃ) နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ (နိုင်ငံကူးလက်မှတ် သက်တမ်းအနည်းဆုံး တစ်နှစ်ကျန်ရှိရမည်။)
- (င) ကိုယ်ပိုင် Bank Account ဖော်ပြရမည်ဖြစ်သဖြင့် နိုင်ငံပိုင်/ပုဂ္ဂလိကဘဏ် တစ်ခုခုတွင် Passport ပါ အမည်အတိုင်းဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဘဏ်ငွေစာရင်းစာအုပ် မူရင်း/မိတ္တူ ပူးတွဲတင်ပြရန်။
- (စ) အိမ်ထောင်စုဝင်ဇယားမူရင်းနှင့်မိတ္တူ
- (ဆ) ပညာအရည်အချင်းအထောက်အထားမူရင်းနှင့်မိတ္တူ။
- (ဇ) စက်မှု၊ လက်မှုပညာရပ်ဆိုင်ရာကျွမ်းကျင်မှုအထောက်အထားရှိက မူရင်းနှင့်မိတ္တူ။
- (ဈ) အခြားအလုပ်ခွင် Training သင်တန်းဆင်းလက်မှတ်များရှိက မူရင်းနှင့်မိတ္တူ။

၆။ လျှောက်လွှာများထုတ်ပေးခြင်းနှင့် လက်ခံခြင်းများအား ဒဂုံမြို့သစ်မြောက်ပိုင်း(ပင်လုံခန်းမ)၊ ရန်ကုန်မြို့၌ ပြုလုပ်ပါမည်။

၇။ အလုပ်လျှောက်လွှာတွင် အချက်အလက်များ မှန်ကန်စွာဖြည့်စွက်ဖော်ပြရန် လိုအပ်ပါသည်။ မှားယွင်းစွာဖော်ပြဖြည့်စွက်ခဲ့ပါက ကာယကံရှင်၏တာဝန်သာ ဖြစ်ပါမည်။

အလုပ်လျှောက်လွှာနှင့်ပတ်သက်၍ သိရှိလိုသောအချက်များရှိပါက ဖုန်းနံပါတ် ၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရှူခင်းသာ)၊ မြေကွက်အမှတ် ၁၃၈၊ မြေကွက်တည်နေရာအမှတ်-၁၃၈၊ မြို့ပတ်လမ်းမ၊ ရှူခင်းသာရပ်ကွက်၊ သာကေတမြို့နယ် (ဦးမောင်မောင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စိန်ကြည် ၁၂/သကတ (နိုင်)၀၁၁၇၃၆မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြင်ဆင်ဖတ်ရှုပါရန်

(၁၄-၆-၂၀၁၄)ရက်နေ့ထုတ်သတင်းစာ၊ ကြော်ငြာကဏ္ဍစာမျက်နှာ(၁)ပါ ဦးမောင်မောင်ခင်+၂ ၏ "ကန့်ကွက် နိုင်ပါသည်" ကြော်ငြာတွင် မြေကွက်တည်နေရာအမှတ်(၆၂)၊ ၉၂-လမ်းအစား အမှတ်(၄၁)၊ မန္တလေးလမ်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စီးပွားရေးကြော်ငြာ

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၃၀

ကွယ်လွန်သူ ဦးညွန့်မင်းလွင်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

အမှတ် ၇၉၊ ခိုင်သဇင်လမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညွန့်မင်းလွင်၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဌေးဦးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ရက် (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးညွန့်မင်းလွင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၄ခုနှစ် ဇူလိုင် ၁၄ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော်၃ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန်၊ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခု မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးဌေးဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ် ဇွန် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီနီ)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၉

၁။ ဦးအောင်ခိုင် **နှင့်** ဒေါ်လှလှအေး
၂။ ဒေါ်သန္တာချို

တရားလိုများ **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၅ လမ်း၊ ၃၂×၃၃ လမ်းကြားနေ ဒေါ်လှလှအေး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိုက်ပျိုးရေးကွက်သစ်၊ အကွက်အမှတ်(D)၊ ဦးပိုင်အမှတ်(၁၁၀)မြေကွက်နှင့်ပတ်သက်၍ တရားလိုတရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၇ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇွန် ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဇင်နိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်း-၂၀)
တောင်ကြီးမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၃

ဦးရန်အောင်	**နှင့်**	ဒေါ်ယဉ်ယဉ်အေး
အမှတ် (၂၄၆/၆၊ ၃၉လမ်း၊		အမှတ်(၃၇/၄)၊ ယောမင်းကြီးလမ်း၊
ကျောက်တံတားမြို့နယ်၊		ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ရန်ကုန်တိုင်းဒေသကြီး။		(ယခင်လိပ်စာဖြစ်သည်၊ ယခုလိပ်စာ စုံစမ်းမရပါ။)
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဒေါ်ယဉ်ယဉ်အေး အမှတ် (၃၇/၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေထိုင်သည့်အိမ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရန်အောင်က အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေ လိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၄ရက် နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးဌွန်ဂျာအောင်(တ/၂၇၆၅)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၈၊ မြေကွက်အမှတ် ၃၇၂၊ (၄၀'×၆၀')အကျယ်ရှိ ဦးခင်လှိုင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၇၂၊ အောင်ရိပ်သာ ၄ လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် တစ်ထပ်တိုက်ကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံတွင် စာချုပ်စာတမ်း အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်လွင်(စဉ်-၇၀၉၇)	**ဦးနိုင်ဝင်း(စဉ်-၃၁၁၁၁)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၂၇/ဘီ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာကွင်း၊ အကွက်အမှတ် ၁၉၉၀၊ ဦးပိုင်အမှတ် ဆ-၃၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၂၇၅ဧကကျယ်ဝန်းသော နှစ် ၃၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့ပိုင်ဆိုင်စီမံရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဦးစိုးလွင် ၁၂/သဃက(နိုင်)၁၃၆၈၀၁နှင့် ဦးဇော်လင်း ၁၂/သဃက(နိုင်)၁၃၆၇၀၉တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန္တာစိုး ၁၂/ကမတ(နိုင်)၀၅၁၂၄၈က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဇင်အေး	**ဒေါ်ဇင်မာဝေ**
LL.B, D.B.L, D.I.L, D.I.R	**LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၈၃၃၂)	**(စဉ်-၃၃၉၁၄)**

Home Group အိမ်ခြံမြေအကျိုးဆောင်နှင့် စာချုပ်စာတမ်းဥပဒေဝန်ဆောင်မှုလုပ်ငန်း
တိုက် ၁၊ အခန်း ၂၀၂၊ မြိုင်ဟေဝန်အိမ်ရာ၊ (၄)ရပ်ကွက်၊ ကျိုက်ပိုင်းဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၄၃၁၀၅၈၄၄၊ ၀၉-၃၁၅၆၆၂၅၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၆၀၊ ခြောက်ထပ်တိုက်လေးလွှာ၊ တတိယထပ်ခြေရင်းခန်းအကျယ်အဝန်းပေ (၁၂$\frac{၁}{၂}$×၅၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်နိုင်နိုင်ဦး ၁၂/ကမရ(နိုင်) ၀၀၂၄၇၀ထံမှ ဦးမြင့်ဆွေ ၁၁/စတန(နိုင်)၀၀၉၄၂၅က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်ဆွေ B.Sc, RL
ဖုန်း-၀၁-၅၀၂၄၄၃၊ ၀၉-၄၂၀၀၃၀၄၄၄
အမှတ် ၇၇၊ ကျွန်းတောလမ်း၊ ကျွန်း/မြောက်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

၁၄-၆-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် CCAM ကုမ္ပဏီမှ မန်နေဂျာ မအေးအေးခိုင်၏ကြေညာချက်အပေါ်

ပြန်လည်ရှင်းလင်းအကြောင်းကြားခြင်း

ယင်းကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းလိုသည်မှာ ၂-၆-၂၀၁၄ ရက်နှင့် ၃-၆-၂၀၁၄ ရက်များတွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်သက်စုမွန်မှ CCAM ကုမ္ပဏီသို့ ဓာတ်ပုံအထောက်အထားများနှင့်တကွ စာရင်းဇယားများကို ရှင်းလင်းပေးပို့ပြီးဖြစ်ပါသည်။ ယင်းစာရင်းများနှင့်ပတ်သက်၍ CCAM ကုမ္ပဏီမှ အကြောင်းအရာတစ်စုံတစ်ရာပြန်ကြားခြင်းမရှိသလို ကျွန်ုပ်မိတ်ဆွေ၏ လဝက်လစာအား ယနေ့တိုင်ပေးအပ်ခဲ့ခြင်းမရှိသေးကြောင်း သိရှိရပါသည်။ ယင်းစာရင်းများ၌ ဒေါ်သက်စုမွန်မှ ၎င်း၏ငွေကြေးဖြင့်စိုက်ထုတ်ထားသောငွေကြေးများလည်း ကုမ္ပဏီမှ ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိသေးကြောင်း သိရှိအပ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေမှာ ယခုခရီးသွားနေပါသဖြင့် ကုမ္ပဏီမှ ယခုကြော်ငြာသည့်ရက်မှ တစ်လအတွင်း လာရောက်စာရင်း ရှင်းလင်းပေးရန် ပြန်လည်အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးညွန့်နိုင် LL.B
အထက်တန်းရှေ့နေ(၁၀၈၈၀)
အမှတ် ၅၅၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတား၊ ဖုန်း-၀၉-၄၃၀၉၃၁၀၀

သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော မြောင်းမြမြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ ကဝက်ချောင်းဖျား (ရှမ်းတောကွင်း)ကျေးရွာနေ မန်းမြအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။ မန်းမြအောင်၏သားသမီးများဖြစ်ကြသော မန်းနိုင်းရွှေ၊ မန်းမြင့်သန်း၊ မန်းနေလင်း၊ နန့်စမ်းစမ်းကြည်နှင့် နန့်စမ်းစမ်းအေးတို့သည် ဖခင်ဖြစ်သူ မန်းမြအောင်၏ ဆိုဆုံးမမှုများအား မနာခံဘဲ ဖခင်၏ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ဆောင်ရွက်နေသောကြောင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းတို့နှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ကိုကိုထွေး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၅၄)

သွာနုတ္တသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဘားအံမြို့၊ အမှတ်(၆)ရပ်ကွက်၊ နှင်းဆီလမ်း၊ No.၆/၆၆၆ တွင်နေထိုင်သူ ဒေါ်တင်တင်ယဉ်၏ သမီး မဇာဇာဝေ(ခ)စုစုထွေး ၃/ဘအန(နိုင်)၂၀၁၉၅၀သည် မိဘမောင်နှမတို့၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ မိဘကိုပင် ရန်သူသဖွယ် ကိုယ်ထိလက်ရောက်ပြုမူစော်ကားလာပြီး အိမ်ခြံမြေအား ရယူနိုင်ရန် မိခင်ကိုပင် တရားရုံး၏ တရားစွဲဆိုမှုပြုမူလာသည့်အတွက် မိခင်နှင့် ကျန်သားချင်းမောင်နှမများသည် နေ့စဉ်နှင့်အမျှ ကိုယ်စိတ်နှစ်ပါးဆင်းရဲနေကြရပါသောကြောင့် ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ် ကြေညာကာ အမွေစား အမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြသန္တာထွေး LL.B အထက်တန်းရှေ့နေ
(စာရင်းပါအမှတ်စဉ်-၄၃၉၇၄)

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃M၊ မြေကွက်အမှတ် I၅/ခ+၆က၊ မြေကွက်တည်နေရာအမှတ် ၂၊ စကားစိမ်းလမ်း၊ စော/နောက်၊ အလုံ(ဦးနေဦး၊ ဒေါ်ခင်အေးကြည်) အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်အေးကြည်ထံမှ စွန့်လွှတ်စာချုပ်အမှတ် ၃၇၄၀/၁၈-၁၀-၁၃ဖြင့် ဦးနေဦးမှ ပိုင်ဆိုင်လာပြီး ဦးနေဦး ကွယ်လွန်သဖြင့် ဒေါ်တင်တင်ထွန်း ၁၂/ပဇတ(နိုင်)၀၁၆၉၂၆၊ ဦးထွန်းရွှေ ၁၂/ရကန(နိုင်) ၀၅၉၁၄၆တို့မှ သေစာရင်းမိတ္တူ၊ သေတမ်းစာအမှတ် ၆/၂-၆-၁၁ ကတိသစ္စာပြုလွှာ၊ ကျမ်းကျိန်လွှာ၊ မှတ်ပုံတင်မိတ္တူ၊ ဂရန်မိတ္တူတို့တင်ပြပြီးပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက် အမှတ်၂၂၅၊ မြေကွက်တည်နေရာအမှတ် ၂၂၅၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဦးစောမာကတ်(စ်)ဝင်း AV-၀၂၃၂၈၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစောမာကတ်(စ်)ဝင်း ၁၂/သဃက(နိုင်)၀၆၂၀၁၁ ကိုယ်တိုင်မှ နှစ် ၆၀ဂရန် ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ်၆၀မြေငှား စာချုပ်ဂရန်မိတ္တူ လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၁၊ မြေကွက်အမှတ် ၁၆၈၁/က၊ မြေကွက်တည်နေရာအမှတ် ၁၆၈၁/က၊ မင်းရဲကျော်စွာလမ်း၊ (၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးစောဝင်းကောက် ၇/သဝတ(နိုင်)၀၁၆၃၂၆ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးစောဝင်းကောက်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစောဇင်ကိုဝင်း ၇/တငန(နိုင်)၁၀၆၀၇၁မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၅၊ မြေကွက်အမှတ် ၉၉၃/က၊ မြေကွက်တည်နေရာအမှတ် (၉၉၃/က)၊ စည်ပင်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဦးချွန် KLT-၀၀၅၉၁၁ အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးချွန်(ဖခင်)၊ ဒေါ်ကျင်ယုံ (မိခင်)တို့ကွယ်လွန်၍ သားသမီးအရင်းများဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်ဝင်းဝင်းအေး ၁၂/ဒဂတ(နိုင်)၀၁၂၂၄၁၊ ဒေါ်ခင်ဝင်း ၁၂/ဥကတ(နိုင်)၀၈၂၉၆၂၊ ဒေါ်ဝတုတ် ၁၂/ဒဂတ(နိုင်)၀၁၂၂၅၁၊ ဒေါ်မိမိလေး ၁၂/ဒဂတ(နိုင်)၀၁၂၂၅၂၊ ဒေါ်ခင်ခင်အေး ၁၂/ဒဂတ(နိုင်)၀၁၂၂၅၆ တို့က ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ် ၄၆၉၊ ဦးပိုင်အမှတ် ၃၊ မုဒ်ဦးတန်း၊ ၈၄ လမ်း×အမှတ် ၆ကားဂိတ် အနီးရှိ ဦးမော် အမည်ပေါက် ဘိုးဘ မြေကွက်အား ဦးမော်၊ ဒေါ်ဆွဲမိ၊ ဒေါ်ထားတို့မှာ မောင်နှမအရင်းများဖြစ်ပြီး ဦးမော်နှင့်ဒေါ်ထားတို့မှာ (လူပျိုကြီး၊အပျိုကြီး)ဘဝဖြင့် ကွယ်လွန်၍ ဒေါ်ဆွဲမိမှ အမွေဆက်ခံခဲ့ပြီး ခင်ပွန်း ဦးမောင်တိုးနှင့်အိမ်ထောင်ကျ၍ (သမီး)ဖြစ်သူ ဒေါ်တင်မိကိုမွေးဖွားခဲ့ပါသည်။ မိခင်၊ ဖခင်တို့ ကွယ်လွန်သွားသောအခါ သမီးဖြစ်သူဒေါ်တင်မိမှ အမွေဆက်ခံပြီး ခင်ပွန်းဦးချစ်စရာနှင့် အိမ်ထောင်ကျ၍ သားဖြစ်သူဦးသိန်းညွန့်ကို မွေးဖွားခဲ့ပါသည်။ အဘိုး၊ အဘွားနှင့် မိခင်၊ ဖခင်တို့အသီးသီးကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သော(မြေး/သား)ဖြစ်သူ ဦးသိန်းညွန့် ၉/မရတ(နိုင်)၀၄၅၇၁၉မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

၁၆။	ဒေါ်မြင့်မြင့်မော်+၃	၁၂/ဥကတ(နိုင်)၀၁၃၀၅၃	တောင်ဥက္ကလာ	၁၁	၂၉၂	ဒေါ်သန်းသန်း	၂၉၂၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၇။	ဒေါ်လှကြည်	၁၂/ဥကတ(နိုင်)၀၃၄၃၄၅	တောင်ဥက္ကလာ	၄	၆၃၇	ဦးနီအေး	၆၃၇၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၈။	ဒေါ်မြရီ	၁၂/သကတ(နိုင်)၀၅၇၃၈၇	သာကေတ	၈	၆၈/က	ဒေါ်အေးမြိုင်	၆၈/က၊ နဝရတ်(၁၁)လမ်း၊ (၈)ရပ်ကွက်	အမည်ပြောင်း
၁၉။	ဒေါ်စုလဲ့ဌေး	၁၂/စခန(နိုင်)၀၀၁၆၃၅	ဒဂုံမြောက်	၃၉A	၃၁	ဗိုလ်ကြီးကြည်ထွန်းမင်း	၃၁၊ (၃၉A)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၂၀။	ဒေါ်မြင့်ကြိုင်	၁၂/ဥကတ(နိုင်)၀၅၃၂၂၄	တောင်ဥက္ကလာ	၆	၁၀၄၈/ခ	ဒေါ်တင်နု	၁၀၄၈/ခ၊ အင်း၀(၆)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန် အထက၊ ပုတီးကုန်း၊ တက္ကသိုလ်ဝင်တန်းမှ မသွယ်သွယ်ထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၇/သကန(နိုင်)၀၁၀၂၈၅ ဖြစ်ပါကြောင်း။

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၁ ရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ် ၁၁၃၆ နေ ဒေါ်တင်စိန်(ခ)ဒေါ်ကျင်စိန် ၁၂/လကန(နိုင်)၀၂၉၀၈၈ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ဦးပိုင်အမှတ် ၁၈/၁ နှင့် ၇/၁၀၊ ကွင်းအမှတ် ၄၅၀၊ မြေဧရိယာအကျယ် ၁၁ ဒသမ ၅၉ ဧကရှိ လယ်မြေမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်စိန်(ခ)ဒေါ်ကျင်စိန်၏ ဖခင်ဦးသောင်းရွှေပိုင်ဆိုင်သော လယ်မြေဖြစ်ပြီး အဆိုပါလယ်မြေတွင် ကျန်ရှိသည့် လယ်မြေသုံးဧကနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်စိန်(ခ)ဒေါ်ကျင်စိန်၏ သဘောတူညီခွင့်ပြုချက် တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ အဆိုပါလယ်မြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းပေးကမ်းခြင်း၊ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ အာမခံဖြင့်တင်သွင်းထားခြင်းနှင့် ယင်းမြေအား ထင်ယောင်ထင်မှားပြုလုပ်၍ ရောင်းချခြင်းမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ကြေညာချက်အား ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ထပ်လောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်တင်စိန်(ခ)ဒေါ်ကျင်စိန်
၁၂/လကန(နိုင်)၀၂၉၀၈၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ချမ်းငြိမ်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၉၀၁၉)
အမှတ် ၁၇၊ ကနကမာလမ်း၊ ကျိုက္ကဆံ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ဖုန်း-၀၉-၃၁၈၆၂၈၃၃

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်-အုတ်ဖို/၄၊ မြေကွက်အမှတ် ၁၁၅/ခ၊ ဦးဒုံကြီးအမည်ပေါက်၊ ၁၁၆/က ဦးစောဘစိန်အမည်ပေါက်၊ ၁၁၆/ခ ဦးအောင်စိန်အမည်ပေါက် (ယခုအရပ်အခေါ်) အမှတ် ၁၁၅/ခ၊ ၁၁၆/က၊ ၁၁၆/ခ၊ သီရိမင်္ဂလာပတ်လမ်း၊ ၅/၄ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ စုစုပေါင်းအကျယ်အဝန်းပေ(၆၀×၆၀) ရှိ မြေချပါမစ်မြေကွက် သုံးကွက်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ မြေချပါမစ်မြေကွက်သုံးကွက်နှင့် ပတ်သက်၍ မိမိသာပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်နီနီထွန်း ၉/မနတ(နိုင်) ၀၀၇၄၂၉ (ဖခင် ဦးကျော်ကျော်ထွန်း၏ ကိုယ်စားလှယ်စာအရ ရောင်းချပိုင်ခွင့်ရှိသူ)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် အဆိုပါမြေချပါမစ်မြေကွက်သုံးကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နန့်စန္ဒာဝင်း(ဥပဒေဘွဲ့)
LL.B,D.B.L,D.M.L,D.I.L,P.D.S .W (Psy;)
C.A.E.S (ASEAN), B.D.S (MOFA)
အထက်တန်းရှေ့နေ (စဉ်-၃၀၄၇၁)
အမှတ် ၉၅၊ အောက်မင်္ဂလာဒုံ ၁ လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၂၅၀၀၄၃၈၉၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၆/၂)၊မြေကွက်အမှတ် (၈/ခ)နှင့် မြေကွက်အမှတ်(၉/က)ဟုခေါ်တွင်သော အလျားပေ၂၀×အနံပေ ၆၀၊ အကျယ်အဝန်း စတုရန်းပေ ၁၂၀၀ အသီးသီးရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်များဖြစ်ကြသည့် ဦးထွန်းဝင်း ၁၂/သဃက(နိုင်)၀၂၀၁၁၃ နှင့် ဦးသန်းဆွေ(ခ)ဦးဝင်းနိုင် ၁၂/ဥကတ(နိုင်)၀၁၄၁၈၉ တို့ထံမှ တရားဝင် ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားရှိ၍ ရောင်းချပိုင်ခွင့်ရှိသူများဟုဆိုသူ ဦးအောင်မြတ်စိုး ၁၄/မပက(နိုင်)၀၀၃၅၂၅နှင့် ဒေါ်အိအိဇင် ၁၂/သဃက(နိုင်)၀၃၄၂၈၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟန်ဝင်းလွင်
LL.B, D.L WIPO(Switzerland),B.D.S
စီးပွားရေးနှင့်လူမှုရေးဥပဒေအတိုင်ပင်ခံ
PIONEER LAW FIRM
အမှတ် ၁၅၁(တတိယထပ်၊ ၃၈လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၆၁၄၃၄၇

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက် အမှတ်(၆)၊ အင်းဝ(၂၀)လမ်း၊ မြေကွက်အမှတ်(၁၇၈/က)၊ မြေဧရိယာအကျယ်အဝန်း(၂၀×၆၀)ပေရှိ ဦးသန်းဟို(၁၂/တမန (နိုင်) ၀၀၇၆၀၃)၊ ဒေါ်အေးအေးနွဲ့ (၁၂/တမန (နိုင်) ၀၀၇၆၀၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား ၎င်းတို့မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး အခန်းပေးအခန်းယူစနစ်ဖြင့် တစ်ခန်းတွဲ ခြောက်ထပ်တိုက်သစ်တစ်လုံးဆောက်လုပ်ရန် အဆိုပြုကမ်းလှမ်းလာရာ Nation Light Co., Ltd.မှ ဆောက်လုပ်ရန်အတွက် စရံငွေ တစ်စိတ်တစ်ဒေသ ပေးအပ်ထားပြီး နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။ အဆိုပါ ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါဆောက်လုပ်ခြင်းကို ပြီးစီးအောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

Nation Light Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စန်းသီတာစိုး (LL.B, D.B.L, D.M.L, D.I.L)
အထက်တန်းရှေ့နေ
Lucky Home Co., Ltd.
အိမ်၊ ခြံ၊ မြေ ဥပဒေအကျိုးဆောင်နှင့် အထွေထွေအကျိုးဆောင်လုပ်ငန်းကုမ္ပဏီလီမိတက်
အမှတ်(၁၁၁၆)၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၀၀၀၇၄၃၈၊ ၀၉-၃၆၂၀၉၆၉၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၉)ရပ်ကွက်၊စာနည်(၁၀)လမ်း၊ မြေကွက်အမှတ်(၅၄၇)ဦးခင်ဦး(CE-၀၅၇၀၁၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)အနက်မှ ခေါင်းရင်းဘက် အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမြင့်ဆွေ (၁၂/တမန (နိုင်) ၀၄၂၂၈၅) ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, Dip.CA, WIPO	LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm
အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၄၅၀၀၀၇၁၃၆

ဒေါ်ခင်စန်းနု (ISN-၂၆၀၄၅၅)နှင့် အများသိစေရန်

ဒေါ်နီလာအောင် ၁၂/မဂဒ(နိုင်)၀၁၄၇၅၃၊ အမှတ် W.S(8)၊ ကျွန်းရွှေဝါလမ်း၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆၃၊ မြေကွက်အမှတ် ၄၉၊ ဧရိယာ ၀ဒသမ၅၀ဧကရှိ မြေကွက်၏တရားဝင် မခွဲစိတ်ရသေးသော အလျား×အနံပေ(၄၉×၁၆)ရှိ မြေကွက်နှင့်အိမ်ကို မူလမြေအမည်ပေါက် ဦးစောဘိုး၊ မောင်သန်းဆွေတို့ထံမှ ဒေါ်စိန်ပွင့်၊ ဒေါ်ခင်စန်းနုတို့က ဝယ်ယူခဲ့ပြီး ဒေါ်ခင်စန်းနုထံမှ ဒေါ်နီလာအောင်သည် စာချုပ်စာတမ်းဖြင့် အဆင့်ဆင့်ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့၍ အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ရန်လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အရောင်းအဝယ်မှတ်ပုံတင်ပေးရန် အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆောင်ရွက်ပေးရန်ပျက်ကွက်ခဲ့ပါက ဒေါ်နီလာအောင်က မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်ရန်အတွက် သက်ဆိုင်ရာရုံးများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြား ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးမူ(စဉ်-၈၂၂၃)
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆လမ်းအောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၁၃၉၉၁

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

၂၅လမ်း၊ ၈၃×၈၄ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ကျွန်တော် ဦးမြင့်သိန်း (ဘ)ဦးမိုဟာမက်အဗ္ဗဒူလာ ၁၂/ပဘတ(နိုင်)၀၃၀၀၁၈ နေရပ်လိပ်စာသည် မန္တလေးမြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၁၇-၆-၂၀၁၄ ရက်စွဲပါ အထူးကိုယ်စားလှယ် ဦးအောင်အောင် (ဘ)ဦးအာဒူခိုင် ၁၀/မလမ(နိုင်)၁၃၀၉၄၈၊ လွှဲစာအမှတ် ၄၆၃၆/၂၀၁၁ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်ရီမိတ်ရီ	၁၃/မဆတ(နိုင်)၀၂၈၂၃၅	ဒဂုံဆိပ်ကမ်း	၁၄၉	၁၇၀	ဦးတင်အောင်	၁၇၀၊ (၁၄၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၂။	ဒေါ်ရီမိတ်ရီ	၁၃/မဆတ(နိုင်)၀၂၈၂၃၅	ဒဂုံဆိပ်ကမ်း	၁၄၉	၄၃၄	ဒေါ်မြမြ	၄၃၄၊ (၁၄၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၃။	ဒေါ်ရီမိတ်ရီ	၁၃/မဆတ(နိုင်)၀၂၈၂၃၅	ဒဂုံဆိပ်ကမ်း	၁၄၉	၁၂၂၉	ဦးရွှေအောင်	၁၂၂၉၊ (၁၄၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၄။	ဒေါ်ရန်ဆိုတ်ဖုန်	၁၃/မဆတ(နိုင်)၀၂၈၇၅၀	ဒဂုံဆိပ်ကမ်း	၁၄၉	၂၀၅	ဒေါ်ညွန့်ဝေ	၂၀၅၊ (၁၄၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၅။	ကင်မရှ(ခ)ဒေါ်တင်တင်	၁၂/မဂတ(နိုင်)၀၅၄၃၈၅	မင်္ဂလာတောင်ညွန့်	၁၁N	V ၈၇	Firaza Khatoon Bi Bi (alias)Ma Kway	၂၃၊ စီဖါယာလမ်း၊ လွတ်လပ်ရေးရပ်ကွက်	အမည်ပြောင်း
၆။	ဦးဇော်မင်းလတ်	၁၂/တမန(နိုင်)၀၀၆၀၁၀	သာကေတ	၄/မြောက်	၉၇/ခ	ဦးသိန်းဝင်း	၉၇/ခ၊ မြို့မ(၁၃)လမ်း၊ (၄/မြောက်)ရပ်ကွက်	ဂရန်သစ်
၇။	ဒေါ်သီသီမွေး	၁၀/မလမ(နိုင်)၀၄၉၁၉၄	ဒဂုံမြောက်	၃၂	၁၂၇၁	ဗိုလ်ကြီးဇော်မင်းအေး	၁၂၇၁၊ (၃၂)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၈။	ဒေါ်အေးမြတ်မွန်ထွေး	၁၂/တမန(နိုင်)၁၀၂၄၁၀	ဒဂုံတောင်	၁၀၇	၄၁၅/က	ဦးသိန်းထွေး	၄၁၅/က၊ ငုဝါမြိုင်လမ်း၊ (၁၀၇)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၉။	ဦးအောင်မျိုးထိုက်	၇/သနပ(နိုင်)၀၆၂၈၆၂	ဒဂုံတောင်	၅၅	၁၇၃၂	ဦးထွန်းကြည်	၁၇၃၂၊ မင်းရဲကောင်းပုံလမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၁၀။	ဒေါ်သင်းသင်းလှိုင်	၁၂/လမန(နိုင်)၀၁၅၉၇၃	လှိုင်	၂၀/က+ခ	၃၀၁	ဒေါ်သန်းသန်းလှ	၅၁၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်	ဂရန်သစ်
၁၁။	ဒေါ်သောင်း	၁၂/လသယ(နိုင်)၀၀၄၉၁၈	လှိုင်သာယာ	၃	၁၅၃	ဦးထွန်းမြင့်	၃/၁၅၃၊ မင်းရဲကျော်စွာ(၁၂)လမ်း၊ လှိုင်သာယာ	အမည်ပြောင်း
၁၂။	ဦးကျော်စိုးမင်း	၁၂/စခန(နိုင်)၀၅၉၉၇၈	ဒဂုံတောင်	၂၆	၆၆၄	ဦးငြိမ်း	၆၆၄၊ မိုးစန္ဒာ(၃)လမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၁၃။	ဦးတင်မျိုးလွင်+၁	၉/တကန(နိုင်)၀၀၀၅၆၃	ဒဂုံမြောက်	၄၂	၁၆၅၁	ဒေါက်တာသန်းသန်းမွန်	၁၆၅၁၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၁၄။	ဒေါ်သင်းပွင့်လှိုင်+၁	၇/ပမန(နိုင်)၁၁၇၉၃၃	ဒဂုံမြောက်	၃၃တိုးချဲ့	၄၁၇	ဦးထွေးသိန်း	၄၁၇၊ (၃၃)တိုးချဲ့၊ ဒဂုံမြောက်	ဂရန်သစ်
၁၅။	ဒေါ်စမ်းစမ်း	၁၂/စခန(နိုင်)၀၁၀၄၉၀	စမ်းချောင်း	၂၈ဒီ	၈၂/၁၀	ဦးတင်ထွန်း	၁၀၊ တကောင်းလမ်း	ဂရန်သစ်
၁၆။	ဒေါ်အေးအေးမြင့်+၁	၁၂/လမန(နိုင်)၀၁၁၇၈၅	လှိုင်	၂၀/က+ခ	၂၇၆	ဦးမောင်မြင့်+ဦးတင်မောင်အေး	၆၀၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်	ဂရန်သစ်
၁၇။	ဒေါ်ဌေးဌေးဝင်း+၁	၁၂/သဃက(နိုင်)၀၉၈၁၁၆	သင်္ဃန်းကျွန်း	ကြီးပွားရေး/တောင်	၅၃၂/က	ဒေါ်ခင်မိုးမိုး	၅၃၂/က၊ အောင်သပြေ(၁)လမ်း၊ သင်္ဃန်းကျွန်း	ဂရန်သစ်
၁၈။	ဒေါ်လှရီ	၁၂/ဥကတ(နိုင်)၀၁၇၇၂၂	တာမွေ	၄စီ	၂၄၉	ဒေါ်ညွန့်	၃၈၊ ဓမ္မဝိဟာရလမ်း၊ တာမွေ	အမည်ပြောင်း
၁၉။	ဦးသန်းထွန်း	၁၂/တမန(နိုင်)၀၁၁၅၆၈	မင်္ဂလာတောင်ညွန့်	၄/B	၂၄၄	ဦးမောင်ဘို+၁	၄၉/၂၄၄၊ မြို့ပါတ်(၆)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်	အမည်ပြောင်း
၂၀။	ဦးသန်းထွန်း	၁၂/တမန(နိုင်)၀၁၁၅၆၈	မင်္ဂလာတောင်ညွန့်	၄/B	၂၄၆	ဦးအေးသောင်း	၅၃/၂၄၆၊ မြို့ပါတ်(၇)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာကဏ္ဍ

အမည်ပြောင်း

ဝေါမြို့နယ်၊ မြစ်ကျိုးမြို့၊ အထက Grade-3(A)မှ ဦးဝေဖြိုးအောင် ၇/ဒဥန(နိုင်)၁၁၆၃၇၄၏သား မောင်စည်သူထွန်းအား မောင်အာကာစွမ်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ ဝါဆိုရပ်ကွက်၊ ၃လမ်း၊ အထက(၁) ဒိုက်ဦးမှ မထက်မြက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးအေးဝင်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈ ၏ မြေကွက်အမှတ် V ၂၉၆၊ မြေကွက်တည်နေရာအမှတ်(၂၃)၊ အရိုးကုန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးအေးထွန်းအမည်ပေါက်နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးအေးထွန်း[၁၂/တမန(နိုင်)၀၈၆၉၁၁] ကိုယ်တိုင်ကဂရန်ပျောက်ဆုံးကြောင်း ကတိသစ္စာပြုလွှာနှင့်ရဲစခန်းထောက်ခံစာတို့ကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရာ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၉၁၊ မြေကွက်တည်နေရာအမှတ် ၃၈၁၊ (၁၃)ရပ်ကွက်၊ ဇေယျာသီရိ၊ ဒေါပုံမြို့နယ် ဒေါ်သန်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သန်း(မိခင်)နှင့် ဦးကြွေ(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးမောင်ထွေး ၁၂/ဒပန(နိုင်)၀၀၄၅၄၂က သေစာရင်းနှင့် ကျမ်းကျိန်လွှာများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ် ၅၉၁၊ ဦးပိုင်အမှတ် ၂၀၊ ၂၈×၂၉ကြား၊ ၈၃×၈၄လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ(ဒေါ်မိုး မိုးခင်)နှင့်(ဒေါ်တင်တင်လှ)တို့ ကွယ်လွန်သွားပါသဖြင့် (ဖခင်)ဖြစ်သူ ဦးခင်မောင် ဦးဘက်မှလည်း အမွေစားအမွေခံ တစ်ဦးတစ်ယောက်မျှ မကျန်ရှိပါသဖြင့် (မိခင်)ဖြစ်သူ ဒေါ်တင်ရီ၏ မောင်ဖြစ်သူ၊ အမည်ပေါက်သူများ၏ ဦးလေးအရင်း ဖြစ်သော ဒေါက်တာတင်မြင့် ၉/မရမ(နိုင်)၀၂၇၂၇၀၊ (ညီမဝမ်းကွဲ)ဖြစ်သူ ဒေါ်တင်မိုးစု ၉/မရမ(နိုင်)၀၈၃၇၅၄၊ (မောင်တစ်ဝမ်းကွဲ)ဖြစ်သူ ဦးမျိုးတင့် ၉/မရမ(နိုင်)၀၈၃၇၅၅ တို့က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ် ၄၆၉၊ ဦးပိုင်အမှတ် ၅၊မုခ်ဦးတန်း၊ ၈၄လမ်း×အမှတ်(၆)ကားဂိတ်အနီးရှိ ဒေါ်ထား အမည်ပေါက် ဘိုးဘမြေကွက်အား ဦးမော်၊ ဒေါ်ဆွဲမိ၊ ဒေါ်ထားတို့မှာ မောင်နှမအရင်းများဖြစ်ပြီး ဦးမော်နှင့်ဒေါ်ထားတို့မှာ (လူပျိုကြီး၊အပျိုကြီး)ဘဝဖြင့် ကွယ်လွန်၍ ဒေါ်ဆွဲမိကအမွေဆက်ခံခဲ့ပြီး ခင်ပွန်းဦးမောင်တိုးနှင့် အိမ်ထောင်ကျ၍(သမီး)ဖြစ်သူ ဒေါ်တင်မိကို မွေးဖွားခဲ့ပါသည်။ မိခင်၊ ဖခင်တို့ ကွယ်လွန်သွားသောအခါ(သမီး)ဖြစ်သူ ဒေါ်တင်မိက အမွေဆက်ခံပြီး ခင်ပွန်းဦးချစ်စရာနှင့် အိမ်ထောင်ကျ၍ (သား)ဖြစ်သူ ဦးသိန်းညွန့်ကို မွေးဖွားခဲ့ပါသည်။ အဘိုး၊ အဘွားနှင့်မိခင်၊ ဖခင်တို့အသီးသီး ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သော (မြေး/သား)ဖြစ်သူ ဦးသိန်းညွန့် ၉/မရတ(နိုင်)၀၄၅၇၁၉၈က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာကဏ္ဍ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၀၂၊ ဦးပိုင်အမှတ် ၁၃၊ ၇၂×၇၃ ကြား၊ ၃၄×၃၅ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ အဘွား ဒေါ်ချိုချို၊ အဘိုး ဦးအေး၊ ဖခင် ဦးလှမောင်၊ မိခင် ဒေါ်မော်တော်မာလာတို့ အသီးသီးကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ(မြေး/သား၊ သမီး)များဖြစ်သော ဒေါ်တိုး ၉/မရတ(နိုင်)၀၇၆၃၇၂၊ ဦးတိုး ၉/မရတ(နိုင်)၀၇၆၅၉၅၊ ဒေါ်ခင်တိုး ၉/မရတ(နိုင်)၀၇၆၃၆၉ တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၅၀ ဟုခေါ်တွင်သော သုံးခန်းတွဲခြောက်ထပ်တိုက်၏ မြေညီထပ်ခေါင်းရင်းခန်း အရှေ့အရပ်ဘက်ခြမ်း အမြင့် ၁၇ ပေ(အလျား×အနံပေ၁၄×၅၈)ရှိ တိုက်ခန်းတစ်ခန်း(အထပ်ခိုးပါ)နှင့် အရပ်ရပ်ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဟေမာမောင်ထံမှ ဖော်ပြပါတိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေကြီးက စရန်ငွေပေးချေ၍ ဝယ်ယူထားပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ခိုင် LL.B, Advocateship **(စဉ်-၂၄၆၄/၈၃)**
ဒေါ်မြင့်မြင့်အေး B.A (Law),LL.B, **(စဉ်-၂၄၀၃/၈၃)**
တရားလွှတ်တော်ရှေ့နေများ
၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၉၄၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ဖုန်း-၀၁-၅၁၃၄၇၃၊ ၀၉-၂၅၀၆၇၁၆၆၉၊ ၀၉-၃၁၂၈၅၉၉၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာ၊ ကွင်းအမှတ် ၆၆၉၊ ကွင်းအမည် (သဲဖြူ)၊ ဦးပိုင်အမှတ်(၃/၁ ၉)၊ ၀ဒသမ၁၁ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကြသူ ဦးအောင်မြင့်မင်း ၅/မရန(နိုင်)၁၃၅၉၉၄နှင့် ဒေါ်စန်းစန်းဝင်း ၁၂/ဒဂန(နိုင်)၀၁၈၆၄၀တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဇာလီစိုးညွန့် ၁၂/ဗတထ(နိုင်)၀၃၂၆၇၀က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်နိုင်ဝင်း(စဉ်-၈၂၁၉)	**ဒေါ်တင်တင်ခိုင်(စဉ်-၈၀၀၈)**
LL.B, D.I. L	LL.B, D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ်(၁၀/၁၂)၊အခန်း၁၀၄(အီး)၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၉-၅၄၁၅၄၁၀၊ ၀၉-၄၃၀၆၅၅၄၉၊ ၉၀-၄၄၈၀၂၅၉၉၃

ကြော်ငြာကဏ္ဍ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား လက်ရှိအမည် ပေါက်ထံမှ တိုက်ခန်းနေရာချထားခြင်းလက်မှတ်ကို ဝယ်ယူ၍ အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဗိုလ်မှူးသီဟ AA ၁၃၀၃၈၁ (မှ)	ဦးမြလွင် ၁၂/လမန(နိုင်)၀၈၈၇၉၀ ဒေါ်ခင်မြင့် ၁၂/လမန(နိုင်)၀၈၈၇၉၁	တိုက်အမှတ်(၇)၊ အခန်းအမှတ်(၆)၊ လှိုင်မြင်းမိုရ်အိမ်ရာ၊လှိုင်မြို့နယ်

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား လက်ရှိအမည် ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်မေရှင် CA ၀၄၄၅၈၃ (မှ)	ဦးကြည်သန်းဦး PGU ၂၂၇၁၃၇ ၇/ပခန(နိုင်)၁၇၁၂၁၁	တိုက်(၃၈)၊ အခန်း(၂၂) စတုတ္ထထပ်၊ဗဟိုစည် အိမ်ရာ၊လမ်းမတော်မြို့နယ်

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား လက်ရှိအမည် ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးမြသန်း ၁၂/ဗဟန(နိုင်) ၀၄၉၆၄၈ (မှ) ဒေါ်နှင်းလဲ့လဲ့ဖြူ ၁၂/မဂတ(နိုင်) ၀၀၈၀၁၀ (မှ)	ဒေါ်ညိုညိုစန်း ၁၂/ရပသ(နိုင်) ၀၀၇၈၂၈	တိုက်အမှတ်(၃)၊ အခန်းအမှတ်(၄၂)၊ ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်နိုင်မမ	၇/ပခန(နိုင်)၀၀၁၉၆၆	ဒဂုံအရှေ့	၁၂	၇၈၃	ဦးအုန်းဟန်	၇၈၃၊ (၁၂)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၂။	ဒေါ်မိုးသန္တာအောင်	၁၁/ကဖန(နိုင်)၀၃၇၃၃၈	ဒဂုံအရှေ့	၁၃၂	၁၁၂၉	ဦးလှအေး	၁၁၂၉၊ (၁၃၂)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၃။	ဒေါ်နိုင်မမ	၇/ပခန(နိုင်)၀၀၁၉၆၆	ဒဂုံအရှေ့	၁၂	၇၈၄	ဦးသန်းငွေ	၇၈၄၊ (၁၂)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၄။	ဒေါ်အေးမြင့်	၁၂/သဃက(နိုင်)၀၈၄၁၆၂	သဃ်န်းကျွန်း	ရန်ကုန်သစ်	၄၁၀/ခ	ဦးမောင်ရီ	၄၁၀/ခ၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်း	အမည်ပြောင်း
၅။	ဒေါ်တင်တင်မူ	၁၂/သဃက(နိုင်)၀၂၅၃၃၀	သဃ်န်းကျွန်း	၁၆ / ၄	၆၁၉/က	ဒေါ်လှကြီး	၆၁၉/က၊ (၁၆/၄)ရပ်ကွက်၊ သဃ်န်းကျွန်း	အမည်ပြောင်း
၆။	GOLDEN FLOWER COMPANY LIMITED	ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် ၂၁၁/၁၉၉၁-၁၉၉၂	လသာ	၂၁B[1]	Southern $\frac{1}{3}$ of III 3	ဒေါ်တန်ခွန်ဘိ	၂၃၊ (၂၁)လမ်း	အမည်ပြောင်း
၇။	ဒေါ်မေသဲထက်စိုး	၁၂/ဥကမ(နိုင်)၂၀၁၆၉၂	မြောက်ဥက္ကလာ	၁ ၂	၄၄၁	ဦးချစ်ဆွေ	၄၄၁၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာ	မြေပုံကူး
၈။	ဦးမျိုးသွင်+၂	၁၂/တမန(နိုင်)၀၆၇၈၂၁	တာမွေ	၄စီ ၂	V ၂၆	ဒေါ်စန်းရီ(ခ)ဒေါ်ခင်ရီ	၃၃၊ သုခလမ်း၊ တာမွေ	အမည်ပြောင်း
၉။	ဒေါ်ခင်တင့်	၁၂/ဥကတ(နိုင်)၁၀၅၈၄၆	တောင်ဥက္ကလာ	၁၄ စီမံကိန်း(၁)	၂၃၄	ဦးလှအောင်	၂၃၄၊ ကြက်မောက်လမ်း၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၀။	ဦးစန်းဦး+၂	၁၂/ဥကတ(နိုင်)၀၅၉၂၄၄	တောင်ဥက္ကလာ	၁၃	၈၄ ၁/၂	ဒေါ်စိုးကြည်	၈၄ ၁/၂၊ အနော်မာ(၂)လမ်း၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၁။	Naing Group Construction Co.,Ltd	ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၇၉၆/၁၉၉၅-၁၉၉၆	သဃ်န်းကျွန်း	၂၈/က	၁၇/ဘီ	ဦးထွန်းဝင်း+၁	၂၀၊ ဦးဘဟန်လမ်း၊ ဗိုလ်ကံညွန့်ရပ်ကွက်	အမည်ပြောင်း
၁၂။	ဒေါ်စိုးစိုးညွန့်+၇	၁၂/ပဘတ(နိုင်)၀၁၉၁၆၀	လမ်းမတော်	၂၂Y[1]	V ၈၃	မမြင့်မြင့်ညွန့်၊ မစိုးစိုးညွန့်၊ မတင်တင်ဝင်း၊ မအေးအေးညွန့်၊ မောင်သန်းမြင့်၊ မောင်စန်းမြင့် မောင်မောင်မြင့်၊ မအိအိထွေး	၁၈၊ (၁၂)လမ်း	ဂရန်သက်တမ်းတိုး
၁၃။	ဒေါ်စောယုမွန်+၁	၁၂/သဃက(နိုင်)၀၀၅၈၀၅	သဃ်န်းကျွန်း	၁၆/၁	၇၂၇/က	ဦးအောင်ချမ်းသာ	၇၂၇/က၊ သုမန(၄)လမ်း၊ (၁၆/၁)ရပ်ကွက်၊သဃ်န်းကျွန်း	အမည်ပြောင်း
၁၄။	ဒေါ်ကေခိုင်ဝင်း+၁	၆/ထဝန(နိုင်)၀၁၃၉၁၅	ဒဂုံတောင်	၁၀၆	၉၇၁	ဦးအားဖုန်	၉၇၁၊ ကန်သာယာလမ်း၊ (၁၀၆)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၁၅။	ဦးလွင်မောင်ဦး	၁၀/မလမ(နိုင်)၁၃၁၃၃၈	ဒဂုံတောင်	၁၅၃	၁၂၇၀	ဦးမင်းဟန်	၁၂၇၀၊ (၁၅၃)ရပ်ကွက်၊ ဒဂုံတောင်	အမည်ပြောင်း
၁၆။	ဒေါ်မြင့်စိန်	၁၂/ဥကတ(နိုင်)၀၀၄၆၈၀	တောင်ဥက္ကလာ	၁၄/၃	၁၃၈/၁	ဒေါ်အုန်းမြ	၁၃၈/၁၊ယင်းမာ(၂)လမ်း၊(၁၄/၃)ရပ်ကွက်၊တောင်ဥက္ကလာ	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်ချိုချိုဟန်	၁၂/တမန(နိုင်)၁၁၇၆၆၂	ဒဂုံတောင်	၁၀၆	၆၃၇	ဦးမြင့်သိန်း	၆၃၇၊ ကေတုမတီလမ်း၊ (၁၀၆)ရပ်ကွက်	ဂရန်သစ်
၂။	ဒေါ်စိုးစိုးလွင်+၁	၁၂/လမတ(နိုင်)၀၁၇၈၄၆	ဒဂုံမြောက်	၂၉	၉	ဦးမြညွန့်	၉၊ (၂၉)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၃။	ဒေါ်နှင်းဆီ	၁၀/မလမ(နိုင်)၀၇၀၅၁၁	ရွှေပြည်သာ	၁၇	၂၄၉(က)+(ခ)	ဒေါ်အုံးငွေ ၊ ဒေါ်စန်းရီ	၂၄၉၊ ရေဝတီပတ်လမ်း	ဂရန်သစ်
၄။	ဦးသန်းဝင်း၊ ဦးထိန်လင်းအောင်	၁၂/လမန(နိုင်)၀၈၂၉၃၄ ၁၂/ရပသ(နိုင်)၀၄၁၁၅၇	ရွှေပြည်သာ	ထ/၄၃	၂၁၅၇	ဒုရဲမှူး-နေလင်း	၂၁၅၇၊ ဇမ္ဗူလလမ်း၊ ထ-၄၃	ဂရန်သစ်
၅။	ဒေါ်စီစီထွန်း	၁၂/ဒဂန(နိုင်)၀၀၇၁၂၃	လှိုင်သာယာ	သကတ-၁တိုးချဲ့	၃	ဦးမြင့်ဇော်	၃၊ ဗဟိုလမ်း၊ (၇)ရပ်ကွက်	ဂရန်သစ်
၆။	ဦးမျိုးကျော်အောင်	၁၂/လမတ(နိုင်)၀၂၉၇၆၄	ဒဂုံအရှေ့	၁၂၁	၆၄၆	ဦးအုန်းသွင်	၆၄၆၊ (၁၂၁)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၇။	ဒေါ်အေးအေးဆင့်	၁၂/သဃက(နိုင်)၀၅၉၈၇၆	ဒဂုံတောင်	၅၇	၁၁၀၁	ဦးဆံနီ	၁၁၀၁၊ မဟူရာလမ်း၊ (၅၇)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၈။	ဒေါ်ဝေဝေကျော်	၁၂/တမန(နိုင်)၀၇၇၀၂၅	ဒဂုံဆိပ်ကမ်း	၁၆၈/၂	၈၃၉	ဦးလှရှိန်	၈၃၉၊ (၁၆၈/၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၉။	ဦးထွန်းဦး	၉/ပသက(နိုင်)၀၅၉၀၆၂	ဒဂုံဆိပ်ကမ်း	၁၆၈/၂	၈၄၀	ဒေါ်သန်းညွန့်	၈၄၀၊ (၁၆၈/၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၀။	ဒေါ်ဝေဝေ	၉/မနမ(နိုင်)၀၉၁၁၄၁	ဒဂုံဆိပ်ကမ်း	၇၇	၁၂၄၀	ဦးအောင်သန်း	၁၂၄၀၊ (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၁။	ဒေါ်မိုးဝါဝါ	၁၂/တမန(နိုင်)၀၃၃၀၃၈	ဒဂုံဆိပ်ကမ်း	၁၆၈	၇၄၉	ဦးလှနိုင်	၃၃၊ ဗဟိုလမ်း၊ မျိုးရွာမရပ်ကွက်၊ တာမွေ	ဂရန်သစ်
၁၂။	ဦးတိုးမြင့်+၁	၁၂/အစန(နိုင်)၀၃၇၄၀၃	ဒဂုံမြောက်	၄၂(တိုးချဲ့)	၂၆၃	ဒေါ်ခင်ဆွေရီ	၂၆၃၊ (၄၂)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၁၃။	ဒေါ်သဇင်	၁၂/ဒဂန(နိုင်)၀၂၇၂၆၆	ဒဂုံဆိပ်ကမ်း	၈၁	၇၆၀	ဦးသံလုံး	အခန်း ၃၀၁၊ တိုက်(၂၀/ဘီ)၊ ယောမင်းကြီးလမ်း၊ ဒဂုံ	ဂရန်သစ်
၁၄။	ဦးထွန်းထွန်းမျိုး	၁၂/ဗတထ(နိုင်)၀၀၀၁၃၃	ဒဂုံဆိပ်ကမ်း	၉၀	၆၈၄	ဦးစစ်အေး	၆၈၄၊ (၉၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၅။	ဒေါ်ခင်သန်းငွေ	၁၂/ဗဟန(နိုင်)၀၆၉၂၄၇	ဒဂုံမြောက်	၄၆	၇၄၉	ဒေါ်ငွေ	၉၁၀၊ ပင်လုံလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၁၆။	ဦးကျင်သိန်း	၁၂/သဃက(နိုင်)၀၅၇၆၇၅	သဃ်န်းကျွန်း	ကြီးပွားရေး/မြောက်	၃၃၇/ခ	ဦးကျင်သိန်း	၃၃၇/ခ၊ ကျန်စစ်သား(၂)လမ်း၊ သဃ်န်းကျွန်း	ဂရန်သစ်
၁၇။	ဒေါ်လှကြည်	၁၂/သဃက(နိုင်)၁၂၉၉၄၃	သဃ်န်းကျွန်း	၄၈	၁၃က[1]/၂၉	ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	၇/၀၄၂၅၊ ဗိုလ်တေဇ(၂)လမ်း၊ သဃ်န်းကျွန်း	အထူးဂရန်
၁၈။	ဦးမြင့်ကျော်+၁	၁၂/လမန(နိုင်)၀၇၀၇၃၉	သဃ်န်းကျွန်း	ကြီးပွားရေး/တောင်	၄၅၆/ခ	ဦးအောင်မောင်း	၄၅၆/ခ၊ ကြီးပွားရေး/တောင်၊ သဃ်န်းကျွန်း	ဂရန်သစ်
၁၉။	ဒေါ်ကျင်ထွေး+၁	၁၂/သဃက(နိုင်)၀၅၁၁၈၄	သဃ်န်းကျွန်း	ငမိုးရိပ်	၆၃၇	ဒေါ်မြကျင်	၆၃၇၊ ငမိုးရိပ်၊ သဃ်န်းကျွန်း	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာ့အလင်း

ကမ္ဘာ့ဖလားအထူးကဏ္ဍ

၂၀၁၄ခုနှစ်၊ ဇွန် ၂၄ ရက်၊ အင်္ဂါနေ့။

အင်္ဂလန် ရဲ့ တရားခံအစစ်ရှာပုံတော်

➤ ဝေမိုးဆက် ➤

အင်္ဂလန်။ သူတို့ရဲ့ဖြစ်ရပ်က နည်းနည်းတော့ထူးတယ်။ ဆန်းတယ်။ နှစ်ပွဲကစား နှစ်ပွဲရှုံး။ အုပ်စုအောက်ဆုံးရောက်ပြီး အိမ်ပြန်ရတော့မယ့်အဖြစ်။ ဒါမျိုး သူတို့မကြုံခဲ့တာကြာပြီ။ တိတိကျကျပြောရရင် ၁၉၅၈ ပြိုင်ပွဲမှာ အုပ်စုအဆင့်နဲ့ ပြိုင်ပွဲကထွက်ရပြီးတဲ့နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း အနိမ့်ဆုံးအဆင့်ကနေလှည့်ပြန်ရမှုဟာ ဒါပထမဆုံး။ ဒီတော့ သူတို့ဆီမှာ ပွက်ပွက်ညံတယ်။ လူကြောင့်၊ မူကြောင့်ကအစ မန်နေဂျာအဆုံး။ ဝေဖန်မှုတွေ၊ အပြစ်ရှာမှုတွေ၊ ထောက်ပြမှုတွေကြားမှာ အင်္ဂလန်ဘောလုံးလောကဟာ ဂယက်အတော်ထန်သွားတယ်။ ဒီအထဲမှာ မန်နေဂျာ ရွိုင်ဟော့ဂ်ဆန်အပေါ် အပြစ်ပုံချမှုက အများဆုံး။ Daily Mail ရဲ့ အဆိုအရ ရွိုင်ဟော့ဂ်ဆန်အပေါ် အမြင်မကြည်တဲ့သူက အတော်များတယ်။ လူဦးရေ ၆၅၃၆ ဦးကို ဟော့ဂ်ဆန်နဲ့ ပတ်သက်ပြီး စစ်တမ်းကောက်ယူခဲ့ရာမှာ ၄၄၂၈ ဦးက ဟော့ဂ်ဆန်ကို အင်္ဂလန်မန်နေဂျာရာထူးက နုတ်ထွက်သင့်ပါတယ်လို့ အကြံပြုတယ်။ ရာခိုင်နှုန်းအရ ၆၈ ရာခိုင်နှုန်း။ ဒီတော့ မေးစရာဖြစ်ပြီ၊ တွေးစရာဖြစ်ပြီ။ ဒါက တကယ်ပဲ ဟော့ဂ်ဆန်မှာ အပြစ်ရှိသတဲ့လား။

တကယ်တော့ အဲဒီမှာ အခြေခံကျတဲ့ အကြောင်းတရားတစ်ခုရှိတယ်။ အဓိကပြဿနာက ဟော့ဂ်ဆန်ရဲ့ လူရွေးချယ်မှု။ ဒါကိုအစကတည်းက အားလုံးမနှစ်မြို့ကြဘူး။ အထူးသဖြင့် ဟော့ဂ်ဆန်ရဲ့ ကစားသမားရွေးထုတ်မှုမှာ လူငယ်တွေများတယ်။ အတွေ့အကြုံနုသူတွေများတယ်ဆိုပြီး အပြစ်မြင်တယ်။ တကယ်လည်း အဲဒါမမှားဘူး။ ပြောရရင် ဟော့ဂ်ဆန်ရဲ့ ၂၃ ယောက်မှာ ၂၀နဲ့အောက် ကစားသမားတွေက လေးယောက်ပါတယ်။ ၂၀ ကျော် ၂၅နှစ်အောက် ကစားသမားတွေက ခြောက်ဦးပါတယ်။ သဘောက ၂၃ ယောက်မှာ ၁၀ ယောက်က ၂၄နှစ်နဲ့အောက်ကစားသမားတွေချည်းပဲ။ ဒါကို အားလုံးကဝိုင်းပြီးထောက်ပြကြတာ။ ထပ်ပြောရရင် အဲဒီ ၂၃ဦးမှာ အဲဒီလို လူငယ်တွေအပြင် ၂၅နှစ်နဲ့အထက် ကစားသမားတွေထဲမှာတောင် လက်ရွေးစင်အတွေ့အကြုံနုနယ်သူတွေပါတယ်။ လမ်းဘတ်၊ လာလာနာ၊ ဘင်ဖော်စတာ၊ ဖရေဆာဖော်စတာတို့ဆိုရင် လက်ရွေးစင်အတွေ့အကြုံ ၁၀ ပွဲတောင်မပြည့်သေးဘူး။ ဘိန်းစ်၊ ကာဟေးလ်၊ ဂျာဂျယ်ကာတို့ ဆိုရင်လည်း လက်ရွေးစင်အတွေ့အကြုံ ပွဲ ၂၀ကျော်သာရှိသူတွေ။ ဒီတော့ ဟော့ဂ်ဆန်ရဲ့ အဲဒီရွေးချယ်မှုကို အပြစ်ဆိုကြတယ်။

ဒါပေမယ့် အဲဒီမှာ မေးစရာတစ်ခုရှိတယ်။ အဲဒါက အဲဒီကစားသမားတွေကို မရွေးရင် ဟော့ဂ်ဆန် ဘယ်သူ့ကိုရွေးမလဲဆိုတဲ့ပြဿနာ။ သေသေချာချာတွေးရင် ဟော့ဂ်ဆန်ရဲ့ အဲဒီလုပ်ရပ်ရဲ့နောက်မှာ အကြောင်းအခြင်းအရာတစ်ခု ခိုင်ခိုင်မာမာကိုရှိတယ်။ အရှင်းဆုံးပြောရရင် ဟော့ဂ်ဆန်ရွေးခဲ့တဲ့ အဲဒီကစားသမားတွေထဲမှာ အများစုက ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ထိမိတဲ့ ခြေစွမ်းတွေပြနိုင်ခဲ့တဲ့သူတွေချည်းပဲ။ စတာရစ်၊ စတာလင်းတို့ဆိုရင် အထူးထင်ရှားခဲ့တဲ့သူတွေ။ လာလာနာ၊ လုခ်ရှောတို့ဆိုရင် ဆောက်သမ်တန်အတွက် အကောင်းဆုံးခြေစွမ်းပြခဲ့သူတွေ။ ဟန်ဒါဆန်၊ ဂျရတ်၊ ရွန်နေ၊ ဝီလ်ရှီးယား၊ ကာဟေးလ်၊ ဘိန်းစ်တို့ဆိုတာကလည်း လီဗာပူး၊ မန်ယူ၊ အာဆင်နယ်၊ ချယ်လ်ဆီး၊ အဲဗာတန်တို့အတွက်ထိထိမိမိစွမ်းဆောင်နိုင်ခဲ့သူတွေ။ လမ်းဘတ်ဆိုရင်လည်း ဆောက်သမ်တန်အတွက် အဓိကဂိုးတွေသွင်းပေးခဲ့တဲ့သူ။ ဒီလိုလူမျိုးတွေ အခြေခံပြီးမှ အင်္ဂလန်အသင်းကို ဟော့ဂ်ဆန် တည်ဆောက်ခဲ့တာ။ ဒီတော့ ဒီလို ကစားသမားတွေကိုမှမရွေးရင် ဘယ်သူ့ကို ဟော့ဂ်ဆန်ရွေးမလဲ။ အဲဒီကစားသမားတွေထက်ကောင်းတဲ့ကစားသမားတွေ ပရီမီယာလိဂ်မှာ ရှိသေးလား။ သူတို့ထက်ကောင်းတဲ့သူတွေ ပရီမီယာလိဂ်မှာ ကျန်သေးလား။ မေးရတော့မယ်။ တွေးရတော့မယ်။ ရေးရတော့မယ်။

ပြောရရင် လက်ရှိ ရွိုင်ဟော့ဂ်ဆန်ရွေးသွားတဲ့ ၂၃ ယောက်ထက် ပိုကောင်းတဲ့သူ ပရီမီယာလိဂ်မှာ မရှိတာတော့မဟုတ်ဘူး။ ရှိတယ်။ ဒါပေမယ့် အဲဒီကစားသမားတွေအားလုံးက ပြည်ပသားတွေချည်းပဲ။ ဗန်ပါစီ၊ အဂူရို၊ ဆွာရက်ဇ်၊ ယာယာတိုရေး၊ ဆေးလ်ဗား၊ အိုဇေးလ်တို့ကအစ မာတာ၊ ဟာဇက်၊ အော်စကာ၊ လူလာကူ၊ ကွန်ပါနေးလ်၊ လူးဝစ်ဇ်၊ ဂီရော့ဇ်၊ ဇက်ကိုတို့အဆုံး။ အားလုံးက ပြည်ပသားတွေချည်းပဲ။ အရှင်းဆုံးပြောရရင် မနှစ်က ပရီမီယာလိဂ်ပြိုင်ပွဲမှာ အင်္ဂလန်သား ဘောလုံးသမားပါဝင်မှု အရေအတွက်က ၃၄ ဒသမ ၉ ရာခိုင်နှုန်းပဲရှိတယ်။ ဒီတော့ ဒီကစားသမားတွေကို ဟော့ဂ်ဆန်မရွေးရင် ဘယ်သူ့ကိုရွေးမလဲ။ တယ်ရီ၊ ဖာဒီနန်၊ အက်ရှ်လေကိုးလ်၊ ဂျိုကိုးလ်၊ ဒီဖိုးတို့လို အဘိုးကြီးတွေကို ရွေးမလား။ ကာရိုးလ်၊ တောင်းဆန်၊ ကလီဗာလေ၊ ကာရစ်၊ အက်ရှ်လေယန်း၊ ဂစ်ဘ်တို့လို ကစားသမားတွေကို ရွေးမလား။ ပြောချင်တာက ရွိုင်ဟော့ဂ်ဆန်အနေနဲ့ ဘယ်လိုရွေးရွေး ပရီမီယာလိဂ်ရဲ့ အနေအထားအရ ဒီထက်ကောင်းတဲ့ အင်္ဂလန်အသင်းဖြစ်မလာနိုင်တော့ဘူး။ ဒီတော့ ထပ်ပြောရရင် ရွိုင်ဟော့ဆန်ကို အပြစ်မြင်၊ အပြစ်တင်လို့ ရပ့်ါမလား။

စာမျက်နှာ ၂ သို့

ဂရိနှင့်ပွဲတွင် တိုက်စစ်ပိုင်းကသာ အဓိကကျသည်ဟု အိုင်ဗရီကို့စ် တိုက်စစ်မှူး ဂျာဗင်ညို ယုံကြည်

ဂျာဗင်ညို

အိုင်ဗရီကို့စ်တိုက်စစ်မှူး ဂျာဗင်ညိုက နောက်တစ်ဆင့်တက်ရေးအတွက် အရေးကြီးသည့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဂရိနှင့်ကစားရမည့်ပွဲတွင် တိုက်စစ်ပိုင်းက အဓိကကျနေသည်ဟု ယုံကြည်နေသည်။

လာမိုချီ တာဝန်ယူကိုင်တွယ်နေသည့် အိုင်ဗရီကို့စ်အသင်းသည် အုပ်စုအဖွင့်ပွဲတွင် ဂျပန်ကို အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲစဉ်တွင်မူ ကိုလံဘီယာကို ရှုံးနိမ့်ခဲ့သည့်အတွက် ယခုနောက်ဆုံးပွဲစဉ်တွင် အုပ်စုဒုတိယနေရာဖြင့် ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ရေးအတွက် ဂရိအသင်းကို အနိုင်ရရှိရန်လိုအပ်နေသည်။

ဂျာဗင်ညိုက "ကျွန်တော်တို့တွေ ဂရိနဲ့ပွဲမှာ တိုက်စစ်အားကောင်းဖို့အတွက် နည်းလမ်းတွေရှာဖွေသွားမယ်လို့ ကတိပြုပါတယ်။ ဂရိဟာ ခံစစ်ကောင်းတဲ့အသင်းဖြစ်သလို တိုက်စစ်ပိုင်းမှာလည်း ထိထိရောက်ရောက် အသုံးချနိုင်တဲ့အသင်း ဖြစ်တယ်ဆိုတာ ကျွန်တော်တို့တွေအားလုံး သိထားပြီးသားပါ။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ စိတ်ဓာတ် စုစည်းမှုအပြည့်နဲ့ ဂိုးတွေသွင်းယူနိုင်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ဆင့်ကို တက်ရောက်ဖို့အတွက်ကတော့ ဒီနည်းလမ်းတစ်မျိုးပဲ ရှိပါတယ်"ဟု ပြောဆိုသွားသည်။

ဖြိုးဒေါ်လာ

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (C)၏ ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာခြားချက်	ရမှတ်
ကိုလံဘီယာ	၂	၂	၀	၀	၅	၁	+၄	၆
အိုင်ဗရီကို့စ်	၂	၁	၀	၁	၃	၃	၀	၃
ဂျပန်	၂	၀	၁	၁	၁	၂	-၁	၁
ဂရိ	၂	၀	၁	၁	၀	၃	-၃	၁

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (D)၏ ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာခြားချက်	ရမှတ်
ကော်စတာရီကာ	၂	၂	၀	၀	၄	၁	+၃	၆
အီတလီ	၂	၁	၀	၁	၂	၂	၀	၃
ဥရုဂွေး	၂	၁	၀	၁	၃	၄	-၁	၃
အင်္ဂလန်	၂	၀	၀	၂	၂	၄	-၂	၀

အင်္ဂလန်ရဲ့ တရားခံစစ်ရှာပုံတော်မှ

တကယ်တော့ ပရီမီယာလိဂ်ဟာ ရေတိုအောင်မြင်မှုနောက်ကို လိုက်လွန်းတယ်။ ငွေသုံးနိုင်တာနဲ့အမျှ ရေတိုအောင်မြင်ရေးအတွက် ပြည်ပကအသင့်သုံး ကစားသမားတွေကို ခေါ်တယ်။ လူငယ်မွေးမြူရေးတွေကို လျစ်လျူရှုတယ်။ ဒီတော့ အင်္ဂလန်အတွက် ထိမိတဲ့ကစားသမားတွေ အင်္ဂလန်ပရီမီယာလိဂ်က ထွက်မလာတော့ဘူး။ ဒါက အကြီးမားဆုံး အားနည်းချက်။ ပြီးတော့ မန်စီးတီး၊ ချယ်လ်ဆီး၊ အာဆင်နယ်၊ မန်ယူတို့လို ဥရောပပွဲတွေထိုးဖောက်ဝင်ရောက်နိုင်တဲ့ အင်္ဂလန်ရဲ့အသင်းကြီးတွေကအစ အင်္ဂလန်ကစားသမားတွေကို အားကိုးမှုနည်းတော့ အင်္ဂလန်ကစားသမားတွေ ရင့်ကျက်မှုနဲ့ အတွေ့အကြုံ ပိုင်းမှာပါ အားနည်းသွားတယ်။ အခု ဟော့ဂ်ဆန်ရွေးခဲ့ကြတဲ့ ကစားသမား ၂၃ ဦးထဲမှာ တစ်ဝက်လောက်က ချန်ပီယံလိဂ်တောင် မကစားဖူးတဲ့သူတွေ။ ဒီတော့ အရှင်းဆုံးပြောရရင် အင်္ဂလန်ရဲ့ ပျက်ယွင်းမှုမှာ တရားခံအစစ်က ဘယ်သူလဲ။ ဟော့ဂ်ဆန်ရော ဟုတ်ရဲ့လား။ ဂျာမနီရဲ့ ဘွန်ဒက်စ်လီဂါမှာဆိုရင် ဘိုင်ယန်၊ ဒေါ့မွန်တို့လို အသင်းကြီးတွေကအစ ဂျာမနီကစားသမားတွေကို အခြေခံထားတယ်။ အရှင်းဆုံးပြောရရင် အဲဒီလိုမျိုး အင်္ဂလန်ကလပ်တွေမှာ မရှိဘူး။ ဒီတော့ ဟော့ဂ်ဆန်တစ်ဦးတည်းအပေါ်မှာသာ အပြစ်ပုံချလို့ ရပ့်မလား။ တွေးစရာတော့ကောင်းတယ်။ စိတ်ဝင်စားစရာလည်း ကောင်းတယ်လို့ပဲ ပြောချင်တယ်။

သတင်းတိုများ

- အယ်လ်ဂျီးရီးယားအသင်းသည် ၁၉၈၂ ကမ္ဘာ့ဖလားပွဲမှ စတင်ကာ ယခုတောင်ကိုရီးယားကို လေးဂိုး - နှစ်ဂိုးဖြင့် နိုင်ပွဲရခြင်းသည် ကမ္ဘာ့ဖလားပွဲ၌ ပထမဆုံးနိုင်ပွဲပင်ဖြစ်သည်။
- တောင်ကိုရီးယားအသင်းသည် ကမ္ဘာ့ဖလားပွဲစဉ် နောက်ဆုံးခုနစ်ပွဲတွင် တစ်ပွဲသာ အနိုင်ရရှိသေးသည်။
- စပိန်ဘောလုံးသမားများအားလုံးပြောင်းလဲရန် ပရိသတ်များက စပိန်ဘောလုံးအဖွဲ့ချုပ်သို့ တောင်းဆိုလိုက်သည်။
- ပြင်သစ်နည်းပြ ဒက်ဖ်ချမ့်က ယခုကမ္ဘာ့ဖလားပွဲတွင် ရရှိနေသော ရလဒ်များနှင့်ပတ်သက်ပြီး ဘာမှမပြောလိုကြောင်း ငြင်းဆိုလိုက်သည်။
- နယ်သာလန်တိုက်စစ်မှူး ဗန်ပါစီက မိမိတို့အသင်း ထိုက်တန်သော အောင်ပွဲရရှိမည်ဟု ပြောကြားသည်။

ကော်စတာရီကာနှင့်ပွဲတွင် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် လမ်းပတ်တာဝန်ယူမည်

လမ်းပတ်

ကမ္ဘာ့ဖလား အုပ်စုနောက်ဆုံးပွဲစဉ်တွင် ချယ်လ်ဆီးအသင်း၏ ဝါရင့်ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်က အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူသွားမည်ဖြစ်သည်။

အသက် ၃၆ နှစ်အရွယ် လမ်းပတ်သည် ယခုကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် လက်ရွေးစင်ကစားသမားဘဝမှ အနားယူမယ်ဟု ပြောဆိုထားခဲ့သလို ကော်စတာရီကာနှင့် ကစားမည့်ပွဲသည် လက်ရွေးစင်အသင်းအတွက် ၁၀၆ ပွဲ ပြည့်မြောက်မည့်ပွဲလည်း ဖြစ်လာမည်ဖြစ်သည်။

လမ်းပတ်သည် အဆိုပါပွဲတွင် ဂျရတ်နေရာတွင် ကစားသွားရဖွယ်ရှိနေသည်။ ထို့အပြင် အင်္ဂလန်အသင်းနည်းပြ ရွိုင်ဟော့ဂ်ဆန်က အဆိုပါနောက်ဆုံးပွဲတွင် ဒဏ်ရာရရှိနေသည့် နောက်တန်း ဘယ်အစွန်ကစားသမား လေတန်ဘိန်းစ် နေရာတွင်လည်း လူငယ်ကစားသမား လုခ်ရှောကို အသုံးပြုသွားမည်ဟု အတည်ပြုပြောဆိုထားသည်။

ထို့အပြင် ဟော့ဂ်ဆန်က အစောပိုင်းနှစ်ပွဲတွင် ပါဝင်ခွင့်မရရှိသည့် ကစားသမားများကိုလည်း ယခုကော်စတာရီကာနှင့် ကစားမည့်ပွဲတွင် ထည့်သွင်းအသုံးပြုသွားမည်ဟု ဆိုခဲ့သည်။

ဟော့ဂ်ဆန်က "အသင်းမှာ ပါဝင်နေတဲ့ ကစားသမားတွေကို မိနစ်အနည်းငယ်တော့ ကစားခွင့်ရအောင် ထည့်သွင်းအသုံးပြုသွားမှာပါ"ဟု ပြောသွားသည်။

ဖြိုးဒေါ်လာ

တာဝန်ကျေချင်တဲ့ နာနီ

နာနီ

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပေါ်တူဂီအသင်းရဲ့ ပထမဆုံး ဈေးဦးပေါက်ဂိုးကို ကွင်းလယ်ကစားသမားနာနီက သွင်းယူပေးနိုင်ခဲ့ပါတယ်။ နာမည်ကြီး စီရော်နယ်ဒိုလည်း အခုချိန်အထိတော့ ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာ ဂိုးမသွင်းယူနိုင်သေးပါဘူး။

အသက် ၂၆ နှစ်အရွယ်ရှိတဲ့ နာနီဟာ ပေါ်တူဂီအသင်းရဲ့ အဓိကကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားရပေမယ့် တိုက်စစ်အားသန်တဲ့သူဖြစ်တာမို့ အခွင့်အရေးရတာနဲ့ ဂိုးသွင်းနိုင်ရေးကြိုးစားတတ်သူတစ်ဦးလည်းဖြစ်ပါတယ်။

အခု ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပထမပွဲစဉ်အဖြစ် ဂျာမနီနဲ့ ကစားတဲ့အခါ လေးဂိုးပြတ်ရှုံးနိမ့်ခဲ့လို့ ပေါ်တူဂီတို့ တစ်ဂိုးမှ ပြန်မသွင်းနိုင်ခဲ့တာကြောင့် စီရော်နယ်ဒို အပါအဝင် ပေါ်တူဂီကစားသမားတွေ ဝေဖန်ပြစ်တင်မှု အများအပြားနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။

အခုတော့ ကွင်းလယ်ကစားသမား နာနီက ၂၀၁၄ ကမ္ဘာ့ဖလားမှာ ပေါ်တူဂီအတွက် ဂိုးဈေးဦးဖောက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ နာနီဟာ ပေါ်တူဂီအသင်းအတွက် စုစုပေါင်း ၇၇ ပွဲ ကစားပေးခဲ့ပြီး ၁၅ ဂိုးသွင်းယူပေးခဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်။

နာနီဟာ ၂၀၀၆ ခုနှစ်က စတင်ပြီး ဒိန်းမတ်အသင်းနဲ့ ချစ်ကြည်ရေးပွဲမှာ ပေါ်တူဂီအသင်းအတွက် တစ်ဂိုး စသွင်းခဲ့သူဖြစ်ပြီး ကွင်းလယ်ကစားသမားအားကို မြှင့်တင်ပေးနိုင်သူ တစ်ဦးလည်း ဖြစ်ပါတယ်။ နာနီရဲ့ ကစားအားနဲ့ ဂိုးသွင်းစွမ်းရည်ဟာ တိုးတက်မှုမရှိဘူးလို့ ဝေဖန်ပြစ်တင်မှုတွေရှိနေပေမယ့် အခုပွဲမှာတော့ ပေါ်တူဂီအတွက် အကောင်းဆုံး စွမ်းဆောင်ပြနိုင်ခဲ့ပြီဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ လောလောဆယ်မှာတော့ အုပ်စု(G)မှာ နှစ်ပွဲကစား တစ်ပွဲရှုံး၊ တစ်ပွဲသရေနဲ့ တစ်မှတ်သာရထားပြီး အုပ်စုအောက်ဆုံးနေရာမှာရှိနေပါတယ်။ အုပ်စု (G) မှာတော့ ဂျာမနီက နှစ်ပွဲကစား လေးမှတ်၊ အမေရိကန်က နှစ်ပွဲကစား လေးမှတ်၊ ဂါနာက နှစ်ပွဲကစား တစ်မှတ်နဲ့ ပေါ်တူဂီက နှစ်ပွဲ ကစား တစ်မှတ်သာရရှိသေးလို့ အခြေအနေမကောင်းပါဘူး။

ပေါ်တူဂီအသင်းဟာ ၂၀၁၄ မှာ အနည်းဆုံးအုပ်စုအဆင့်က တက်မှာပါလို့ ဆိုထားတဲ့ စီရော်နယ်ဒိုကလည်း ဒဏ်ရာတွေနဲ့ လုံးပန်းနေရပြီး ကြံ့ခိုင်မှု မပြည့်ဝချိန်မှာ နာနီဟာ အဖွင့်ဂိုးသွင်းယူပေးနိုင်တာမို့ ဂုဏ်ယူပါတယ်လို့ စီရော်နယ်ဒိုက ပြောနေပါတယ်။

နာနီကတော့ "ကျွန်တော်ဟာ ပေါ်တူဂီအသင်းအတွက် တာဝန်ကျေပွန်ချင်ပါတယ်"လို့ ဆိုနေပါတယ်။

ကိုဝ

အီတလီအသင်းမှာကစားနေတဲ့ ကစားဖော်တွေရဲ့လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောဆိုသွားမယ်လို့ဆိုလိုက်တဲ့ ဥရုဂွေးကစားသမား ကာဆီရက်စ်

ကာဆီရက်စ်

ဥရုဂွေးအသင်းရဲ့ ခံစစ်မှူးတစ်ဦးဖြစ်တဲ့ ကာဆီရက်စ်ကတော့ အီတလီအသင်းနဲ့ ကစားရမယ့်ပွဲမှာ အသင်းအတွက် အထောက်အကူရနိုင်ဖို့အတွက် အီတလီအသင်းမှာ ကစားနေတဲ့ သူ့ရဲ့ဂျူဗင်တပ်အသင်းကစားဖော်တွေရဲ့ သတင်းအချက်အလက်တွေကို ဥရုဂွေးနည်းပြ အော်စကာတာဘာရက်ဇ်ထံ ပြောဆိုသွားမယ်လို့လည်း ပြောဆိုခဲ့ပါတယ်။

ဥရုဂွေးအသင်းဟာ ကမ္ဘာ့ဖလား နောက်ဆုံးပွဲစဉ်အဖြစ် အီတလီအသင်းနဲ့ကစားရမှာဖြစ်ပြီး အဲဒီပွဲမှာ အနိုင်ရရှိပါက အုပ်စုအဆင့်မှ ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်မယ့်အသင်းလည်း ဖြစ်ပါတယ်။

ခံစစ်မှူးကာဆီရက်စ်ဟာ ဆီဗီလာအသင်းမှ ဂျူဗင်တပ်အသင်းသို့ ၂၀၁၂ခုနှစ်က ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အီတလီအသင်းကနေခေါ်ယူထားတဲ့ ဂျူဗင်တပ်အသင်းကစားသမားတွေနဲ့ ပတ်သက်ပြီး အသေးစိတ်အချက်အလက်တွေကို သိရှိထားတာကြောင့် ဥရုဂွေးအသင်းကို ထုတ်ဖော်ပြောဆိုပြနိုင်ဖို့ မျှော်လင့်နေတဲ့သူလည်း ဖြစ်ပါတယ်။

အသက် ၂၇နှစ်အရွယ်ရှိတဲ့ ဥရုဂွေးခံစစ်မှူးကာဆီရက်စ်က "ကျွန်တော်ကတော့ အသင်းနည်းပြ တာဘာရက်ဇ်အနေနဲ့အီတလီမှာ ကစားနေတဲ့ ကျွန်တော့်ရဲ့ ကလပ်အသင်းကစားဖော်တွေအကြောင်းကို မေးမယ်လို့ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ အီတလီအသင်းရဲ့ ဝါရင့် ကစားသမား ပီယာလိုရဲ့ နည်းစနစ် ပိုင်းတွေကို သိပါတယ်။

ဒါကြောင့် သူ့ကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတာကို ကောင်းကောင်း သိပါတယ်။ ဒါတင်မကပါဘူး မာချီဆီယိုရဲ့ အကြောင်းကိုလည်း ကောင်းကောင်း သိနေတဲ့အတွက် သူ့နဲ့ပတ်သက်တဲ့ အားနည်းချက် အားသာချက်တွေကိုသာ အသင်းနည်းပြကို ပြောမယ်ဆိုရင် တန်ဖိုးရှိမှာသေချာပါတယ်။ ချီလီနီဟာလည်း ကျွန်တော်နဲ့အလွန်ကို ခင်တဲ့ သူငယ်ချင်းတွေပါ။ ဒါပေမယ့် အသင်းအတွက် အကျိုးရှိနိုင်မယ်ထင်တဲ့ကိစ္စတွေကိုတော့ လုပ်ဆောင်သွားမှာပါ။ ကျွန်တော်တို့အသင်းမှာကလည်း တိုက်စစ်မှူးဆွာရက်ဇ်နဲ့ ကာဗာနီတို့ ရှိနေပါတယ်။ သူတို့နှစ်ဦးရဲ့ တိုက်စစ်အတွဲဟာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်အတွဲလည်းဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းဟာ အီတလီအသင်းနဲ့ ပွဲကိုတန်ပြန်တိုက်စစ်နဲ့ ကစားသွားမှာပါ" လို့လည်း ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် အင်္ဂလန်အသင်းကိုနိုင်ခဲ့တဲ့ပွဲနဲ့ပတ်သက်ပြီးလည်း ခံစစ်မှူး ကာဆီရက်စ်က "ပြီးခဲ့တဲ့ အင်္ဂလန်အသင်းနဲ့ပွဲမှာ တိုက်စစ်မှူးဆွာရက်ဇ်ရဲ့ တိုက်စစ်စွမ်းရည်ကတော့ အံ့မခန်းပါပဲ။ သူဟာဥရုဂွေးအသင်းအတွက်တော့ အရေးအကြီးဆုံးတိုက်စစ်မှူး တစ်ဦးလည်း ဖြစ်ပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။

အောင်က

အင်္ဂလန်ရဲ့ တောက်ပတဲ့ အနာဂတ်တွေကို မြင်နေရတယ်လို့ ဆိုလိုက်တဲ့ ရွှန်းနေ

အင်္ဂလန်အသင်းရဲ့ တိုက်စစ်မှူး ရွှန်းနေကတော့ အင်္ဂလန်အသင်းအနေနဲ့ ယခုနှစ် ဘရာဇီးကမ္ဘာ့ဖလားမှာ အုပ်စုအဆင့်ကနေ ထွက်ခွာဖို့အတွက် သေချာနေပြီဖြစ်ပေမယ့် အနာဂတ်မှာတော့ အောင်မြင်မယ့် အသင်းအနေနဲ့ မြင်ရဖို့ရှိနေတယ်လို့ ပြောဆိုလိုက်ပါတယ်။

အင်္ဂလန်အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ အီတလီအသင်းကို ၂-၁နဲ့ရှုံးနိမ့်ခဲ့သလို ဥရုဂွေးအသင်းနဲ့ပွဲမှာလည်း ၂-၁နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စုအဆင့်မှထွက်ခွာရန် သေချာနေပြီဖြစ်သော်လည်း နောက်ဆုံးပွဲအဖြစ် ကော်စတာရီကာအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။

တိုက်စစ်မှူးရွှန်းနေက"ကျွန်တော်တို့ဟာ အသင်းအတွက်သမိုင်းသစ်နဲ့ အောင်မြင်မှုတွေကို ရယူချင်ပါတယ်။ အဲဒီလိုဖြစ်ဖို့အတွက် ကြိုးစားခဲ့ပေမယ့် အခုတော့ မဖြစ်နိုင်တော့ပါဘူး။ ဒါပေမယ့် လာမယ့်နှစ်အနည်းငယ်အတွင်းမှာတော့ ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ လာမယ့်အနာဂတ်မှာတော့ ပရိသတ်တွေကို ပျော်ရွှင်မှုတွေရယူပေးချင်ပါတယ်" လို့လည်း ပြောဆိုခဲ့ပါတယ်။

တိုက်စစ်မှူးရွှန်းနေဟာ ဥရုဂွေးအသင်းကို ၂-၁နဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲမှာ သူ့ရဲ့ပထမဦးဆုံး ကမ္ဘာ့ဖလား သွင်းဂိုးကို သွင်းယူနိုင်ခဲ့ပြီး အင်္ဂလန်သင်းအတွက် သူ့ရဲ့ ဂိုး ၄၀ မြောက် သွင်းဂိုးလည်း ဖြစ်ခဲ့ပါတယ်။

ဒါ့အပြင် တိုက်စစ်မှူးရွှန်းနေက "ကျွန်တော့်အနေနဲ့ အင်္ဂလန်အသင်းမှာ ကစားနိုင်ဖို့အတွက် အချိန်တွေအများကြီးရှိနေသေးတယ်လို့လည်း ထင်ပါတယ်။ အခုအချိန်အထိလည်း ကြံ့ခိုင်မှုတွေက အကောင်းဆုံးရှိနေပါတယ်။ ကျွန်တော်ဟာ နိုင်ငံအသင်းအတွက်တော့ ဗဟိုတိုက်စစ်မှူးပဲဖြစ်ဖြစ် တောင်ပံကနေပဲဖြစ်ဖြစ်ကစားဖို့ကိုလည်း အဆင်သင့်ဖြစ်နေပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။

ဒါတင်မကပါဘူး။ တိုက်စစ်မှူးရွှန်းနေဟာ အင်္ဂလန်အသင်းမန်နေဂျာ ရွိုင်ဟော့ဂ်ဆန်နဲ့ပတ်သက်ပြီးလည်း "ဟော့ဂ်ဆန်ဟာ အသင်းအတွက် သင့်တော်တဲ့နည်းပြဆိုတာကို သံသယဖြစ်စရာမလိုပါဘူး။ သူ့ရဲ့လုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အားလုံးက လေးစားပါတယ်။ ကျွန်တော့်အမြင် ပြောရမယ်ဆိုရင်တော့ သူဟာကစားကွက်ကို ပြောင်းလဲမှုတွေလုပ်ခဲ့ပါတယ်။ အဲဒါကြောင့်လည်း အသင်းဟာ တိုးတက်မှုတွေရှိခဲ့တယ်လို့လည်း ထင်ပါတယ်။ အခုအင်္ဂလန်အသင်းရဲ့ ရလဒ်ဟာ စိတ်ပျက်စရာကောင်းနေတယ်ဆိုတာကိုတော့ ကျွန်တော်တို့ သိပါတယ်။ ဒါပေမယ့် အသင်းအနေနဲ့ကတော့ ပိုမိုကောင်းမွန်မှုရှိလာတယ်လို့လည်းထင်မိပါတယ်။ သူဟာ အသင်းကို လူငယ်ကစားသမားတွေကို အစားထိုးပြီး အားသစ်လောင်းမှုတွေကို ပြုလုပ်ခဲ့တဲ့ နည်းပြတစ်ဦးလည်း ဖြစ်ပါတယ်။ အဲဒီလူငယ်ကစားသမားတွေဟာ လာမယ့်ပြိုင်ပွဲတွေမှာတော့ အသင်းအတွက် အကောင်းဆုံးကစားသမားတွေ ဖြစ်လာမှာသေချာပါတယ်" လို့လည်း ပြောဆိုခဲ့ပါတယ်။

အောင်က

မပြတ်သားတဲ့ရလဒ်နဲ့သာ နိုင်ပွဲကိုယ်စီရရှိမယ့် ကိုလံဘီယာ၊ အိုင်ဗရီကို့စ်

ကော်စတာရီကာ ကစားသမားများ

နောက်တစ်ဆင့်တက်ခွင့် မျှော်လင့်ချက်အတွက် ခြေကုန်ထုတ်အားပြိုင်လာမယ့် အီတလီနဲ့ ဥရုဂွေးအသင်းတို့ရဲ့ဆုံတွေ့မှုက စိတ်ဝင်စားဖို့ကောင်းနေတယ်။ အုပ်စုကထွက်ခဲ့ရပြီဖြစ်တဲ့ အင်္ဂလန်အသင်းက ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ ကော်စတာရီကာကို အသာစီးယူနိုင်ဖို့ခက်ပြီး ကိုလံဘီယာနဲ့ အိုင်ဗရီကို့စ်တို့ ဂိုးမပြတ်ဘဲ နိုင်ပွဲရသွားနိုင်တယ်။

ကော်စတာရီကာ Vs အင်္ဂလန်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၄-၆-၂၀၁၄၊ ည ၁၀း၃၀ Estadio Mineirao
နောက်ဆုံးဆုံတွေ့မှုရလဒ်	မရှိ

ကော်စတာရီကာဟာ အသင်းလိုက်စုစည်းမှု အနည်းငယ် အားနည်းတယ်ဆိုပေမယ့် ဥရုဂွေး၊ အီတလီတို့လို အသင်းကြီးတွေကို အနိုင်ရထားတာမို့ စိတ်ဓာတ်ပိုင်းတက်ကြွနေမှာဖြစ်ပြီး အင်္ဂလန်ကိုလည်း အကောင်းဆုံးရင်ဆိုင်နိုင်ဖို့ အားထည့်လာမှာပါ။ ကော်စတာရီကာရဲ့ ခံစစ်ပိုင်းတောင့်တင်းပြီး တိုက်စစ်ကလည်း ရရှိလာတဲ့အခွင့်အရေးကို အပိုင်အသုံးချနိုင်စွမ်းရှိတာမို့ အင်္ဂလန်ခံစစ် အခက်တွေ့နိုင်တယ်။ အင်္ဂလန်အသင်းအနေနဲ့ အုပ်စုအဆင့်ကတင်ထွက်ရဖို့ သေချာနေပြီဖြစ်ပေမယ့် အုပ်စုပွဲအားလုံး ရှုံးပွဲကြုံရတဲ့မှတ်တမ်းဆိုးကို ရှောင်လွှဲနိုင်ဖို့ အားထည့်ကစားလာမှာပါ။ အင်္ဂလန်ရဲ့ အသင်းလိုက်ခြေစွမ်းက မဆိုးဘူး။ ဒါပေမယ့် ဝိန်းရွန်နေး-စတာရစ် တိုက်စစ်အတွဲဟာ ထင်သလောက် အလုပ်မဖြစ်ခဲ့တာမို့ ပေးဂိုးတစ်ဂိုးသာရှိသေးတဲ့ ကော်စတာရီကာခံစစ်ကို ဖိအားပေးနိုင်ဖို့ခက်တယ်။ ကော်စတာရီကာရဲ့ ရှန်းအားကြောင့် သရေကျမှာပါ။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁

အီတလီ Vs ဥရုဂွေး	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၄-၆-၂၀၁၄၊ ည ၁၀း၃၀ Arena das Dunas
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဥရုဂွေး ၂-၂ အီတလီ (၃၀-၆-၂၀၁၃)

အီတလီဟာ သရေရရုံနဲ့ နောက်တစ်ဆင့်တက်ခွင့်ရရှိမှာမို့ ပွဲကိုထိန်းချုပ်ကစားဖို့ ပိုမိုအားစိုက်လာနိုင်တယ်။ ပီယာလို၊ ကန်ဒရီဗာ၊ ဒီရော့ဆီတို့ရဲ့ ကွင်းလယ်ဟာ တောင့်တင်းမှုရှိတယ်။ ဒါပေမယ့် ဘာလော့တယ်လီ တစ်ဦးတည်းကိုသာ အဓိကအားပြုနေရတဲ့ အီတလီ တိုက်စစ်ဟာ ဥရုဂွေးခံစစ်ကို ဖိအားပေးနိုင်ဖို့ခက်တယ်။ အခုပွဲမှာ ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရတဲ့ ဥရုဂွေး ညာတောင်ပံခံစစ်မှူး ပီရီယာ၊ ကော်စတာရီကာနဲ့ပွဲမှာ ပါဝင်ခြင်းမရှိခဲ့တဲ့ လူဂါနိုတို့လို အဓိက တိုက်စစ်ကစားသမားတွေ ပြန်လည်ပါဝင်လာနိုင်တာကြောင့် ဥရုဂွေး တိုက်စစ်ပိုင်း ပိုမိုမာကျောမှုရှိလာနိုင်တယ်။ ဥရုဂွေးအနေနဲ့ ဒီပွဲမှာအနိုင်ရမှသာ နောက်တစ်ဆင့် တက်ရောက်နိုင်မှာမို့ ခြေကုန်ထုတ်လာမှာပါ။ ဆွာရက်ဇ် ပြန်လည်ပါဝင်လာတဲ့ ဥရုဂွေးတိုက်စစ်ဟာ ထိုးဖောက်မှုအားကောင်းနေပြီး ဆွာရက်ဇ်-ကာဗာနီ တိုက်စစ်အတွဲက အချိတ်အဆက်မိနေလို့ ကော်စတာရီကာရဲ့ ဂိုးသွင်းယူမှုကိုတောင်ခံခဲ့ရတဲ့ အီတလီခံစစ်ကို ဖိအားပေးနိုင်စွမ်းရှိတယ်။ ဒါ့အပြင် ဥရုဂွေးဟာ အီတလီနဲ့ နောက်ပိုင်းဆုံတွေ့မှုတွေမှာ ရှန်းအားကောင်းနေတယ်။ ဥရုဂွေးအသင်းကသာ ဂိုးနည်းနည်းနဲ့ကပ်နိုင်နိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၂

ဂျပန် Vs ကိုလံဘီယာ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၅-၆-၂၀၁၄၊ နံနက် ၂း၃၀ Arena Pantanal
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဂျပန် ၀-၀ ကိုလံဘီယာ (၅-၆-၂၀၀၇)

ဂျပန်အသင်းအနေနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်ရေး မျှော်လင့်ချက်အတွက် ခြေကုန်ထုတ်ကစားလာမှာပါ။ ဂျပန်အသင်းက စုစည်းမှုမဆိုးသလို လျင်မြန်မှုနဲ့ ကစားနိုင်တဲ့အသင်းဖြစ်တယ်။ ဒါပေမယ့် ဂျပန်အသင်း တိုက်စစ်ပိုင်း အနည်းငယ်အားနည်းနေမှုကြောင့် မာကျောမှုရှိတဲ့ ကိုလံဘီယာအသင်းကို ဖိအားပေးနိုင်ဖို့ ခက်တယ်။ ဂျပန်အသင်းအနေနဲ့ ကိုလံဘီယာနဲ့ ဆုံတွေ့မှုတွေမှာလည်း ရှန်းကန်ရလေ့ရှိတာကို သတိပြုရမယ်။ ကိုလံဘီယာအသင်းက အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်တာမှန်တယ်။ ဒါပေမယ့် ၁၆ သင်းရှုံးထွက်အဆင့်မှာ အီတလီ ဒါမှမဟုတ် ဥရုဂွေးအသင်းနဲ့ ရင်ဆိုင်ရဖို့ အလားအလာများနေတာကြောင့် ကိုလံဘီယာအနေနဲ့ အခုပွဲမှာ အဓိက ကစားသမားအများစုကို ပွဲထွက်စာရင်းမှာ ထည့်သွင်းလာဖို့ မသေချာဘူး။ ဒါပေမယ့် ကိုလံဘီယာရဲ့ခံစစ်ဟာ မာကျောမှုရှိတာကြောင့် အချိတ်အဆက်ပိုင်း အားနည်းနေတဲ့ ဂျပန်ခံစစ်ကို အကောင်းဆုံး ဟန့်တားနိုင်စွမ်းရှိတယ်။ ပွဲကိုထိန်းချုပ်ကစားဖို့ အားစိုက်လာမယ့် ကိုလံဘီယာ ဂိုးနည်းနည်းနဲ့ကပ်နိုင်မှာပါ။

ဖြစ်နိုင်ဖွယ်ရလဒ် ၀-၁

ဂရိ Vs အိုင်ဗရီကို့စ်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၅-၆-၂၀၁၄၊ နံနက် ၂း၃၀ Estadio Castelao
နောက်ဆုံးဆုံတွေ့မှုရလဒ်	မရှိ

ဂရိဟာ နိုင်ပွဲရရင် နောက်တစ်ဆင့်တက်ရောက်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတာမို့ အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းနေလို့ အိုင်ဗရီကို့စ်ကို ခြေရည်တူယှဉ်နိုင်ဖို့ခက်တယ်။ အဓိက ကွင်းလယ်ကစားသမား ကက်ဆိုရာနစ် ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်သလို ဆာမာရက်စ်၊ မီထရိုဂလူး၊ ဂီဂက်စ်တို့ တိုက်စစ်ကလည်း ဂိုးသွင်းခြေပျောက်နေတာမို့ အိုင်ဗရီကို့စ် ခံစစ်ကို ဖိအားပေးနိုင်ဖို့ ရှန်းကန်ရမှာပါ။ အိုင်ဗရီကို့စ်ရဲ့ အသင်းလိုက်ခြေစွမ်းက မဆိုးဘူး။ ဒါပေမယ့် တိုက်စစ်မှူး ဒရော့ဘာကို ပွဲချိန်ဒုတိယပိုင်းမှသာ လူစားလဲအသုံးပြုနေတဲ့ နည်းပြ လူမူချီရဲ့ နည်းဗျူဟာကြောင့် အိုင်ဗရီကို့စ် တိုက်စစ်ပိုင်း အနည်းငယ်အားနည်းနေတာကို သတိပြုရမယ်။ အိုင်ဗရီကို့စ်ဗဟိုခံစစ်မှူး ဇိုကိုရာက ပွဲပယ်ပြစ်ဒဏ်ကြောင့် အခုပွဲမှာ ပါဝင်နိုင်မှာမဟုတ်လို့ ခံစစ်ပိုင်း အနည်းငယ် အားနည်းသွားနိုင်တာကို သတိပြုရမယ်။ ရှန်းအားပိုကောင်းတဲ့ အိုင်ဗရီကို့စ် ဂိုးမပြတ်ဘဲနိုင်ပွဲရမှာပါ။

ဖြစ်နိုင်ဖွယ်ရလဒ် ၀-၁

ထက်အောင်